www.burmeseclassic.com



www.burmeseclassic.com

# မြဘုန်းလှလှ (ဆေးတက္ကသိုလ်)

အရှယ်ရိုင်း


စာမူခွင့်ပြုချက်အမှတ်
၅၀၀၄၅၈၀၅၁၄

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၄၀၇၀၆၀၄

၂၀၀၈ ခုနှစ်၊ မတ်လ၊
ပထမအကြိမ်

တန်ဖိုး
၈၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။


ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်


စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# မြဘုန်းလှလှ

(ဆေးတက္ကသိုလ်)

အရှယ်ရိုင်း



www.burmeseclassic.com

www.burmeseclassic.com


### တို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

### ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။






"ဒေါက် … ဒေါက် … ဒေါက်"

တံခါးခေါက်သံက ဆက်တိုက်ပေါ်ထွက်လာပါသည်။ ထင်သားပဲ … မမကြည်ပြာတစ်ယောက် သူတို့နှစ်ယောက်ကိုလာနှောင့်ယှက်လိမ့်မယ်ဆိုတာကို ကြည်ထံတျာ သိနေသည်လေ …။

မနက်ကတည်းက မုန့်မျိုးစုံကို ခြတွေ၊ ပုရွက်ဆိတ်တွေ အစာစုသလို တကုတ်ကုတ်နဲ့စုနေတဲ့ ကြည်ထံတျာ နဲ့ သိရှိချစ်ကို အစ်မဖြစ်သူ ကြည်ပြာပြာက တိတ်တစိုး အကဲခတ် ကြည့်နေတာဖြစ်မှာပေါ့။ ကြည့်လိုက်ရင် စာအုပ်ကိုင်ဖတ်နေသလိုလိုနဲ့ သူမ၏မျက်လုံးတွေက ကြည်ထံတျာတို့ဆီကိုပဲ ရောက်နေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မမကြည်ပြာပြာရယ် တစ်သက်လုံး အတူနေလာတဲ့ ညီအစ်မတွေပဲဟာ ကျာလေး ဒီလောက်တော့အကဲခတ်တတ်ပါတယ်လေ။

"ဒေါက် … ဒေါက် … ဒေါက် …"

"ဟဲ့ … အထဲက ကျာလေးတို့ သီရိတို့ တံခါးဖွင့်ကြဦးလေ"

ကြည်ထံကျာကော သီရိချစ်ပါ အသံလုံးဝမထွက်ကြပါ။ ကြည်ထံကျာက တားမြစ်သည့်အနေနှင့် သီရိချစ်၏ပါးစပ်ကို သူမ၏လက်ကလေးဖြင့် ပိတ်ထားလိုက်ပါသည်။

အသံလုံးဝမထွက်ဘဲ ဖွင့်ထားရသည့် တီဗွီကိုလည်း ကြောက်ကြောက်လန့်လန့်ဖြင့် ပိတ်လိုက်ပါသည်။

ပြီးတော့မှ နှစ်ယောက်သား ကိုယ့်ခုတင်ပေါ် ကိုယ်လှဲအိပ်လိုက်ကာ စောင်ကြီးကိုခေါင်းမြီးခြုံချလိုက်ပါသည်။

အပြင်က တံခါးခေါက်သံက ငြိမ်သွားသည်။ ကြည်ပြာပြာ၏အကြောင်းကို မသိရှာသော သီရိချစ်က စောင်ကိုအနည်းငယ်ရှပ်ကြည့်လိုက်ပါသည်။

ကြည်ထံကျာကလည်း ထို့နည်းတူပြန်ကြည့်လိုက်ပါသည်။

စေတနာစာပေ



ထိုစဉ်မှာပင် အပြင်မှ တံခါးကိုသော့ဖြင့် လှည့်ဖွင့်နေမှန်းသိရပါသည်။

နှစ်ယောက်သား ပြိုင်တူစောင်ဖြင့် မျက်နှာကိုအုပ်ပြီးသားဖြစ်သွားကြပါသည်။

"ဟဲ့ … ကျာလေး …"

"ဟင် …"

"ကျာလေး မမကြည်ပြာပြာခေါ်နေတယ်လေ …"

ကြည်ထံကျာတစ်ယောက် အစ်မဖြစ်သူ ကြည်ပြာပြာကလှုပ်နှိုးနေသည်ကိုပင် လုံးဝမသိနိုင်၊ မကြားနိုင်လောက်အောင် အိပ်မောကျနေသည့်ပုံစံမျိုးဖြင့် တလူးလူးတလိမ့်လိမ့်လုပ်နေလိုက်ပါသည်။

"သီရိ … သီရိ ထကြပါဦးဟာ … ဒီမှာ မမကြည်ပြာလည်း မောလှပါပြီ … နင်တို့နှစ်ယောက်စလုံး မအိပ်ဘူးဆိုတာ မမကြည်ပြာ သိတယ်နော် …

"မမကြည်ပြာ တစ်နှစ်သုံးအော်လို့မှ မထရင် အရမ်းစိတ်ဆိုးသွားမယ်နော် …

"ကဲ … အော်ပြီ … တစ် … နှစ် … သုံး …"

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကြည်ထံတျာရော သီရိချစ်ပါလုံးဝမလှုပ်လာပါ။

တကယ်တော့ ကြည်ထံတျာထလာရင် သီရိချစ်လည်းလိုက်ထဖို့အဆင်သင့်ပါ။ ခုတော့ ကြည်ထံတျာဘက်က လုံးဝမလှုပ်ရှားလာတာမို့ သီရိချစ်ပါငြိမ်၍အိပ်ချင်ဟန်ဆောင်နေခြင်းဖြစ်ပါသည်။

"မထကြဘူးနော် ... ရတယ် ... တီဗွီကလည်း ပူနေတာပဲ ... အဲဒီဘောလုံးပွဲတွေကို စာမေးပွဲဖြေတုန်းက မကြည့်ပါနဲ့လို့ အတန်တန်တားနေတဲ့ကြားက ခိုးကြည့်ချင်တဲ့ဟာတွေ ... ဟင်း ... သွားချင်လိုက်ကြတဲ့ဆေးကျောင်း ... ရပါလိမ့်မယ် အားကြီးကြီး ..."

ကြည်ပြာပြာတစ်ယောက် စိတ်ဆိုးမာန်ဆိုးဖြင့်အခန်းထဲမှ ထွက်သွားပါတော့သည်။

တစ်ချိန်တည်းမှာပင် ခြုံထားသော စောင်လေးကိုကိုယ်စီလှပ်ကာ ခုတင်ပေါ်တွင် ငုတ်တုတ်လေးတွေထိုင်ပြီးသားဖြစ်နေကြပါသည်။ ကြည်ထံတျာနှင့်သီရိချစ်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရယ်ချင်စိတ်ကို မနည်းချုပ်ထိန်း၍ နေရပါသည်။





"တီဗွီဖွင့်လိုက်တော့ သီရိရာ တကတည်းမှဘဲ ဒီပွဲကိုကြည့်ချင်လို့ စောင့်နေတာ လူကိုဖြင့်သေတော့မယ် ... အမြဲတမ်းဝင်ဝင်ရှုပ်တဲ့ မမကြည်ပြာကြီးကို အရမ်းမုန်းတာပဲ"

"မမကြည်ပြာပြန်ရောက်လာရင် ဘယ်လိုလုပ်မလဲ ထံတျာ"

"မလာတော့ပါဘူး ... လာရင်ငါတာဝန်ထား ဖက်ပြီးတော့ ကိုနပန်းလုံးပစ်မယ် ... လူကိုဘာမှတ်နေလဲ အငယ်ဆိုပြီးနိုင်မယ်လို့တော့ စိတ်မကူးနဲ့ ဆရာရေ့ ... ခြေထောက်နှစ်ချောင်းကို ကိုင်ပေါက်ထည့်လိုက်မှာ ..."

"ဟဲ့ ... တျာလေး ကိုယ့်အစ်မကို ဒီလိုမပြောနဲ့လေ ...'

"ပြောမှာဘဲ သူကရောဘာဖြစ်လို့ ငါတို့ကိစ္စကို ဝင်ရှုပ်တာလဲလို့ ဘောလုံးပွဲကြည့်တာပဲဟာ သူများလိုဆိုးတေနေတာလည်းမဟုတ်ဘူး ... လူတိုင်းကြိုက်တဲ့ဘောလုံးပွဲကို သူမကြိုက်တာ ရူးနေလို့ဖြစ်မှာပေါ့ ..."

ဒီနေ့က ရီးယားမက်ဒရစ်ဘောလုံးပွဲအသင်းကန်မှာလေ ဒီအသင်းကိုကြည့်ထံတျာနှင့်သီရိချစ်တို့ အရမ်းကြိုက်တာ။

ဒီနေ့ကိုတွေးပြီး ပျော်ခဲ့ရတာမို့ နေ့ခင်းတည်းကဘောလုံးပွဲကြည့်ရင်းစားဖို့ သောက်ဖို့မုန့်ပဲသရေစာတွေကို စုဆောင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရတာလေ။ ခုတော့မှ အကုသိုလ်ငြိုလ်မင်းက ဘယ်ကနေ ဘယ်လို ရောက်လာလဲတော့ မသိပါ။ ပျော်ချင်စိတ်တွေတောင် ကြက်ပျောက် ငှက်ပျောက်ခဲ့ရပါတော့သည်။

"သီရိဘာမှစိတ်ညစ်မနေနဲ့ … စိတ်အေးချမ်းသာစွာနဲ့ ကြည့်သာကြည့် … ဘယ်နှယ်တော် လူတစ်ယောက်မှာဒီလောက်တော့ လွတ်လပ်ပိုင်ခွင့်ရှိရမှာပေါ့နော် … ငါပြောတာ မဟုတ်ဘူးလား သီရိ … "

"ဟုတ်တော့ဟုတ်ပါတယ်ဟာ … ဒါပေမဲ့ မမကြည်ပြာစိတ်ဆိုးသွားမှာကိုတော့ ငါကြောက်တယ် … "

"မကြောက်နဲ့ သီရိ … သူစိတ်ဆိုးလည်း ခဏပါ … ငါက မမကြည်ပြာအကြောင်းဆို အူမကနေ ခြေခါးအထိ အကုန်သိတယ် ဟင်း … ဟင်း … "

"မနက်ကျရင် အဆောကြီးမထနဲ့သိလား သီရိ … "

"ဘာဖြစ်လို့လဲ … "

"ငါပြောတာနားထောင်ပါဟာ … ငါလည်းအစောကြီး မထဘူး … ဒီအတိုင်းကိုလိမ်ပိန်ပြီး အိပ်ရာထဲမှာကိုနေဦးမှာ"





"ငါ မမကြည်ပြာဆူမှာစိုးတယ် … "

"မစိုးရိမ်နဲ့ ငါရှိတယ် … သူနဲ့ပြဿနာဖြစ်လာရင် ငါ့တာဝန်ထားလိုက် … "

"နင်ကတော့ ပြောမှာပေါ့ဟယ် … ငါကတော့ မမကြည်ပြာကိုကြောက်တယ် တျာလေးရယ် … "

"လာပြန်ပြီလား ဒီကြောက်တယ်ဆိုတဲ့စကားကြီး … မမကြည်ပြာပါဟယ် … အလကားနေရင်း ကိုယ်ကကြောက်နေရင် … သူကဖြခြောက်တာဟဲ့ … ခပ်တည်တည်သာနေလိုက် … သူကကိုယ့်ကို အလိုလိုပြန်ချော့လာလိမ့်မယ် တစ်ခုတော့ရှိတယ် … သူကမချော့ခင်မှာတော့ ကိုယ်ဘက်က သူ့ကိုအရမ်းခေါ်ချင်နေတယ်ဆိုတဲ့ ပုံမျိုးတော့ လုံးဝ မပေါက်စေနဲ့ သိလား … "

"အေးပါဟယ် နင်ပြောသလို အတတ်နိုင်ဆုံးကြိုးစားပြီး တော့နေပါ့မယ် … အမှားလုပ်မိရင်တော့ ခွင့်လွှတ်ပါဟယ် … "

"ငါ့မှာက မမကြည်ပြာမျက်နှာကိုလည်း ကြည့်ရသေးတယ် … တော်ကြာ … မမကြည်ပြာစိတ်ဆိုးသွားလို့ ငါလေး



www.burmeseclassic.com

www.burmeseclassic.com



မှာ ပညာတစ်ပိုင်းတစ်စနဲ့ ပြန်သွားရမယ်ဆိုရင် သနားစရာလေးပါနော် ... ”

“မသနားပေါင် ... ဒီလောက်သေသေချာချာဆုံးမရက်နဲ့ ငါ့စကားကိုနားမထောင်လို့ ဖြစ်ရတာကိုတော့ ... လုံးဝ မသနားဘူး ဆရာရေ့ ... သီရိပစ္စည်းတွေကိုပါ မြန်မြန်လေး သိမ်းပေးပြီး ... တောင်ငူကို ငါကိုယ်တိုင် လိုက်ပို့လိုက်မယ် ... ”

“တော်ပါတော့ ဟျာလေးရယ် ... စိတ်ညစ်ရတဲ့အထဲ နှင့်မို့ နောက်နိုင်ပြောင်နိုင်သေးတယ် ... ”

ဘောလုံးပွဲကြီးကလည်း ဘာမှန်းညာမှန်းမသိလိုက်ပါပဲပြီးဆုံးသွားပါပြီ ... ။

သူတို့အားပေးသည့် ရီးယားမက်ဒရစ်အသင်းကြီးကလည်း ရှုံးဖြစ်အောင် ရှုံးသွားလိုက်ပါသေးသည်။

“ဒီလောက် လူကောင်းသူကောင်းတွေရှိနေလျက်နဲ့ ဘာလို့ ရှုံးသွားရတာလဲမသိဘူးနော် သီရိ ... ”

“ငါတို့အားပေးလို့ဖြစ်မှာပေ့ါ ... ဒီကြားထဲ ငါ့အချစ်ကလေး ‘အိုဝင်’က လစ်ဘာပူး(လ်)ကနေ ဘာလို့များ ဒီရီးယား





မက်ဒရစ်ကိုပြောင်းသွားရတာလဲ မသိဘူးနော် ... သူ့အသင်းမှာပဲ သူ့သိက္ခာရှိရှိလေးနဲ့နေလိုက်ရင် ပြီးရော ... ”

“အကုသိုလ်ဝင်ချင်လို့ဖြစ်မှာပေ့ါ ... သူပြောင်းလာတဲ့အချိန်မှာမှ ဒီအသင်းကလည်း ကျရှုံးဖြစ်နေရတယ်လေ ... အဲဒါ သူပုပ်လို့များလားမှ မသိတာ သီရိရဲ့နော် ... ”

“မပြောပါနဲ့ဟာ ဒီလောက်ချောချောလှလှ ‘အိုဝင်’ ကလေးကိုနင်မို့ မှိုချိုးမျှစ်ချိုး ပြောရက်တယ် ... ”

“ငါမှမကြိုက်တာဟဲ့ ... ငါကြိုက်တဲ့ဒေးဗစ်ဘက်ခမ်းကိုလည်း နင်မကြိုက်ဘူးမို့လား ... တကယ်တော့ ငါက အစတုန်းက ဘယ်ခမ်းရှိတဲ့ မန်ယူအသင်းကိုအားပေးတာ ... ခုတော့ ဘက်ခမ်းလည်း ရီယားမက်ဒရစ်ကိုပြောင်းသွားရော ... ငါလည်း ... အဲဒီအသင်းကိုလိုက်ပြီး ... အားပေးရပြန်ရော ပေ့ါ ... ”

“တကယ်တော့ နင်ဘက်ခမ်းကမှ ‘အပုပ်’ အစစ်သီလား ... သူရောက်ကတည်းက ဒီအသင်းနလံမထူ ဖြစ်နေတာ ... ငါ့‘အိုဝင်’လေးက ခုမှဒီအသင်းကိုရောက်ခါစ ... မလိမ်မိုး မလိမ္မာလေး ရှိပါသေးတယ်ဟာ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ငါတို့အသင်းလည်းရှုံးသွားပြီ ... သူတို့အတွက်စိတ်ဓာတ်လည်းကျပါတယ် ... အိပ်ကြပါစို့နော် ... မနက်ဖန်အစောကြီး မထနဲ့နော် သီရိ အဲဒါပဲနော် စောစောစီးစီးထပြီး ငါကိုနှောင့်ယှက်မယ်တော့ မကြံနဲ့ ငါ့အကြောင်း သိသွားမယ် ဒါပဲ ... "

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ကြည်ထံတျာက အိပ်ရာမှ နိုးလာသည်နှင့် စားပွဲပေါ်က နာရီကိုလှမ်းကြည့်လိုက်ပါသည်။

"ဟာ ... (၁၀) နာရီတောင်ထိုးပြီ ... "

သီရိချစ်ကို လှမ်းကြည့်တော့ တုတ်တုတ်တောင်မလှုပ်တော့ပါ ... ။ သူ့ကိုကြောက်ကြောက်နှင့် အိပ်နေပုံလေးက ဘာကယ့်သနားစရာ ကလေးလေးအတိုင်းပါပဲလား။

ကြည်ထံတျာနှင့်သီရိချစ်က ညီအစ်မနှစ်ဝမ်းကွဲတော်ကြသည်။ ကြည်ထံတျာ၏မိခင်နှင့်သီရိချစ်၏မိခင်က ဝမ်းကွဲညီအစ်မများ ဖြစ်ကြပါသည်။ ကျောင်းစာတော်သော သမီးဖြစ်သူ သီရိချစ်အား ဆယ်တန်းတွင် အမှတ်ကောင်းကောင်းရစေရန် အစ်မဖြစ်သူထံစေလွှတ်၍ စာသင်ကြားစေခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ထံတျာနှင့်သီရိချစ်က အသက်ကလည်းရွယ်တူ အတန်းကလည်းတူ စိတ်နေသဘောထားခြင်းကလည်း တူကြသည်မို့ ပေါင်း၍သင်း၍ အရမ်းကောင်းနေပါသည်။

သူတို့နှစ်ယောက်အတွက် အရမ်းအဆင်ပြေနေသည်က ကြည်ပြာပြာကြောင့်ပင် ဖြစ်ပါသည်။

ကြည်ပြာပြာက ကြည်ထံတျာထက် ၅ နှစ်ကြီးပါသည်။ ပြီးခဲ့သည့်နှစ်က ရူပဗေဒဘာသာတွဲဖြင့် ဘွဲ့ရထားပြီးသားမို့ သူတို့နှစ်ဦးကို စာသင်ပြပေးနိုင်ခြင်းပင် ဖြစ်ပါသည်။

ကြည်ပြာပြာနှင့်ကြည်ထံတျာတို့၏ မိဘနှစ်ပါးက ပြီးခဲ့သည့်နှစ်က အလုပ်တာဝန်ဖြင့် စစ်ကိုင်းသို့ ခေတ္တပြောင်းရွှေ့သွားခဲ့ရသည်မို့ အိမ်တွင် အဖော်ခေါ်ထားသော မဆွေနည်းနှင့် စုစုပေါင်းမှ သုံးယောက်သာရှိနေသည်လေ။ ဒါကြောင့် သီရိချစ်ရောက်လာတော့ အားလုံးအတွက် အဖော်ရသွားသလို အိမ်သားလေးယောက်ဖြစ်သွားတော့ ပိုပြီးအင်အားတောင့်လာခဲ့ရပါသည်။

"ဟွဲ ... ချစ် ... ချစ် ... "

"ဟင် ... "

"နင်နေမကောင်းဘူလား ... "





"ကောင်းပါတယ် ... ညကတော်တော်နဲ့ ပြန်ပြီးအိပ်မပျော်လို့ လေးနာရီလောက်မှ ဆေးထသောက်ထားလို့ပါ ... ပြီးတော့ နင်ပဲပြောထားတယ်လေ ... အစောကြီးမထနဲ့ဆို"

"အေးပါ ... နေကောင်းရင်လည်းပြီးတာပဲ ... နင်ဒီမှာခဏနေဦးနော် ... ငါအောက်ထပ်ကိုဆင်းပြီး ခဏလေ့လာလိုက်ဦးမယ် ... "

ကြည်ထံတျာ ထင်ထားသည့်အတိုင်းပါပဲ။ အိမ်ရှေ့ဧည့်ခန်းတွင် စာအုပ်ကြီးတစ်အုပ်နှင့် ခန့်ခန့်ညားညားကြီး ဖြစ်နေသည်က မမကြည်ပြာပြာရယ်ပါ ... ။

ခါတိုင်း ဒီအချိန်ဆိုသူနဲ့ မဆွေနည်းတို့နှစ်ယောက်တစ်အိမ်သားလုံးစားဖို့အတွက် ချက်လိုက်ပြုတ်လိုက်ကြတာ ဖတ်ပျော်မောနေသည့်အချိန်လေ။ ခုတော့ မမကြည်ပြာတစ်ယောက်ဘာမှ မချက်မပြုတ်ဘဲ ကြည်ထံတျာတို့ကို ဆန္ဒပြနေပြီလေ။

မကြီးမယ်နဲ့ သူကလည်း အကြီးဖြစ်သေးတယ်၊ အမြဲတမ်းကြည်ထံတျာတို့နဲ့ မကြည်မလင်ဖြစ်ပြီဆိုလျှင် ကြည်ပြာပြာတစ်ယောက်ဘာထမင်းဟင်းမှ မချက်တော့ပါ။ ဒါဟာ သူမရဲ့အကြီးပီသတဲ့ စိတ်ကောင်းနှလုံးကောင်းလေးရှိလို့ ဆိုရမှာပေါ့နော်။



www.burmeseclassic.com

www.burmeseclassic.com



ကြည်ထံတျာက အစ်မဖြစ်သူကို မသိဟန်ဆောင်ကာ မီးဖိုချောင်ထဲသို့ ဝင်သွားပါသည်။

"မမနည်း ... ဘာဖြစ်နေတာလဲ ... တစ်အိမ်လုံးလည်း တိတ်နေတာပဲ ... "

"ဘာမှ မဖြစ်ပါဘူး ... "

"ဈေးမသွားဘူးလား ... ထမင်းတွေဟင်းတွေကော မချက်တော့ဘူးလား ... "

ကြည်ထံတျာက ပါးစပ်ကလည်း ဒလစပ်မေးနေသည်နှင့်အတူ ထမင်းအိုး ဟင်းအိုးများကိုလည်း ထုံးစံအတိုင်းလျှောက်၍ ဖွင့်ကြည့်နေပါသည်။

"ဈေးတော့သွားပါတယ် 'တျာလေး'ရဲ့... ဒါပေမဲ့ မုန့်ဟင်းခါး သွားဝယ်တာ ... ဟင်းစားကတော့ ကြည်ပြာက ဘာမှ မဝယ်နိုင်းလို့ မဝယ်ခဲ့ဘူး ... "

"ဘယ်မှာလဲ မုန့်ဟင်းခါး ... "

"မုန့်ဟင်းခါးက နှစ်ပွဲတည်းဝယ်နိုင်းတာ တျာလေးရဲ့ ... ကြည်ပြာက နှစ်ပွဲပဲဝယ်ဆိုလို့ ... 'မမနည်း' ကတောင် စဉ်းစားမိသေးတယ် ... ခါတိုင်းဆို လေး ငါးပွဲလောက်ဝယ်

❧ စေတနာစာပေ ❧



တာမို့လား ... ခုတော့ နှစ်ပွဲတည်းဆိုတော့ ဘာရည်ရွယ်ချက်နဲ့ ကြည်ပြာက နှစ်ပွဲတည်း ဝယ်နိုင်း ပါလိမ့်ဆိုပြီးတော့ စဉ်းစားနေသေးတာ ... တျာလေးတို့နိုးရင် စားစရာမရှိမှာစိုးလို့ ... မမနည်းမှာရှိတဲ့ မုန့်ဖိုးထဲက စိုက်ဝယ်ဦးမလို့တောင် စိတ်ကူးလိုက်သေးတယ် ... ဒါပေမဲ့ ပြန်စဉ်းစားလိုက်တော့ ... ကြည်ပြာက ငွေသုံးရာပေးလိုက်တယ်ဆိုကတည်းက နှစ်ပွဲပဲ ဝယ်စေချင်လို့ဖြစ်မှာပဲဆိုပြီး ... နှစ်ပွဲတည်း ဝယ်လာခဲ့ရတာ ... ဒီရောက်တော့ ကြည်ပြာက သူကိုယ်တိုင် ဟင်းရည်ကိုပြန်နွေး ... ပြီးတော့ မုန့်ပွဲနှစ်ပန်းကန်မှာ ထမင်းကြမ်းလေး ထည့်ပြီးတော့ ဟင်းရည်ကို အဲဒီမုန့်နှစ်ပွဲအပေါ် အကုန်ဆမ်း ချ လိုက်ပါလေ့ရော ... ပြီးတော့ 'မမနည်း'ကိုတစ်ခါတည်း သူနဲ့ အတူစားခိုင်းလိုက်တာလေ... 'မမနည်း'ဖြင့် မျိုလို့ တောင်မှ မကျပါဘူး ... တကယ်ဆို 'မမနည်း'ကိုကျွေးမဲ့မုန့်ဟင်းခါးကို ဟင်းရည်သာ မဆမ်းရသေးဘူးဆိုရင် ... 'မမနည်း' တျားလေးတို့နှစ်ယောက်နိုးလာရင် စေစားနိုင်အောင် သိမ်းထားပေးပါတယ် တျာလေးရယ် ... "

❧ စေတနာစာပေ ❧

www.burmeseclassic.com

www.burmeseclassic.com



"တျာလေးဆာနေပြီလား ... 'မမနည်း' ဘာလုပ်ပေးရမလဲ ... "

"ရပါတယ် ... ဘာမှလုပ်ပေးစရာမလိုပါဘူး ... လူတွေရဲ့စိတ်မာတ်ကိုသိရအောင် ဆင်းပြီးလေ့လာတာပါ ... ဘာမှစိတ်မကောင်းမဖြစ်နဲ့ ... တျာလေးတို့မှာ လက်တွေခြေတွေရှိတယ် ... ပြီးတော့ ပိုက်ဆံတွေမှလည်းအများကြီး 'မမနည်း' စားချင်တာတောင် ဝယ်ကျွေးလိုက်ဦးမယ် ဘာစားမလဲပြော ... "

"မစားတော့ပါဘူး တျာလေးရယ် ... တော်ကြာ ကြည်ပြာက 'မမနည်း' ကို စိတ်ဆိုးနေဦးမယ် ... "

"အဲဒီအချက်တွေပေါ့ ... တျားလေး မမနည်းကို မုန်းတာ ... အမြဲတမ်း တျာလေးနဲ့မကြည်ပြာ ရန်ဖြစ်ရင် 'မမနည်း' တျာလေးဘက်က မပါဘူး ... အမြဲတမ်း မကြည်ပြာဘက်ကကြီးပဲ ... တကယ်ဆို မမနည်းစဉ်းစားဖို့သင့်တယ်နော် တျာလေးတို့ကနှစ်ယောက် မကြည်ပြာက တစ်ယောက်တည်း နှစ်ယောက်နဲ့တစ်ယောက်ဆိုတော့ ... အထိနာရင် မမနည်းပဲနာမှာ ... အခုပဲကြည့်လေ 'မမနည်း' ကိုမုန့်ဟင်း





ခါး တစ်ပွဲတည်းကျွေးပြီး တစ်နေ့လုံး အငတ်ခံခိုင်းတော့မှာ သူလည်း ဒီလိုပဲတစ်နေ့လုံးအိမ်တွင်းအောင်းပြီး အငတ်ခံမှာလေ ... တျားလေးတို့ကတော့ ဒီလိုအစားမျိုးမဟုတ်ပေါင် အခုအပြင်ထွက်ပြီးစားမယ် ... နေ့ခင်းစာအတွက်လည်း လုံလောက်အောင်ဝယ်လာခဲ့မယ် ... မမနည်းကြီး သွားရည်တမျှားမျှားကျလာအောင် ရှေ့မှာထိုင်ပြီး စားကိုပြဦးမှာ ... မလုပ်ပါနဲ့ တျာလေးရယ် 'မမနည်း' ကတျာလေးကို အရမ်းချစ်တာပါ ... "

"တော်ပါ ... အမြဲတမ်းသူ့အချစ်တော်ကြီးကိုပဲ ကြောက်ကြောက်နေပြီး တျာလေးကိုကျတော့ပြစ်ထားတာ မသိဘူး များမှတ်နေလား ... သွားတော့မယ်နော် ဘာမှစိတ်ပူမနေနဲ့ ခဏကြာရင် 'ချစ်' ကိုနိုးပြီး ဝမ်းမီးသွားငြိမ်းလိုက်ဦးမယ်"

"ချစ်က_ မနိုးသေးဘူးလား ... "

"ဟုတ်တယ် သူညက နေမကောင်း ဆေးသောက် အိပ်ရတယ် ... "

"ဟဲ့ ... နေမကောင်းရင် ကြည်ပြာကိုပြောလိုက်လေ ...

"ရပါတယ် ... ခုတော့ သက်သာသွားပါပြီ ... "



www.burmeseclassic.com

www.burmeseclassic.com



ကြည်ထံတျာတစ်ယောက် ကြည်ပြာပြာ၏ရှေ့က ဖြတ်လျှောက်သွားတော့ သူမ၏ပုံစံကို ရှုံ့စရာကောင်းအောင် တမင်လုပ်ထားလိုက်ပါသည်။

ခေါင်းလေးကိုမော့ ရင်လေးကိုကော့ပြီး … ခြေထောက်တွေကလည်း … မြင်းတွေပေါက်တုံ့ခွာတုံ့ လုပ်သလိုမျိုးဘောက် ဆက်ဆက်လုပ်ကာ ခြေသံခပ်ပြင်းပြင်းလေးနှင့် လျှောက်သွားပါတော့သည်။

ကြည်ပြာပြာမုန်းတာကလည်း ဒီအမူအရာတွေကိုပါ။ သူမ၏ညီမလေးကို ကြည်ပြာပြာအရမ်းချစ်ပါသည်။ အရမ်းလည်းအလိုလိုက်ပါသည်။

တစ်ခါတစ်ခါ ညီအစ်မချင်း မတည့်သည့်အခါမှာ ကြည်ထံတျာလုပ်လိုက်သော အပြုအမူတွေက ကြည်ပြာပြာ့ကို ဒေါသဖြစ်စေပါသည်။

ကြည်ပြာပြာအဲလို ဒေါသထွက်တာကိုမြင်မှ ကျေနပ်သည်ကလည်း ကြည်ထံတျာပင်။

ဒါကြောင့် ဒီလိုအမူအရာမျိုးကို စိတ်ဆိုးတိုင်း ကြည်ထံတျာလုပ်နေကျ ဖြစ်ပါသည်။





"ဟဲ့ … ချစ် … ထတော့လေဟာ … နင်ကလည်းအရေးထဲ အပျင်းကြီးနေလိုက်တာ ငါထက်တောင်သာနေပြီ … ထတော့ပြီးရင် အဝတ်အစားမြန်မြန်လဲ ငါတို့အတွက် စားစရာဘာမှမရှိဘူး … အပြင်မှာသွားဝယ်စားရမှာ … "

နှစ်ယောက်သားအဝတ်အစားလဲပြီးသည်နှင့်အောက်အိမ်သို့ ဆင်းလာခဲ့ကြပါသည်။

ကြည်ထံတျာကတော့ ကြည်ပြာပြာကိုနှုတ်မဆက်။ နှုတ်မဆက်သည်သာမက မျက်နှာကိုပါ တစ်ဘက်သို့လှည့်ထားလိုက်ပါသေးသည်။

"မမကြည်ပြာ … ချစ်တို့အပြင်ခဏသွားလိုက်ဦးမယ်နော် ဘာမှာဦးမလဲ … "

"မမှာတော့ဘူး … သိပ်လည်းမကြာစေနဲ့နော် … "

"ဟုတ် … "

နှစ်ယောက်သား ခြေဦးတည့်ရာသို့ ထွက်လာခဲ့ကြပါတော့သည်။

"ကြာတော့ကော ဘာဖြစ်လဲ သူ့အပူကျနေတာပဲ ဘာမှပြောစရာမလိုဘူး … သူခြေထောက်ကိုငှားသွားတာလဲ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး … လျှာကိုရှည်တယ် … အဲဒါတွေ မကြိုက်တာ”

“တျာလေးကလည်းဟယ် မမကြည်ပြာက စေတနာနဲ့ပြောတာပဲဟာ … ”

“ဘာစေတနာလဲ သူစိတ်ပုပ်ရှိတာကို ချစ်မသိသေးပါဘူးနော် … ပုပ်သလားမပုပ်သလားကြည့်လေ … အိမ်မှာ ဘာမှကို မချက်တာ ထမင်းအိုးဟင်းအိုးတွေ အကုန်မှောက်မှန့်ဟင်းခါးချိုင့်ကလေးတောင် ဆေးပြီးလို့ အစီအရီပြန်တတ်ပြီးသွားပြီလေ … ကဲပါ ဒါတွေထားလိုက်ပါတော့ နင်ဘာစားမလဲ … ”

“ထမင်းချိန်ဆိုတော့ ထမင်းပဲစားချင်တယ်ဟာ … ”

“တောသူမ … တစ်နေ့တလေများ ဟမ်းဘာဂါလေးဆလာမီလေးများ စားရကောင်းမလားလို့ သူ့ကိုအဖော်စပ်ကာမှပဲ … ”

“ရတယ်လေ ဒါဆိုတျာလေးကြိုက်တာပဲ ချစ်လိုက်စားပါ့မယ် … ”

“နေပါစေ … ငါလည်း ဒီမုန့်တွေစားလို့ အစာပြေမှာ မဟုတ်ပါဘူး … နင်နဲ့အတူ ထမင်းပဲလိုက်စားမယ် … ”





“ဒါဆို ဘာထမင်းစားမလဲ … တရုတ်ဟင်းတွေရတဲ့ဆိုင်ကိုသွားမလား … မြန်မာထမင်းဆိုင်ကိုသွားမလား … မေးမွဲသာမေးတာပါ နင်အဖြေကိုတော့ ငါသိပြီးသားပါ မြန်မာထမင်းဟင်းမို့လား … ”

“အင်း … ”

“ဒါကြောင့် တောသူမပါလို့ ငါပြောနေတာ … ဒါဆိုတို့လမ်းထိပ်ကထမင်းဆိုင်ကိုသွားမယ် … ဟင်းကတော့ ကောင်းတယ် … ချက်တာပြုတ်တာ အိမ်မှာအတိုင်းပဲ … ဒါပေမဲ့ ညစ်တော့ညစ်ပတ်တယ် … ကလေးတွေဘုစုခရုနဲ့ နှပ်ချေးတွဲလောင်းတွေအများကြီးပဲ … တစ်ခါတလေများဆို သူတို့က ကိုယ်စားတာကိုကြည့်နေကြသေးတယ် … ”

“ရွံစရာဟယ် တျာလေးကလည်း … ”

“တကယ်ပြောတာ မယုံရင်နင်တွေ့မှာပေါ့ … ”

“ဒါဖြင့် ဒီပြင်ဆိုင်ကော မရှိဘူးလား … ”

“ရှိတော့ရှိတာပေါ့ ဒါပေမဲ့ အဲဒီဆိုင်လောက်ဘယ်ဆိုင်မှမကောင်းဘူး … ”

“ဒါဆိုလည်း တျာလေးသဘောပဲလေ … ”



www.burmeseclassic.com

www.burmeseclassic.com



ကြည်ထံတျာတို့အိမ်က သံလွင်လမ်းတွင်ရှိသည်မို့ သံလွင်လမ်းတွင်ရှိသည့် မုန့်ဆိုင်များနှင့် ထမင်းဆိုင်များကို ကြည်ထံတျာ အကုန်လုံးစားဖူးပါသည်။

အိမ်နှင့်ဆိုင်က အတော်လေးလှမ်းသည်မို့ ဆိုင်ကိုရောက်တော့နှစ်ယောက်စလုံး မောဟိုက်လို့နေပါသည်။ တစ်ခါတလေ လွတ်လွတ်လပ်လပ် သွားချင်တာမို့ကားကို တမင်မယူဘဲလာခဲ့ခြင်း ဖြစ်ပါသည်။

"မောလိုက်တာဟယ် ..."

ဆိုင်ရောက်တော့ လေကောင်းကောင်းရမည့်နေရာမှာ နှစ်ယောက်သား ဝင်ထိုင်လိုက်ကြပါသည်။

"ဘာဟင်းနဲ့ စားမလဲအစ်မ ..."

"ခဏနေပါဦးဟယ် မောလွန်းလို့ ရေသန့်လေးတစ်ဘူးလောက်ပေးစမ်းပါ ..."

ဘာဟင်းနဲ့စားရမယ်ဆိုတာ ... မစဉ်းစားနိုင်ပါသောက်ကောင်းကောင်းနှင့် ရေကိုသာနှစ်ယောက်သား ဖိသောက်နေကြပါသည်။

မလှမ်းမကမ်းမှ သူတို့နှစ်ယောက်ကို အကဲခတ်





ကြည့်နေသော ကောင်လေးနှစ်ယောက်လည်း ရှိပါသည်။

သူတို့နှစ်ယောက်ကလည်း ကြည်ထံတျာတို့ အရွယ်လောက်ပင် ရှိပါသေးသည်။

သူတို့ကို ဝင်လာကတည်းက ကြည်ထံတျာရောသီရိချစ်ပါ မြင်ပြီးသားပါ။

သူတို့၏ စားပွဲတွင်လည်း ရေနွေးကြမ်းခရားနှင့် ချက်ကလေးနှစ်လုံးသာ ရှိပါသေးသည်။ သူတို့လည်း ကြည်ထံတျာတို့လို ခုမှရောက်တာလား ဒါမှမဟုတ် စားပြီးလို့စားပိုးနင့်နေလို့ ထနိုင်ဘဲ ထိုင်နေတာလားတော့ မပြောတတ်ပါ။

"ချစ် တွေ့လား ..."

"အေး တွေ့တယ် ... ငါတစ်ယောက်ကိုတော့ အရမ်းမြင်ဖူးနေသလိုပဲ အသိထဲကများ ဖြစ်နေမလား မသိဘူး ..."

"နင်မေးလိုက်ရင် ဒီအတိုင်းကြီးပဲ ... အားလုံးကို နင်မြင်ဖူးသလို သိဖူးသလိုကြီး လုပ်လုပ်နေတော့တာပဲ ..."

"ငါတကယ်ပြောတာတျာလေးရယ် အဲဒီနှစ်ကောင်ထဲကအနက်ရောင်တီရှပ်ကို ငါအရမ်းသိနေသလိုပဲ ခံစားရတယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"ထားပါတော့ နင့်ဒီအသုံးနှုန်းကြီးက ရှိုးနေပါပြီ ဘာစားမလဲ ပြော ... "

"နင်ကြိုက်တာမှာလိုက်ပါ ... "

"ဒါဆို ဒီလိုလုပ်မယ်ဟာ တစ်မျိုးကိုတစ်ပွဲနှုန်းစီနဲ့ ဟင်းလေးခွက်လောက်မှာလိုက်ရင် ကောင်းမယ်နော် ... "

"ဟဲ့ ငါပြောတာလည်း စိတ်ဝင်စားပါဦး ချစ်ရယ် ... နင့်ကြည့်ရတာ မြင်ဖူးသလိုဆိုတဲ့စကားကြီးကို ရှေ့ကခံပြီး တစ်ချိန်လုံး ဒီကောင့်ဆီကိုပဲ မျက်လုံးက ရောက်ရောက်နေတော့တာပဲ ... "

"ရှက်စရာကောင်းလိုက်တာဟျာလေးရယ် ... နင့်စကားကူ ငါသိက္ခာကို အရမ်းကျစေတာပဲ ... နင် မယုံရင်ကြည့် တစ်နေ့ကြုံကြိုက်လို့ သူတို့နဲ့ တစ်ခါထပ်တွေ့ခဲ့လို့ရှိရင် သူဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာကို ငါဖော်ကို ဖော်ပြနိုင်ရမယ် စိန်လိုက် ... "

"တော်စမ်းပါဟာ ... "

"ချာတိတ် ... မင်းအမေကိုမေးလိုက် ငါးသလောက်ပေါင်းရလားလို့ ... "





"မေးနေစရာမလိုဘူး 'အစ်မ' ရှိတယ် ... အေး ... ဒါဆို ငါးသလောက်ပေါင်းတစ်ပွဲ ... ကြက်သားတစ်ပွဲ၊ ဝက်သားတစ်ပွဲ ... ဆိတ်ကလီစာတစ်ပွဲ ... တို့စရာကတော့ ရှိတာအကုန်ယူခဲ့ဟာ ... "

"အောင်မာ သူကများ ကြီးကြီးကျယ်ကျယ် ... နင်က ဘယ်တုန်းကများ တို့စရာစားလို့လဲ တျာလေးရဲ့ ... "

"စေတနာကို မစော်ကားနဲ့နော် ... တောသူမ ... နင်ပဲ မြန်မာထမင်းဆိုင်က ထမင်းဟင်းစားချင်တယ်ဆို နင်စားရအောင် ငါက တို့စရာမှာပေးတာ ... ငါက ငါးပိရည်တို့စရာမှမစားတာ ... အရေးထဲဟာ မင်္ဂလာယူမနေစမ်းပါနဲ့ ကိုယ်က မြန်မာပဲ ... ငါးပိရည်စားတယ်ဆိုတာလည်း ရှက်စရာမှမဟုတ်တာ ... "

ဟင်းခွက်တွေ တစ်ခွက်ပြီးတစ်ခွက်ရောက်လာပါသည်။ သီရိချစ်က ရောက်လာသော ဟင်းခွက်တွေကို တစ်ခွက်ပြီးတစ်ခွက်လိုက်ကြည့်နေပါသည်။

"စစ်ဆေးလှချည်လား ချစ်ရဲ့ ... "

"ဒါကတော့ အကျင့်ပါပဲလေ ... မဆိုးပါဘူး ပုံစံကြည့်ရတာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အရောင်၊ အဆင်း၊ အနံ့ အကုန်ကောင်းနေတာပဲ အရသာတော့ ဘယ်လိုနေလဲမသိဘူ ... ”

“ကဲ ... စားကြတော့မယ် ... ”

“ဟေ့ ကျာလေး ... ဟိုကောင်တွေကလည်း ခုမှစစားမှာ ဟ ... ”

“ဟုတ်လား ငါထင်တာက စားပြီးလို့စားပိုနင့်ပြီး ထိုင်နေတာလို့ ... ”

“ဟင်း ... ဟင်း ... ဟင်း ... တွေ့လား ... သူတို့လည်း ငါတို့ဟင်းတွေပဲမှာတာ ... နင်က ဘယ်လိုလုပ်သိတာလဲ ကျာလေးရဲ့ ... ”

“အိုး သိပ်သိတာပေါ့ ... ငါက စားနေရင်းနဲ့ နားရွက်ကို သူတို့ဘက် လှည့်ထားလိုက်တာလေ ... ”

“လူလည်မ ... ”

“စားလေ ချစ်ရယ် ဘယ်လိုလဲ အရသာတွေ့ရဲ့လား ... ”

“ကောင်းပါတယ် ... နင်ကဘာလို့မစားနိုင်ရတာလဲ ... ”

“တော်ပြီလေဟာ ထမင်းဆိုင်က ဟင်းတွေဆို ငါဒီလောက်ပဲစားနိုင်တယ် ... ”





“ဆိတ်ကာလီစာနဲ့ ကြက်သားဟင်းက နမြောပါတယ်ဟယ် တို့နှစ်ယောက်စလုံး လက်ဖျားနဲ့တောင် မထိမိလိုက်ဘူး”

“နင်ပေါ့ စားနိုင်မစားနိုင် မကြည့်ဘဲ စွတ်မှာတာကို ငါက ငါးသလောက်ပေါင်းတစ်ခုကိုပဲ သဲကြီးမဲကြီး စားနေတာ ကျာလေးရဲ့ ... ”

“ဒါဆို ဒီဟင်းနှစ်ပွဲကို ပြန်ထုပ်ခိုင်းပြီး ယူသွားရရင်ကောင်းမယ်နော် ... ”

“ကောင်းတာပေါ့ ... ”

“ချာတိတ် ... ခဏ ... ”

“ငွေရှင်းမယ် ... ပြီးတော့ ဒီဟင်းနှစ်ခွက်ကိုပြန်ယူသွားမယ် ထုပ်ပေးလိုက်ပါ ... ”

“ဟုတ်ကဲ့ အစ်မ ... ”

ခဏအကြာမှာတော့ ကျွတ်ကျွတ်အိတ်လေးနှင့် ထည့်လာသော ဟင်းလေးနှစ်ထုပ်နှင့်အတူ ကောင်လေးက အနား သို့ရောက်လာပါသည်။

“အားလုံး သုံးထောင့်ငါးရာကျတယ် အစ်မ ... ”

ကြည်ထံကျာက ကျသင့်ငွေကိုရှင်းပေးပြီး အထုပ်



www.burmeseclassic.com

www.burmeseclassic.com



သေးသေးလေးနှစ်ထုပ်ကို လက်ကဆွဲပြီး ဆိုင်ထဲမှ ထွက်လာခဲ့ပါသည်။

"တွေ့လား သူများတွေများ နှစ်မြှောတတ်လိုက်တာ ... အရိုးတွေ အကျန်တွေကိုတောင် ပြန်ယူပြီး ထုပ်ယူသွားကြသေးတယ် ... "

"တိုတိုးပြောပါကွာ ကြားသွားပါ့မယ် ... "

"ငါလည်း တမင်ကြားအောင် ပြောတာပဲ ... "

"ကြားသလား ချစ် ငါတို့ကိုပြောနေတာလေ ... "

"ကြားသားပဲ သနလို့လှည့်တောင်မကြည့်ဘူး ... "

"ဒီလောက်ကြီးတော့ မဟုတ်ပါဘူး တျာလေးရဲ့ ... သူတို့က သားသားနားနားတွေပါ ... ချစ်နော် နင်သတိထားနေ ဘာမဆို နင့်မှာအလွန်အကျွံကြီးပဲ ငါတို့မြို့မှာက 'အထာ' ရှိတယ်ဟ ... "

"ဘာအထာလဲ ... "

"မြို့သားအချင်းချင်းဟာ ... အမြဲတမ်းတစ်ယောက်ကိုတစ်ယောက် ဂရုမစိုက် အရေးမလုပ်တဲ့ပုံမျိုးဖမ်းထားရတယ်ဟ ... "





"ဒါဆိုနင်က ဘာလို့သူတို့မှာတဲ့ ဟင်းတွေ သူတို့ပြောတဲ့ စကားတွေကို ကြားနေရတာလဲ ... "

"အဲဒါကနားထောင်နေလို့လေ ... မျက်လုံးနဲ့ ဒီကောင်တွေကို တစ်ချက်တောင် ငါမကြည့်ခဲ့ဘူး ... "

"တကယ် ... "

"တကယ်ပေါ့ ... "

"ငါကတော့ ကြည့်မိတယ် တျာလေးရယ် ငါကြည့်မိတိုင်းလည်း ဒီကောင်တွေနဲ့ အကြည့်ချင်းဆုံဆုံသွားတယ်"

"အေးကောင်းတယ် နင့်ကြောင့် ငါ့သိက္ခာရတွေ မြောင်းထဲရောက်သွားပြီ ... "

"ငါစိတ်မကောင်းပါဘူးဟာ နင်ကသိသလိုသူက နင့်ကိုပြန်မှမသိတာ နင့်ကိုသာသူသိရင် သူက ပြန်ပြီးရယ်ပြမှာပေါ့ မဟုတ်ဘူးလား ... ဒါမှမဟုတ် နင့်ကိုလာနှုတ်ဆက်မှာပေါ့လို့ ... "

"အေး ဒါလည်း ဟုတ်တာပဲနော် ... "

"တျာလေးရေ နင်ပြန်လှည့်မကြည့်နဲ့နော် ... "

"နောက်က ဟိုကောင်တွေပါလာတယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ ကြည့်ရမှာလဲ ... အဲဒါတောသားတွေမှန်း သိပ်သိတာ ... တို့မြို့မှာဆို တစ်ယောက်ကိုတစ်ယောက် ဂရုစိုက်ရာကြမှဆိုးလို့ ဘယ်တော့မှ မလိုက်ဘူး ... ယောကျ်ားလေးတွေက သူ့သိက္ခာကို သူတင်းသလို မိန်းကလေးတွေက လည်း ကိုယ့်သိက္ခာကိုယ်တင်းကြတာပဲ ... "

"တောသားတွေတော့ ... ဟုတ်မယ်မထင်ပါဘူး တျာလေး ရယ် ... လူရည်သန့်တွေပါ ... "

"ချစ် နင်ဟာလေ တရားကိုလွန်လွန်းတယ် နင့်တို့မြို့မှာ နင့်ကိုလိုက်တဲ့သူ မရှိဘူးလား ... "

"အထင်သေးလိုက်တာ တျာလေးရယ် ငါ့ကိုလိုက်တဲ့သူတွေ မှ တစ်ပုံတစ်ခေါင်း ... "

"အေး ဒါဆိုဘာဖြစ်လို့များ သူတို့လိုက်လို့ ဒီလောက်စိတ် လှုပ်ရှားနေရတာလဲ ကိုယ့်လမ်းကိုယ်သွားတဲ့ဟာပဲ ... "

"တျာလေး သူတို့က တို့နဲ့အရမ်းနီးလာပြီဟ ... "

"ကဲ ... ဒီလောက်တောင်လှုပ်လှုပ်ခတ်ခတ်ဖြစ်နေတဲ့ မိန်းမ ငါပြောတဲ့အတိုင်းလုပ် ဟုတ်လား ... "

ကြည်ထံတျာက သီရိချစ်နားသို့ မသိမသာကပ်၍





တိုးတိုးလေးပြောလိုက်ပါသည်။ ဒါကို သီရိချစ်ကိုယ်တိုင် လက်ခံ သဘောတူလိုက်ပါသည်။

ခပ်လှမ်းလှမ်းတွင်ရှိသော အုတ်ခုံလေးသို့အရောက်မှာ နှစ်ယောက်သား ပြိုင်တူထိုင်ချလိုက်ပါသည်။

သူတို့နှင့် မလှမ်းမကမ်းတွင် လျှောက်လာသော လူငယ်နှစ်ယောက် အနားသို့ရောက်လာပါသည်။

သူတို့က ကြည်ထံတျာနှင့် သီရိချစ်တို့ကိုကြည့်လိုက်သည်နှင့်တစ်ပြိုင်နက် ကြည်ထံတျာပြောထားသည့်အတိုင်း ထို ကောင်လေးနှစ်ယောက်ကို သူမတို့က ခြေဆုံးခေါင်းဆုံးစိုက်၍ ကြည့်ပေးလိုက်ရာ မသိမသာဖြင့် ဆက်၍လျှောက်သွားကြပါတော့ သည်။

"ဘာရမလဲ ... ဒီကောင်တွေ တို့နေတဲ့နေရာကိုသိချင်လို့ ဖြစ်မှာ ဒါကြောင့် တမင်သူတို့ကိုအရင်ပေးလွှတ်လိုက်ပြီး ခဏကြာမှသွားတော့ တို့ဘယ်မှာနေတယ်ဆိုတာကို သူတို့ မသိတော့ဘူး ... နောက်လည်း ... သူတို့နဲ့တွေ့နိုင်စရာ အကြောင်းလည်း မရှိတော့ပါဘူး ... "

"ဒီလိုဆိုတော့လည်း စိတ်မကောင်းစရာပေါ့ တျာလေးရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နင်ဒီကောင်တွေကို ကြိတ်ခိုက်နေပြီပေါ့ ... ဟုတ်လား ..."

"အဲလိုကြီးတော့ မဟုတ်ပါဘူးဟာ ... ဒါပေမဲ့ ကြည်နူးစရာလေးတော့ ဆိတ်သုဉ်းသွားတာပေါ့ ..."

"ဩော် ... ချစ်ရယ် ငါက ငါ့ကိုယ်ငါအညာလွယ်လှပြီထင်နေတာ နင်ကမှ ပိုဆိုးနေတာကိုး ... ငါက လှလှပပလေးတွေဆို စိတ်ဝင်စားတာတော့မှန်တယ် ... ဒါပေမဲ့ ငါကမှ ဘယ်သူဘယ်ဝါရဲ့သားသမီး ပိုက်ဆံချမ်းသာတာ မချမ်းသာတာတွေကို ဦးစားပေးပြီး စဉ်းစားတတ်သေးတယ် ... နင့်မှာတော့ 'ဘလိုင်း' ကြီးကိုဖွတ်အထင်ကြီးပြီး အပြတ်ကိုကြွေနေတော့တာပါပဲဟာ ..."

"ချစ် ဒီကောင်တွေ အခုလောက်ဆို တို့နယ်မြေက ကျော်သွားလောက်ပြီ သွားစို့ ..."

နေကလည်း အတော်ပြင်းလှပြီမို့ နှစ်ယောက်သား သုတ်ခြေတင်ကာ အိမ်ကိုပြန်လာခဲ့ကြပါသည်။

ကားလမ်းဘေးတွင်ရှိသော အကြော်ဆိုင်လေးမှာ ခိုအောင်းပြီး သူတို့နှစ်ယောက်အလာကိုစောင့်ကြည့်နေသော





ကောင်လေးနှစ်ယောက်ကိုတော့ ကြည်ထံတျာကော သိရှိချစ်ပါသေိလိုက်ကြပါ။

ခုတော့ ဒီကောင်လေးနှစ်ယောက်ကသူတို့နေသောအိမ်ကိုသိသွားကြပြီ ဖြစ်ပါသည်။

သူတို့နှစ်ယောက်ကိုလည်း ဘာတတ်နိုင်သေးလဲဟူသောအပြုံးဖြင့် ငေးကြည့်ရင်းကျန်ရစ်ခဲ့ပါသည်။

"ကြာလိုက်တာ တျာလေးရယ် ကြည်ပြာတောင် စိတ်ဆိုးနေတယ် ..."

"ဒါတွေထားလိုက်စမ်းပါ ... 'မမနည်း' ဗိုက်ဆာနေပြီမို့လား ထမင်းရှိလား ..."

"ထမင်းကြမ်းတော့ရှိတယ် ... "

"ရော့ ဒါဆို ဒီမှာဟင်း ကြက်သားဟင်းကို မမနည်းစားလိုက် မကြည်ပြာဖို့ ဆိတ်ကလီစာချန်ထားလိုက် ... တကယ်လို့ မိဖုရားကြီးကဲ မစားဘူးဘာဘူးတွေလုပ်နေရင် လွှတ်သာပစ်လိုက်တော့ မမနည်းရေ ... ထမင်းလိုရင် ထပ်တည်လိုက်နော် မမနည်း ..."

"အေးပါတျာလေးရဲ့ ထမင်းတစ်အိုးတော့တည်ထားပြီးပြီ



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ကြည်ပြာကဆာလို့ဆိုပြီး ဘဲဥသုံးလုံးကို ကြက်သွန်
ခရမ်းချဉ်သီးနဲ့ ခေါက်ကြော်ခိုင်းထားတယ် ... အိမ်မှာ
ချဉ်ပေါင်ရွက်လေးရှိတော့ 'မမနည်း' ချဉ်ပေါင်ဟင်းလေး
ပါချက်ထားတယ် ... "

"စု သူဘယ်မှာလဲ ... "

"ရေချိုးနေတယ် ... "

"သူဆာနေပြီမို့လား ... "

"ဆာမှာပေါ့ မမနည်းတောင် တော်တော်ဆာနေပြီ ... "

"အဲဒါတွေပေါ့ မမနည်းတို့လှူပေါင်းမှားမယ်လို့ တျာလေး
သတိပေးပေးနေတာ ... "

"တျာလေးတို့သွားတာ တော်တော်ကြာတာပဲ ... ကြည်ပြာ
တောင် တျာလေးတို့ကို စိတ်ပူနေတာ ... "

"ကြာမှာပေါ့ ဟောဒီက 'ချစ်'ကြောင့်လေ ... ဒါတောင်
တျာလေးအပါခေါ်နိုင်လွန်းလို့ ပြန်ပါလာတာ နို့မို့ဆို အဲဒီ
ကောင်တွေနဲ့အဆင်ပြေပြီး လျှောက်တောင်လည်ချင်လည်
နေဦးမှာ ... "

"တျာလေးကလည်းဟာ ငါ့ကိုသိပ်အထင်သေးတာပဲ ... "





"နင်ကကော ငါ့အထင်ကြီးအောင်လုပ်ပြနိုင်လို့လား ...
တစ်ကတည်းမှပဲ 'မမနည်း' ရယ် ထမင်းဆိုင်မှာ တျာလေး
တို့နဲ့အတူစားနေတဲ့ကောင်လေးတစ်ယောက်ကို သူမြင်ဖူး
ပါတယ်ဆိုပြီး ကြည့်နေလိုက်တာ ပြောကို မပြောချင်ဘူး...
အဲဒါနဲ့ပဲ ဟိုကောင်တွေက တျာလေးတို့နောက်ကနေ လိုက်
လာတော့တာပေါ့ ... အိမ်ကိုမသိအောင် တစ်နေရာမှာ
ထိုင်စောင့်နေပြီး... ဒီကောင်တွေထွက်ပြီးလောက်မှ ထပြန်
လာရတာလေ ... "

"ဟယ် တကယ်လားတျာလေးရဲ့ ... "

"ဘယ်နှစ်ယောက်လဲဟင် ချောကော့ချောလား ... "

"နှစ်ယောက် မမနည်းရဲ့ အပြတ်သားနားတယ် ... "

"ဟယ်တော် မမနည်း မြင်ချင်လိုက်တာ ချစ်တို့နဲ့ 'မမနည်း'
လိုက်လာမိရင် သိပ်ကောင်းမှာနော် ကြည်ပြာစိတ်ဆိုးမှာ
စိုးလို့ မလိုက်ရတာ ... "

"တွေ့လား 'ချစ်' မမနည်းကြီးဟာလေ မကြီးမငယ်နဲ့
အရမ်းကိုပေါ်တာ ... တကယ်ဆိုသူက အကြီးပီပီတို့ကို



www.burmeseclassic.com

www.burmeseclassic.com



ဆုံးမရမှာ … ခုတော့ သူကပါဒီပွဲမှာဝင်ပြီး မဆင်နွှဲလိုက်ရလို့

ခံစားနေရတာလေ … ”

“ဒါတွေပေါ့ ‘မမနည်း’ ကိုတျာလေးပြောတာ မမနည်း

လူပေါင်းမှားမယ်ဆိုတာလေ … ခုတော့ အခွင့်အရေးတွေ

ဆုံးရှုံးသွားပြီမို့လား … ”

မမဆွေနည်း သတိပေးလိုက်သည့်အတွက် ချက်

ချင်းစကားတွေက ပြောင်းသွားပါသည်။ မမကြည်ပြာတစ်ယောက်

သူတို့နားကို ရောက်လာလို့လေ … ။

“ကြည်ပြာရေ ထမင်းစားရအောင်နော် … မမနည်း ခူးလိုက်

တော့မယ် ဒီမှာကလေးတွေက ဟင်းလည်းဝယ်လာတယ်

ကြည်ပြာကြိုက်တဲ့ ဆိတ်ကလီစာလည်းပါတယ် စားကြ

အောင်နော် … ”

ကလေးတွေက ဟင်းဝယ်လာတယ်လို့လည်းပြော

လိုက်ရော ကြည်ပြာအနည်းငယ် ငြိမ်ကြသွားပါသည်။ တကယ်

တော့ သူမကသာ မကြီးမငယ်နှင့် ကလေးများအပေါ်စိတ်ဆိုးပြီး

ညစ်ပတ်သော အတွေးဖြင့် ထမင်းဟင်းမချက်ဘဲ နေခဲ့ပါသော်





သည်း ညီမလေးနှစ်ယောက်က သူမအပေါ်မှာ စေတနာယုတ် မရှိခဲ့

တာသိရပြန်တော့ စိတ်ထဲမကောင်း ဖြစ်ရပြန်သည်လေ။

“တျာလေးနဲ့ချစ်လည်း ဝင်စားလေ … ”

ကြည်ထံတျာက ရင်ထဲမှာ ကြိတ်၍ရယ်ချင်နေပါ

သည်။ မမကြည်ပြာကြီးတစ်ယောက် စိတ်တော့နည်းနည်းကျသွား

ပြီထင်ပါရဲ့ ပြီးတော့ ဆိတ်ကလီစာဟင်းလေးရဲ့ မျက်နှာကြောင့်

သည်း ဖြစ်နိုင်ပါသည်။

ကြည်ပြာပြာ၏ မျက်နှာက ပျော့ပျောင်း၍သွား

သည်မှာ မူလအတိုင်းကို ပြန်ဖြစ်သွားပါပြီ။

“တျာလေးတို့က စားခဲ့ပြီးပြီ မမကြည်ပြာရဲ့ စားလို့ကောင်း

လိုက်တာမှ ဗိုက်ကိုတင်းကားနေတာပဲ … ချစ်တို့မှားဆို

စားပိုနင့်လို့ ပြန်တောင် အန်ထွက်တော့မဲ့အတိုင်းပဲ …

ဟင်း … ဟင်း … ”

“လာပြီ တျာလေးကတော့ အပိုတွေ သူပြောတာကိုမယုံနဲ့

မမကြည်ပြာ … ”

“စိတ်ချပါ ‘ချစ်’ ရယ် မမလည်း ချင့်ချိန်ပြီးမှ ယုံမှာပါ …



www.burmeseclassic.com

www.burmeseclassic.com



တို့စရာတွေကလည်းကောင်း ငါးသလောက်ပေါင်းကလည်းကောင်းတော့ ဆိတ်ကလီစာနဲ့ ကြက်သားဟင်းကို တို့တောင်မတို့ချင်တော့ဘူး ... "

ကြည်ထံတျာအကြောင်းကို သီရိချစ်က အရမ်းသိနေသည်လေ စကားများများပြောလျှင် အမှားတွေအမြဲပါတတ်သောကြည်ထံတျာတစ်ယောက် ခုလည်း ဆိတ်ကလီစာဟင်းနဲ့ ကြက်သားဟင်းကို ပိုလို့ထုပ်ယူလာတဲ့ သဘောကြီးဖြစ်နေပြီလေ။

ဒါကို အချိန်မီ သီရိချစ်က မျက်နှာရိပ်မျက်နှာကဲဖြင့် အမြန်ဆုံးတားဆီးနိုင်လိုက်ပါသည်။

"ဟယ် ဒါဆို အဲဒီဟင်းတွေကမှာထားပြီး မစားလိုက်ဘူးပေါ့ ဟုတ်လား တျာလေး ..."

"ဟုတ်တယ် မမနည်းရဲ့ တို့ကနန်းဆိတ်ကနန်းလောက်တော့ ... ဖတီလေးပဲစားလိုက်တယ်လေ ... အများကြီးကိုကျန်နေတာ ... "

"ဒါတောင် မညီမတျာလေးကဘယ်လောက် စိတ်ပုတ်စိတ်ယုတ်ရှိလိုက်သလဲဆိုရင် သူမစားနိုင်မဲ့တူတူ မစားရတဲ့





အမဲသဲနဲ့ပက်ဆိုသလိုပေါ့ မမကြည်ပြာရယ် ... ဆိတ်ကလီစာဟင်းကိုလည်း ... ထမင်းတွေပေပွနေတဲ့ သူ့ဇွန်းနဲ့မွှေနှောက်ခဲ့သလို ကြက်သားဟင်းမှာလည်း ထမင်းစိတွေကျလို့ ဘယ်လောက်ဆိုးလိုက်သလဲနော် ... "

"နှမြောပါတယ် တျာလေးရယ် ပြန်ထုပ်နိုင်းပြီး ယူလာရင်ပြီးရော မမနည်းစာမှာပေါ့ ... "

"ဟာ အကျန်ကြီးယူလာတော့ ဘယ်ကောင်းပါ့မလဲ ပြီးတော့ ပြန်ထုပ်နိုင်းရမှာလည်း ရှက်စရာကြီး ... "

"နည်းနည်းပါးပါး မြည်းကြည့်လိုက်တော့ အဲဒီဟင်းနှစ်မျိုးက အကောင်းဆုံးဖြစ်နေတာနဲ့ မမကြည်ပြာနဲ့ မမနည်းအတွက် ပါဆယ်ဝယ်လာခဲ့တာ ... "

"မမကြည်ပြာတို့ နှစ်ယောက်တည်းစားရမှာ ပျင်းစရာကြီးကွယ် ... တျာလေးကောချစ်ပါ နည်းနည်းဖြစ်ဖြစ် ဝင်စားပါနော် ... "

"ဗိုက်ကတော့ တော်တော်တင်းနေပြီ မမကြည်ပြာရဲ့"

"ဒါကဘာလဲ ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"ငါးပိထောင်းလေ ငါးပိထောင်းပြီးတော့ သံပုရာရည်နိုင်နိုင်လေးညှစ်ထားတာ ... "

"ဟင် အဲဒါဆို ငါးပိထောင်းလေး စားချင်တယ် ချစ် ကောနည်းနည်းဝင်စားဟယ် ... "

"စားကြနော် 'မမနည်း' ထမင်းစူးလိုက်မယ် ချဉ်ပေါင်ဟင်းလေးနဲ့ဆို ဘျာလေးနဲ့ချစ် အရမ်းစားကောင်းကြမှာ ... "

"ရပါတယ် ဘျာလေးတို့က ဝယ်လာတဲ့ဟင်း မစားတော့ပါဘူး ဟောဒီငါးပိထောင်းရယ် ချဉ်ပေါင်ဟင်းရယ်ကိုပဲစားမှာ ... "

ဆိတ်ကလီစာဟင်းကို ကြိုက်လွန်းသော အစ်မဖြစ်သူ ကြည်ပြာပြာတစ်ယောက် ဒီလောက်ဆိုရင် သူမအပေါ် စိတ်ကောက်ပြေလောက်ပြီဟု ကြည်ထံဘျာ ယုံကြည်လိုက်ပါတော့သည်။

"ညကျရင် ထမင်းစားပြီးတာနဲ့ စာသင်ရအောင် အဆင်သင့်လုပ်ထားနော် ... "

"ဟုတ်ကဲ့ မမကြည်ပြာ ... "





"မမနည်း ဘျာလေးတို့စာသင်ရင်းစားရအောင် လက်ဖက်ကို ချဉ်ချဉ်စပ်စပ်လေးသုပ်ပေးနော် ကြက်သွန်ဖြူ ငရုပ်သီးစိမ်းလေးပါ ပါးပါးလှီးထည့်ပေး ... "

"အေးပါဟယ် 'မမနည်း' သိပါတယ် ... "

ကိုယ်အခန်းထဲ ကိုယ်ပြန်ရောက်တော့မှာ ကြည်ထံဘျာတစ်ယောက် စိတ်လက်ပေါ့ပေါ့ပါးပါး ဖြစ်သွားရပါတော့သည်။

သူတို့ညီမအစ်မနှစ်ယောက်က သိပ်ချစ်ကြတာတစ်ခါတစ်ခါတော့လည်း မသင့်မတင့်ဖြစ်တာတို့ စိတ်ကောက်တာတို့တော့ ရှိတာပေါ့လေ အဲဒီအခါမျိုးမှာအငယ်ဖြစ်သူ ကြည်ထံဘျာ ကပေါ့ပေါ့တန်တန်မို့ အရမ်းမခံစားရသလိုရှိသော်လည်း အကြီးဖြစ်တဲ့ကြည်ပြာကတော့အရမ်းကို ခံစားရတတ်ပါသည်။ ဒါပေမဲ့ အငယ်ဖြစ်ပြီး ဆိုးတတ်ကြသည့်အကျင့်လေးကရှိသည်မို့ ရန်ဖြစ်တိုင်း ကြည်ပြာပြာက အရှုံးပေးခဲ့ရတာများပါသည်။

အစ်မစိတ်မကြည်မှန်းသိလျှင်တောင် ကြည်ထံဘျာ ဘယ်တော့မှ မချော့တတ်ပါ။ ဒါပေမဲ့ စိတ်ထဲက မကောင်းတာတို့လေးပင်နေတာမျိုးတော့ ရှိတာပေါ့လေ သူ့မှာဒီအစ်မတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ အားကိုးနေရတာမို့လား။

ခုတော့ မမကြည်ပြာနဲ့ပြန်တည့်သွားပြီဆိုတော့ ကြည်ထံတျာလည်း အရမ်းကို စိတ်ထဲလွတ်လပ်ပျော်ပါးသွားပါပြီ လေ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ဝါး ...

"အိပ်ချင်လိုက်တာ ချစ်ရယ်နော် ... ညကလည်း ငါ ၂ နာရီကျော်မှ အိပ်တာ ... နင်ကအရမ်းကို ကြိုးစားတာပဲနော် တျာလေး ငါဆို အဲဒီလောက်ညဥ့်နက်တဲ့အထိ ကျက်လို့မရဘူး ... မကျက်လို့မရဘူး ချစ်ရဲ့ ငါ့မှာကငါ့ရည်မှန်းချက်ရှိတယ်လေ ... ငါ့ရည်မှန်းချက်သာ ဖြစ်မလာခဲ့ရင် ငါက သတ်သေမှာ ... "

"အပြောကြီးလှချည်လား တျာလေးရဲ့ ... ဒါပေမဲ့ နင်ကတော့ ဆေးအမှတ်ကိုရမှာပါ ငါသာ ရမှရပ့ါမလားလို့ ပူရတာ မရရင်တော့ အဆူခံရမှာ သိလား ... ပြီးတော့မေမေက



www.burmeseclassic.com

www.burmeseclassic.com



လည်း ငါ့ကိုရန်ကုန်မှာ ဆက်ထားမှာမဟုတ်တော့ဘူး ...

“ဘာယ်ရမလဲ နင့်ကိုပြန်ခေါ်သွားလို့ကတော့ ငါက ‘ဝါး’ ခနဲ ငိုချလိုက်မှာပေါ့ ... ”

“ဟင်း ... ဟင်း ... ဟင်း ... ”

“ပျင်းတယ်ဟာ ... ငါဒီနေ့ကျောင်းမသွားချင်တော့ဘူး နော် ချစ် ... နင်လည်းမတက်နဲ့တော့ ... ”

“ရတယ်လေ ဒီနေ့တနင်္လာနေ့ဆိုတော့ ကျူရှင်ကလည်း အကြာကြီးတက်ရမှာ ဒီနေ့ရောက်မှာ ငါအရမ်းကြောက် တာပဲ အရမ်းလည်းပင်ပန်းတဲ့နေ့ပဲနော် တျာလေး ... ”

“ဆက်ပြောဦးလေချစ်ရဲ့ မိုးချုပ်မှ အိမ်ကိုပြန်ရောက် အိမ် ရောက်တော့ ထမင်းစားပြီးတာနဲ့ မမကြည်ပြာကြီးက ဆည် ဝကနေ ငါးကိုစောင့်နေတဲ့ ဖျိုင်းလို ငါတို့ကိုစာသင်ဖို့စောင့် နေတာကိုရော ထည့်ပြောဦးလေ ... ”

“မမကြည်ပြာက စေတနာနဲ့ သင်ပေးနေတာပဲ တျာလေး ရယ် သူမို့သာ တို့ကိုချစ်လွန်းလို့ ပင်ပန်းခံသင်နေတာပါ ငါသာသူ့နေရာမှာဆိုရင် ဘယ်လာပြီး ကိုယ့်ညီမတွေကို ပင် ပန်းခံသင်နေမှာလဲ ကိုယ့်ဟာကိုယ် အချဉ်ထုပ်ကလေးနဲ့





အေးအေးဆေးဆေး တီဗွီကြည့်ရင်း ငြိမ့်နေမှာပေါ့ ဟုတ် ဘူးလား ... ”

“ကဲပါ ဒါဆိုလည်း ဒီနေ့ ကျောင်းမတက်တော့ဘူးနော် ဒါပေမဲ့ ခဏနေရင်တော့ အပြင်ထွက်ပြီး မုန့်လေးဘာလေး ဝယ်စားရအောင်နော် ... ”

“နင့်သဘောပဲ ... ”

ကြည်ထံတျာနှင့်သီရိချစ်တို့ နှစ်ယောက်သားမုန့်စား ရန် အပြင်ထွက်လာကြပါသည်။

မဆွေနည်းက သူတို့စားဖို့ ကော်ဖီနှင့်မုန့်ကို အဆင် သင့် လုပ်ထားပေးနေကြဖြစ်သော်လည်း ဒီနေ့တော့ အပြင်က မုန့် ဘိုက်ကိုမှ စားချင်သည်ဟု ကြည်ထံတျာက စိတ်ကူးပေါက်ပြီး အပြင်ထွက်လာခြင်းဖြစ်ပါသည်။

မကြာမီ သူတို့နှင့်ရှေ့တူတူမှ စက်ဘီးလေးနှစ်စီး ရောက်လာသည်။

ကျောပိုးအိတ်လေးတိုလည်း ကိုယ်စီလွယ်ထားကြ ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အနားရောက်လာတော့ စက်ဘီးလေးကလည်း အရှိန်လျှော့သွားသလို ကြည်ထံတျာနှင့် သီရိချစ်တို့ကလည်း စက်ဘီးပေါ်မှ ကောင်လေးနှစ်ယောက်ကို ကြည့်ပြီး အံ့အားသင့်သွားကြပါသည်။

"သူတို့နှစ်ယောက်နော် ... "

"အေး ဟုတ်တယ် တျာလေး ... "

ကောင်လေးနှစ်ယောက်က သူတို့ကိုပြုံးပြသွားပါသည်။

"အလုပ်တော့ပိုပြန်ပြီချစ်ရေ ... "

"ဘာကိုပြောတာလဲ တျာလေး ... "

"နောက်ဆို ဒီကောင်တွေ အမြဲပဲ ဒီလမ်းက ကျောင်းသွားမယ်ထင်တယ်နော် ... သူတို့က ဘယ်ကျောင်းမှာ နေတယ်ဆိုတာရယ် ဘယ်အခန်းမှာတက်နေတယ်ဆိုတာရယ် ... ကုန်ကုန်ပြောမယ်ဟာ ... သူတို့နေတဲ့နေရာကိုပါ သိထားရင် ပိုကောင်းမှာပေါ့ ... နောက်ဆို ... ဒီကောင်တွေနဲ့ ပတ်သက်ပြီး လေ့လာဖို့လိုအပ်လာပြီလေ ... "





"ဘာဖြစ်လို့လဲ နင်နဲ့ဘာဆိုင်လို့လဲ ဘယ်သူကမှ တာဝန်ပေးထားတာ မဟုတ်ဘဲ နင့်ဟာနင် စပ်စပ်စုစု လုပ်ချင်လို့ပဲမို့လား ... "

"အေး ဟုတ်တယ် ... ငါသူတို့အကြောင်းကို အရမ်းကို သိချင်နေတယ် ... "

"နင်သူတို့ကို ခိုက်နေပြီလား ... "

"နည်းနည်းပါးပါးပါ ... "

"ငါ့အနက်လေးတော့ မဟုတ်ပါဘူးနော် ... "

"စိတ်ချ အဲဒီအနက်ရောင်ကောင်ကို ငါတစက်ကလေးမှ စိတ်ထဲမရှိဘူး ... ငါသိချင်တာက ဟိုတစ်ယောက်ဆံပင်ထောင်ထောင်လေးတွေနဲ့ဟာလေ ... "

"အေး ဒါဆိုပြီးတာပဲ နင်နဲ့ငါ အဝေတည့်သွားပြီပေါ့ ဟုတ်လား ... "

စကားပြောလို့မှ မဆုံးသေးပါ စက်ဘီးနှစ်စီးက သူတို့နောက်ကို ရောက်နေပါပြီ။

"ထမင်းသွားစားမလို့လား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ နင်တို့က တို့ကို အိုးမရှိအိမ်မရှိလို့များ ထင်နေလို့လား ..."

"မဟုတ်ပါဘူးဟာ ... နင်တို့အိမ်က ဟောဟိုရှေ့နားက မာဘယ်ကျောက်ပြားအဖြူရောင်တွေနဲ့ အုတ်တံတိုင်း လုပ်ထားတဲ့အိမ်မို့လား ... ခြံရှေ့မှာ သဇင်မြိုင်လို့ ဆိုင်းဘုတ်တက်ထားတယ်လေ ..."

"ဪ နင်တို့က တို့နောက်ကနောက်ယောင်ခံလိုက်ပြီးပြီဆိုတဲ့ သဘောပေါ့ ဟုတ်လား ..."

"ဟုတ်တယ် မဆိုးပါဘူး ... တို့ကိုမှတ်မိတာ အရမ်းကိုကျေးဇူးတင်ပါတယ် ... နင်တို့နှစ်ယောက်က ... အခုမှ အထက်တန်းကျောင်းသူပဲ ရှိသေးတယ်ဟုတ်လား ..."

"အေး ... တို့က ခုမှ ဆယ်တန်းဖြေမှာ ..."

"နင်တို့ကကော ..."

"တို့နှစ်ယောက်လည်း အတူတူပဲ ခုမှဆယ်တန်းပဲ ..."

ဒါနဲ့များ အတွေတူချင်းတွေပဲဟာ နင့်အပြောက နင်တို့က တက္ကသိုလ်ကျောင်းသူတွေလိုလို ဘာလိုလိုနဲ့ တို့ကိုအထက်





တန်းကျောင်းသားမို့ အံ့သြသွားသလိုပုံစံကြီးလုပ်နေတယ်"

"တကယ်ပါဟာ ငါတို့က နင်တို့ကို တက္ကသိုလ်ကျောင်းသား 'တောသား' ..."

"ဘာ ... ဘာပြောတယ် ... ငါတို့ကိုတောသားဟုတ်လား"

"ဟုတ်တယ် အစတုန်းကတော့ မြင်မြင်ချင်းမို့လားမသိဘူး နင်တို့ကို တောသားတွေလို့ထင်နေတာ ..."

"သေလိုက်ပါတော့ဟာ ... တို့ကိုတောသားတဲ့ ... ဒီရုပ်က တောသားရုပ် တကယ်ဖြစ်နေလို့လားဟင် ..."

"မသိဘူးလေ ... နင်တို့ကရှူတွေကိုကြည့်တာ အရမ်းကို အကြည့်ရိုင်းလို့ ... တောသားတွေဖြစ်မယ်လို့ ထင်မိတာပေါ့ ..."

"ကျွတ် ... ကျွတ် ... ကျွတ် ..."

"တော်တော်အဖြစ်ဆိုးတဲ့ ငါတို့ဘဝပါလား ... တောသားဆို နင်တို့အကြောင်းတွေဘယ်သိပ့်မလဲ တို့ကတော့အကုန်သိနေတယ်လေ နင်တို့ကိုစမြင်ဖူးပြီးကတည်းက ဘယ်မှာနေတယ် ဘယ်အတန်းတက်နေတယ် ... နင်တို့ ဘယ်ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



မှာတက်နေတယ်ဆိုတာကိုကော ပြောရဦးမှာလား ...”

“တော်ပါပြီ သူများအကြောင်း စပ်စပ်စုစုတွေ လုပ်နေတာကို မကြိုက်ပါဘူး ...”

“လာ ချစ် သွားကြမယ် ...”

ပြောပြောဆိုဆို စိတ်ဆိုးမာန်ဆိုးနဲ့ ကြည်ထံတျာတို့နှစ်ယောက် ထွက်သွားကြပါတော့သည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







“တျာလေးနဲ့ချစ် ညှိနှိုက်တဲ့အထိ စာမကျက်နဲ့ ... မနက်ကြရင် စောစောထပြီး ‘မမနည်း’ နဲ့ ဈေးလိုက်သွားပေးလိုက်ကြ ကြားလား ...”

“ဟုတ် ...”

ပြန်မပြောချင်တော့လို့သာ လက်ခံလိုက်ရသည်။ ကြည်ထံတျာက သိပ်တော့မကြည်ပါ။

ချစ်ကိုတော့ အားနာပါတယ်။ တကယ်ဆိုငါကိုယ်တိုင်လည်းဈေးကို လုံးဝမသွားခြင်ဘူး။ မေမေရှိတုန်းကတော့ ဒီဈေးဝယ်တဲ့ကိစ္စတွေဆို ဘာမှ မပူရဘူးလေ ... မေမေနဲ့ ‘မမနည်း’ နဲ့ပဲသွားကြတာ ခုလည်း မေမေမရှိရင်သူသွားပါလား သူ့မှာ စာ



www.burmeseclassic.com

www.burmeseclassic.com



လည်းကျက်စရာမရှိဘူး ကျောင်းလည်းသွားစရာမရှိဘူး အလကား အပျင်းကြီးပြီး ဈေးသွားရမှာ ရှဲ့သလေး ဘာလေးလုပ်ပြီး အချောင်ခိုနေတာလေ။

"ဒီည နှင်ဘာအရင်ကျက်မလဲ ချစ် ..."

"ငါဒီည သင်္ချာတွက်မယ် အမြဲတမ်း အင်္ဂါဆို သင်္ချာအရင်တွက်နေကြလေ ..."

"ဒါဆိုနေတော့ ငါသင်္ချာတွက်ချင်စိတ်မရှိဘူး အင်္ဂလိပ်စာပဲ ကျက်တော့မယ် ..."

စာကျက်နေရင်းနဲ့စိတ်တွေကအလိုလိုဟိုနှစ်ယောက်ဆီကို ရောက်ရောက်သွားသည်။

တစ်သက်လုံး တစ်ခါမှ မတွေ့ခဲ့ဘူးသေးသော သူတို့နှစ်ယောက်ကို ခုများတော့ နေ့စဉ်ဆက်တိုက်ဆိုသလို တွေ့ရတာ ဘာကြောင့်ပါလိမ့် တကယ်တော့ ထမင်းစားတဲ့နေ့တုန်းက တစ်ခါတွေ့ခဲ့တာ အပြီးပဲလို့ထင်ခဲ့တာလေ။ ကြည်ထံတျာကိုယ်တိုင် သူတို့အိမ်ကို မသိရအောင် ရှောင်တိမ်းခဲ့သည်ပဲမို့လား။

တကယ်လို့ ဒီနားပတ်ဝန်းကျင်မှာနေပြီး ဒီအိမ်ရှေ့ကနေ ဖြတ်ပြီး ကျောင်းတက်ရသည်ဆိုလျှင် ကြည်ထံတျာ သူတို့





ဆိုမြင်ဖူးတွေ့ဖူးတော့ ရှိရမည်ပေါ့။ သည်ရပ်ကွက်တွင် သူမ မွေးကတည်းက နေလာခဲ့သည်မို့ ဒီကောင်လေးတွေကို ကျောင်းသားအဝတ်အစားနဲ့ပဲဖြစ်ဖြစ် လူဝတ်လူစားနဲ့ပဲ ဖြစ်စေ တစ်ခါမဟုတ်တစ်ခါတော့ တွေ့မိရမှာပေါ့လေ တစ်ခါမှမတွေ့ဘူးခဲ့ဘဲ အခု တွေ့မှတွေ့တော့ ဆက်တိုက်ကြီး။

"ဟော့ တျာလေး နှင်ဘာတွေစဉ်းစားနေတာလဲ ..."

"ဟိုကောင်တွေ အဲလေ ဟိုစာဖတ်ရတာ စိတ်ထဲမပါတော့ တစ်မျိုးကြီးပဲ ဖြစ်နေတယ် ..."

"နှင့်ခေါင်းထဲမှာ ဟိုကောင်တွေရှိနေတယ်မို့လား ..."

"ဘယ်ကောင်တွေလဲ ..."

"မနက်ကစက်ဘီးနဲ့ အကောင်တွေလေ ..."

"အေး ဟုတ်တယ် ချစ်ရဲ့ နှင်လူကဲခတ်အရမ်းကောင်းတာ ငါသူတို့အကြောင်း ... စဉ်းစားနေမှန်း ... နှင်ဘယ်လိုသိလဲ ..."

"သိတာပေါ့ ..."

"ပြောပါဟယ် ... နှင့်ရုပ်ကဘယ်လိုပုံမှ ဖြစ်နေလို့မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟော့ ... ငါလည်း ... သူတို့အကြောင်းကိုပဲစဉ်းစားနေ
လို့ ...”

“ဟင်း ... ဟင်း ... ဟင်း ...”

“ငါတို့နှစ်ယောက်ကတကယ့်ကို ရယ်ရတယ်နော် ...”

“ချစ် ...”

“နင်က သူတို့ကို ဘာလို့ခေါင်းထဲထည့်စဉ်းစားနေတာလဲ”
ဘာမှကိုမသိဘဲ စဉ်းစားနေတာ တျာလေးရေ့ စိတ်ထဲမှာ
အဲဒီအနက်ရောင်လေးကို အရမ်းမြင်ဖူးနေတာ တစ်ခု
ရှိတယ် ... စဉ်းစားမရဖြစ်နေတာ ... နင်ကကော ဘာဖြ
လို့ သူတို့အကြောင်းစဉ်းစားနေတာလဲ ...”

“အစကတော့ ဘာမှရည်ရွယ်ချက် ဦးတည်ချက် မရှိပါဘူ
ဟယ် ... ဒီနေ့မနက်တွေ့တုန်းက ဟိုတစ်ယောက်လေ နင်
အနက်ရောင်မဟုတ်တဲ့ တစ်ယောက်က ငါ့ကို သေသေချာ
ချာကြီးကို စိုက်ကြည့်သွားတာလေ ... ဒီလောက် အရှက်
အကြောက်မရှိတဲ့ ငါလေးတောင် ဟောလိုမျက်လွှာလေး
ချပြီးသာ ဖြစ်သွားတယ်ဟယ် ...”





“ဟင်း ... ဟင်း ... ဟင်း တကယ်လောင်တဲ့ တျာလေး
ပါလား ...”

“နေဦး ‘ချစ်’ ငါနင့်ကို မေးမယ် အမှန်အတိုင်း ဖြေရမယ်
နော် အဲဒီအနက်ရောင် မဟုတ်တဲ့ ကောင်လေးက နင့်ကို
ကောကြည့်သွားသေးလား ...”

“ကြံကြီးစည်ရာဟယ် ... နင်နဲ့အဲဒီကောင်နဲ့ စကားပြော
နေတုန်း တို့နှစ်ယောက်ကတစ်ယောက်နဲ့ တစ်ယောက်
အပြုံးလေးတွေကိုယ်စီနဲ့ ရှိနေကြပုံဟာ ... တကယ့်ကိုမှ
ကြည်နူးစရာကောင်းတာ ... အဲဒါကိုပဲ ငါကပြန်တွေးနေ
တာ...”

“နင် သူ့ကို မြင်ဖူးတယ်ဆိုတာကကော ... ဖော်လို့ရပြီ
လား...”

“ဟင့်အင်း မရသေးဘူး အဲဒီအချက်တွေက ငါ့ကိုဖိစီးနေတာ
တကယ်ပဲနော် တျာလေး နင်လည်း ခံစားဖူးမှာပါ လူတစ်
ယောက်ယောက်ကိုမြင်ဖူးတွေ့ဖူးသလိုရှိလျက်နဲ့ ဖော်လို့မရ
တဲ့ ဝေဒနာဟာ အရမ်းကိုခံပျင်းတယ်ဆိုတာကိုလေ ...”



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ပါဟာ တို့လည်းအိပ်ကြပါစို့ … မနက်ကြရင် ၅ နာ် စာထကျက်မယ် ၇ နာရီကြတော့ ဦးလေးမောင်ကြီး ရောက်လာရင် ဈေးသွားရမယ် … နင်ကော မအိပ်သေးဘူ လားချစ် … လုပ်ပါဟာ အိပ်လိုက်စမ်းပါ … စိတ်မပါဘဲနဲ့ စာလုပ်နေရင် အလကားပဲ အချိန်ကုန် လူပမ်းရုံပဲရှိမှာ …"

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဝင်စားမှုများ ပေးပို့လိုပါလျှင်
အမှတ် ၉၉၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ကြည်ထံတျာနှင့် ချစ်တို့နှစ်ယောက်က မဆွေနည်းနှင့် အဖော်လိုက်ရုံသက်သက်ပါ။

အသားငါးတွေလတ်မလတ်ကိုတော့ သူတို့နှစ်ယောက်က ဘာမှမရွေးတတ်ပါ။

မဆွေနည်းက ငါးသလောက်ကို ရွေးနေသည်မို့ ဆိုင်အနားမှာ ရပ်စောင့်နေခြင်းဖြစ်ပါသည်။

သီရိချစ်က မသိမသာကြည်ထံတျာ၏ အနားသို့ ကပ်ပြီး လက်နှင့်ကုပ်လိုက်ပါသည်။

"တွေ့လား … တျာလေး … "

"အေး တွေ့တယ် … "



www.burmeseclassic.com

www.burmeseclassic.com



"သူတို့လည်း ဒီဈေးမှာပဲ ဝယ်တယ်ထင်တယ်နော် ... "

"ဟုတ်မှာပေါ့ ... "

ငါးသလောက်ဝယ်မယ်ဆိုလည်း ရွေးကြတာမဟု ဘူး။ မဆွေနည်းနောက်က ကြည်ထံတျာနှင့် သီရိချစ်တို့နှစ်ယော ငြိမ်ငြိမ်တောင့်တောင့်ကြီးတွေရပ်နေသလို သူတို့နှစ်ယောက် လည်း မတ်မတ်ကြီးနှင့်မလှုပ်မယှက် ရပ်နေကြပါသည်။

"ဘာယူမလဲ မောင်လေး ... "

ငါးရောင်းသည့်ဈေးသည်က မဆွေနည်းကိုကျေ လွန်ကာ သူတို့နှစ်ယောက်ကို လှမ်းမေးလိုက်မှ မဆွေနည်း ထိုကောင်လေးနှစ်ယောက်ကို သတိပြုမိသွားကာ လှည့်ကြည့်လို ပါသည်။

"ဩော် ... လာလာ ... "

ပြောပြောဆိုဆို မဆွေနည်းက ဘေးသို့ကပ်ပေ လိုက်ပါသည်။

"ဒီအကောင်ပဲ ယူမယ်နော် တျာလေး ... "

"မမနည်းသဘောပဲ ... "

"ဒါလေးချိန်လိုက်ပါ ... "





"ထိုအခါမှာ မရွေးတတ်ရွေးတတ်ပုံနှင့်ကောင်လေး နှစ်ယောက်က ငါးတွေရွေးနေတာမို့ မဆွေနည်းက ကောင်းတဲ့အကောင်ကို ရွေးယူပြီး ဒီအကောင်လေးယူလိုက်ပါလား မောင်လေး ... "

"ကောင်းသားပဲ အစ်မရွေးပေးတာကိုပဲ ယူမယ်လေ ... ကျွန်တော်တို့က ရွေးမှမရွေးတတ်တာ ... "

"မဝယ်တတ်ရင်လည်း ဈေးဘာလို့လာသေးလဲ ... "

"ဟဲ့ တျာလေး ကလေးတွေပဲဟာကွယ် တျာလေးတို့လိုပဲ သူတို့လည်း ဘယ်ဝယ်တတ်ပါ့မလဲ ... "

ယူလိုက်မောင်လေး ဒီအကောင်ကဗိုက်ထဲမှာ ဥကြီးလည်း ရှိတယ် ငါးသလောက်ဥက ဒီအတိုင်းသူ့ချည်းသက်သက်ဝယ်ရင် ဈေးကသေးတာ မဟုတ်ဘူး ... "

"မဒွေးရေ ဒီကလေးတွေအတွက် ဒါလေးချိန်ပေးလိုက်ပါ"

"တျာလေးတို့အတွက်ကော ... ငါးက ဥပါရဲ့လား 'မမနည်း'

"ပါပါတယ်ကွယ် ... "

"ဒါလည်း ၇ ဆယ်သားပဲ ၂၄၅၀ ကျတယ် ဟိုအစ်မလည်း ၂၄၀၀ နဲ့ပဲပေးလိုက်တော့ မောင်လေးတို့လည်း ၂၄၀၀ပဲ



www.burmeseclassic.com

www.burmeseclassic.com



ပေး ... တွေ့လား အစ်မက အရမ်းအမှန်းအဆကောင်းတာ တန်ပါတယ်ကွယ် ... မင်းတို့အိမ်မှာ အိမ်သား ဘယ်နှစ်ယောက်ရှိလဲ ... ”

“လေးယောက်ပါ အစ်မ ... ”

“အောင်မလေး တူလိုက်တာကွယ် အစ်မတို့အိမ်မှာလည်း အားလုံးလေးယောက်ပဲ ... ဒီခေတ်ကြီးမှာ အိမ်သားလေးယောက်အတွက် ၂၄၀၀ ကျပ်နဲ့ မနက်ညစားလို့လောက်တယ်ဆိုတာ မဆိုးပါဘူးမောင်လေးရယ် ဟင်းဝယ်စားရင် မနက်ညအနည်းဆုံး ၅၀၀၀ အသာလေးပဲ ... အစ်မတို့က ငါးသောက်လောက်ကိုပေါင်းမှာလေ ... မင်းတို့ကိုကော မင်းတို့အမေက ပေါင်းကျွေးမှာထင်တယ် ဟုတ်လား မောင်လေး ... ”

“မဟုတ်ဘူးဗျ ပေါင်းတာတော့ပေါင်စားမှာပါ ဒါပေမဲ့ အစ်ကိုတစ်ယောက်ကပေါင်းပေးမှာပါ ... ”

“သြော် ... ကောင်းတယ် ... ကောင်းတယ် ... ”

မဆွေနည်းတစ်ယောက်က အာချောင်လို့ကောင်းလေ ဟိုနှစ်ယောက်က သဘောတွေကျလေလေပါ ကြည်ထံတျာ





နဲ့သီရိချစ်တို့ ခေါ်နေကြအမည်ဖြစ်တဲ့ အနက်ရောင်ကောင်လေးက သီရိချစ်ကိုငေးမောကြည့်နေလိုက်တာမှ သွားရည်များပင် ထွက်ကျသာမတက်ပါ။ ကျန်တစ်ယောက်ကတော့ မဆွေနည်း၏ အမေးစကားကို ဖြေနေရသည့်အတွက် ကြည်ထံတျာကို အားရပါးရ ကြည့်ရှုမရနိုင်ပါ။

“ဟင်းရည်က ဘာချက်ရင် ကောင်းမလဲ အစ်မ ... ”

“ငါးလေးနဲ့ ချဉ်ပေါင်ဟင်းလေး ချက်လိုက်လေ အရမ်းမပျစ်စေနဲ့ အအီပြေအောင် ခပ်သွက်လေးပဲ ချက်လိုက် အစ်မတို့လည်း ချဉ်ပေါင်ပဲဝယ်မှာ လူလေးယောက်စာဆိုတော့ သုံးစီးလောက်ဝယ်ရင်ရတယ် မောင်လေး ... ”

အနားမလှမ်း မကမ်းရှိ ချဉ်ပေါင်သယ်ထံမှ မဆွေနည်းက သူ့အတွက်သုံးစည်း ကောင်လေးနှစ်ယောက်အတွင် သုံးစည်းရွေးကာ ပေးလိုက်ပါသည်။

ကြည်ထံတျာတို့ သုံးယောက် ဆိတ်သာဆိုင်ရောက်ချိန်တော့လည်း သူတို့နှစ်ယောက်က ပါလာပြန်သည်။

“နင်တို့က ခုထိဝယ်လို့မပြီးသေးဘူးလား ... ”

“ဟဲ့ တျာလေး အဲလိုမပြောရဘူးလေ ... ”



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့က သုံးရက်စာဝယ်မှာဟ အိမ်ကဝယ်သာခိုင်းလိုက်တာ တို့ကဘာဝယ်လို့ဘာဝယ်ရမှန်းမသိဘူး ... ဒီအစ်မကြီး ကြည့်ရတာ ကောင်းကောင်းမွန်မွန် စီစဉ်တတ်မဲ့သဘော ရှိလို့ အစ်မကြီး ဝယ်တာကို လိုက်ဝယ်တာ ... "

"ဪ အဖြစ်ဆိုးလှချည်လား ငါ့မောင်လေးတွေရယ် ကဲကဲ ဒါဆိုအစ်မကြီးဝယ်ပေးမယ် ... ဘယ်လောက်သားလောက် ဝယ်ပေးရမလဲ ... "

"အစ်မကြည့်ဝယ်ပေးပါ ... "

"ဒါဆို အစ်မတို့ဝယ်သလောက် ဝယ်မယ်နော် ... ဆိတ်သား ကအစားခံတယ်မောင်လေးရဲ့ ဆိတ်သားဆီပြန်ရယ် ပုဇွန်ချဉ်လေးကို နံနံပင်လေးငရုပ်သီးစိမ်းလေးနဲ့သုပ်တာရယ် ပြီးတော့ ဘူးသီးဟင်းခါးလေးချက်လိုက်ပေါ့ ဟုတ်လား"

"ကောင်းလိုက်တာ အစ်မရယ် ... နောက်ဆို အစ်မကိုပဲ ကြည့် စီစဉ်ခိုင်းရင် အရမ်းကောင်းမှာပဲ ခုတောင် စားချင်လွန်းလို့ ဗိုက်တောင်ဆာလာပြီ ... "

"နေပါဦး မင်းတို့က မင်းတို့ဟာ မင်းတို့ချက်မှာလား ..."

"ကျွန်တော့်အစ်ကို ချက်မှာဗျ ... သူက ကောင်းကောင်း





တော့ ချက်တတ်ပါတယ် ... ဒါပေမဲ့ အစီအစဉ်ကတော့ သိပ်မကောင်းဘူး ... "

"ဒါဆို ဒီလိုလုပ် ... ငါးသလောက်ပေါင်းကို ဒီနေ့ပေါင်းထားစားတော့ မနက်ဖြန်မှစား ... သူက ကြာလည်းကြာတယ်၊ ပြီးတော့ ... ဒီနေ့ပေါင်း ... ဒီနေ့စားရင် မကောင်းဘူး မောင်လေးရဲ့ ... မနက်ဖြန်မှ စားရင်တော့ အရမ်းကောင်း အရမ်းကိုမိနေတာပဲ ... "

"ဒီနေ့ ဆိတ်သားဟင်းချက်လိုက် ... "

"တတိယနေ့ကြရင်ကော ... အစ်မတို့ ဘာချက်မလဲ ... "

"နင်တို့တော့ ... တရားလွန်ပြီထင်တယ်နော် ... "

"ကျာလေးကလည်းကွယ် ... မောင်လေးတွေကလည်း ကျာလေးတို့လို ကလေးပဲရှိသေးတာ ... မမနည်းကို အားကိုးအားထားအနေနဲ့ မေးတာကို ... အဲဒီလို ရိုင်းရိုင်းစိုင်းစိုင်း မဆက်ဆံရဘူးလေ ... "

"ဘာ ... အစ်မနာမည်က မမနည်းဟုတ်လား"

"ဟုတ်တယ် မောင်လေး ... အစ်မနာမည်က မချွေနည်းလေ ... သူတို့က မမနည်းလို့ ခေါ်တယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့လည်း အဲလိုပဲ မမနည်းလို့ခေါ်ရင် ခေါ် ... ဒါမှ မဟုတ် မနည်းလေးလို့ ခေါ်ရင်ခေါ် ... "

"တျာလေးကတော့ ... မမနည်းကိုအ ရှက်ခွဲနေပြီ ... "

"ခါတိုင်းဆို မမနည်းက တစ်ရက်စာ နှစ်ရက်စာလောက်ပဲ ဝယ်တာလေ ... အဲဒီအခါမျိုးကြရင် ဒီကညီမတွေကို ခေါ် မလာပါဘူး ... တစ်ယောက်တည်းလာတာ ... ခုတော့ ဝယ်စရာတွေက များတော့ ... သယ်ဖို့ ပိုးဖို့လိုတယ်မို့လား ဒါကြောင့် ညီမလေးတွေကို ခေါ်လာတာ ... နေပါဦး ... မင်းတို့ ဘာဝယ်စရာရှိသေးလဲ ... မမနည်းတော့ ကြက်သား ဝယ် ... ဟင်းသီးဟင်းရွက်လေး နည်းနည်းပါးပါးဝယ်ပြီးရင် ပြီးပြီ"

"ဒါဆို ... ကျွန်တော်တို့လည်း ... "

"ဟော့ကောင် နေဝင် မင်း ... ကြက်သားပဲစားမလား ..."

"ဘာ ... နေမဝင်သေးပါဘူးမောင်လေးရဲ့ ... ခုမှ နေထွက် ခါစရှိသေးတာ ... "

"သြော် ... နေဝင်ဆိုတာက ဒီကောင့်နာမည်ပါ အစ်မရဲ့"

"သြော် ... ဒီက မောင်လေးက နေဝင်တဲ့လား ... ကောင်းတယ် ... ကောင်းတယ် ... မမအတွက်တော့ ဒီနာမည်ဟာ တော်တော်ဆန်းနေလို့ပါ ... နေဝင်နော်"

မဆွေနည်း စီစဉ်သည့်အတိုင်းပင် ကြက်သားဆီပြန်ဟင်း၊ ကန်စွန်းရွက်ကြော်၊ ပဲနီလေးဟင်းချိုကို တတိယနေ့မှာ ချက်ရန် စီစဉ်လိုက်ကြပါတော့သည်။

"ဒါဆို ... ပထမနေ့က ဆိတ်သားပေါ့နော်မမနည်း"

"အေးဟုတ်တယ် မောင်လေး ... နောက်နေ့ကြတော့ ... ငါးသလောက်ပေါင်း ... တတိယ နေ့ကြတော့ ကြက်သားဟင်း ... ဒီသုံးရက်မှာတော့ မမနည်းတို့ အိမ်က ဟင်းတွေနဲ့ မင်းတို့အိမ်ဟင်းတွေ အတူတူပဲ ဖြစ်နေမှာနော် ... "

"ဘယ်သူ့ဟင်းကောင်းလဲ ပြိုင်ဦးမလား ... "

ကြည်ထံတျာထံမှ အသံထွက်လာသည်နှင့် မဆွေနည်း လန့်နေပါသည်။ တော်ပါသေးသည်။ ဒီစကားကတော့ ကြားရဖို့ သိပ်အဝင်မကြမ်းတာကိုပါပဲ။

"ကျေးဇူးပဲနော် ... မမနည်းနဲ့အပေါင်းပါတစ်စုကို ... "

"ကျွန်တော်တို့သွားလိုက်ပါဦးမယ် ... "

"အေး ... အေး ... မောင်လေးတို့ ... "







www.burmeseclassic.com

www.burmeseclassic.com



ပြောနေရင်းနှင့် အနားရှိ ဟင်းရွက်သည်ထံမှ သူ
ဝယ်ဖို့ မေ့နေသော သခွားသီးကို မဆွေနည်းက ဝယ်လိုက်ပါသည်

"သုံးလုံး ... ငါးဆယ်ပဲပေးပါအစ်မ ... "

"ရော့ ... ငါးဆယ် ... ဒီမှာနော် သုံးလုံးထည့်လိုက်ပြီ"

မဆွေနည်းက နည်းနည်းစိတ်မကောင်းဖြစ်သွား
သည်။ တကယ်ဆို ဟိုကောင်လေးနှစ်ကောင်ကို သူမ စီစဉ်ပေ
ထားသည့် ဟင်းထဲမှာ ကြက်သား ဟင်းစားတဲ့နေ့ကြရင် သခွား
လေး ငပိကြော်လေးပါထည့်စားဖို့ပြောရန် မေ့သွားသည်ကိုပဲလေ

"တွေ့ပြန်ပြီ ... တွေ့လားချစ်"

"ဘာကိုလည်း တျာလေးရဲ့ ... "

"ဟိုကောင်နှစ်ကောင်တို့ ကားဘေးမှာ ... "

"ဟုတ်ပါရဲ့ ... ဖူးစာက ဆုံပဲဆုံနိုင်လွန်းတယ်နော် တူ
လေး ... "

"သေလိုက်ပါလား ... "

"ဘေးက ကားက သူတို့ကားဖြစ်မှာပေါ့ ... "

"အတော်ပဲ မောင်လေးတွေရယ် ... မင်းတို့ကို သခွား
လေးကို ကြက်သားဟင်းစားတဲ့နေ့ကြရင် ... ငါးပိကြော





လေးနဲ့ စားခိုင်းဖို့မေ့သွားလို့ ... ရော့ ... ဒီမှာ သခွားသီး
တစ်လုံးယူသွား ... "

"ကျေးဇူးပဲ အစ်မရယ် ... အစ်မရဲ့ တော်ချက်ကတော့ ...
အရမ်းကိုပါပဲ ... ဘယ်နေရာမှ ဟာချက်မရှိဘူး ... ဒေါင့်ကို
စေ့နေတာပဲ ... "

"ဟီး ... ဟီး ... ဟီး"

"အောင်မာ ကြည့်စမ်းချစ် ... သူတို့ဟာသူတို့မောင်းသွား
လိုက်ကြတာ ... သင်းမောင်းလိုင်စင်ပဲဖြစ်မှာပေါ့နော် ...
ငါတောင် ခုထိသင်မောင်းလိုင်စင်ပဲရှိသေးတာ ... သူတို့
လည်း ငါ့အတိုင်းပဲဖြစ်မှာပေါ့ ... ဦးလေးမောင် အဲဒီကား
နောက်ကို လိုက်မောင်းပေးစမ်းပါ ... ကျော်မတက်နဲ့နော်
နောက်ကနေပဲလိုက် ... ပြီးတော့ မျက်ခြေလည်းမပြတ်
စေနဲ့ဦး ... "

ရှေ့မှ ကောင်လေးနှစ်ယောက်၏ ရှုပါစလွန်းအစိမ်း
ရောင်ကားလေးက အမြန်လေးပြေးနေသလို နောက်မှကြည်တန်
သူတို့၏ တိုရိုတာမတ်တူးကားကြီးကလည်း မလှမ်းမကမ်းမှ
ခြံခြံလိုက်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းနှင့် သူတို့နောက်ကို လိုက်လာတာ မြို့ပြင်တောင် ရောက်တော့မည် ဖြစ်ပါသည်။

ဝယ်တာက လှည်းတန်းဈေး။ ခုသူတို့သွားနေသည်က မြို့ပြင်ရောက်တော့မည်။ ဒါလုံးဝမဖြစ်နိုင်တာ ဒီလောက်အဝေးကြီးမှာနေတဲ့ သူက ဒီဈေးကိုလာပါ့မလား။

"တျာလေး ... ဒီကောင်တွေ မဟုတ်တော့ဘူးထင်တယ်နော် ... "

"ငါလည်း စဉ်းစားနေတာချစ်ရဲ့ ... အဲဒါငါတို့ကို တမင်သက် နောက်တာပဲဖြစ်ရမယ် ... တော်ပြီဟာ ... စိတ်ရှု တယ် ... ဦးလေးမောင် ကားကို ပြန်လှည့်ပြီးအိမ်ကို မောင်းတော့ ... "

"နင်ပြောတဲ့အတိုင်း တောသားတွေမို့ တောကိုပြန်တာ လားမှ မသိတာနော်တျာလေး ... "

"ဘယ်ကသာ ... အဲဒါ ငါတို့ကို မခံချင်အောင်စတာ ချစ်ရဲ့ ဒါမှမဟုတ် တို့ကပဲ သူတို့နေတဲ့ နေရာကိုသိချင်လို့ လိုက် တယ်ထင်ပြီး ... ပြေးတာဖြစ်မှာပေါ့ ... "

"ဟင်း ... ဟင်း ... ဒီက မိန်းမကြီးကတော့ ဒီကောင်တွေ





အကြောင်း မသိတော့ ... မကြီး မငယ်နဲ့သွားဖြီးကြီးလုပ်ပြီး တဟီးဟီးနဲ့ ကောင်းတယ် ... ခုတော့ ... အဘတ်ခံရပြီမို့ လား ... "

"ဟဲ့ ... ဒါတော့ တျာလေးတို့က သူတို့နောက်ကို လိုက်သွား တာကိုး ... ဈေးထဲမှာနေတုန်း တစ်လျှောက်လုံးအကောင်း ပဲဟာ ... သူတို့ကို ကြည့်တော့လည်း ရည်ရည်မွန်မွန်လေး တွေပါကွယ် ... "

"ဘာရည်ရည်မွန်မွန်လဲ ... တျာလေးနဲ့ချစ်တို့ကို အမြဲလိုက် နှောင့်ယှက်နေတာ ... အဲဒီနှစ်ကောင်ပေါ့ ... တစ်ခါတုန်း က တျာလေးနဲ့ချစ်နောက်ကို လိုက်လာတယ်ဆိုတာလေ"

"ဟယ် ... ဟုတ်လား ... မမနည်း သိပါဘူးကွယ်"

"သိရင်ကော ဘာလုပ်မှာမို့လဲ ... "

"အို ... သူတို့လေးတွေမှန်းသိရင် ဒီထက်ပိုပြီး ဂရုမစိုက်ရပါ လားကွယ် ... "

"ရှက် ... မကြီးမငယ်နဲ့ ပေါချက်က ပြင်းလိုက်တာ ... "

အိမ်ရှေ့ရောက်လို့ ကားက ခြံထဲကွေ့ဝင်မယ်လုပ်ည်နှင့် မျက်နှာချင်းဆိုင်ဘက်က လာနေသော သူတို့ကားနှင့်



www.burmeseclassic.com

www.burmeseclassic.com



တဲ့တဲ့ကြီးကို တိုးပါတော့သည်။

"ဟိုက် ..."

"ဟိုမှာ သူတို့ကားကြီးပါလား ..."


"တိတ်လည်းတစ်နိုင်တဲ့ကောင်တွေ ... အားအားရားရား"

"မမနည်းရေ ... တာ့တာပါခင်ဗျာ ..."

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"အစ်ကို 'စန်း'ရေ ဟင်းတွေကို အကောင်းဆုံးဖြစ်အောင် ချက်နော် ... ကျွန်တော်တို့ ဒီနေ့ဝယ်လာတဲ့ ဟင်းတွေက အကုန်လုံး အစပ်အဟပ်တည့်အောင် ဝယ်လာတာ ... ငါး သလောက်ကတော့ ပေါင်းထားတဲ့ ... ဒီနေ့မစားနဲ့ဦးတဲ့ မနက်ဖြန်မှ စားရင်ပိုကောင်းတယ်တဲ့ ... ဒီနေ့ ဆိတ်သား ဆီပြန်ရယ် ... ပုဇွန်ချဉ်သုတ်ရယ် ... ဘူးသီးဟင်းခါးရယ် ချက်မယ် ... အဲဒီဟင်းသုံးမျိုးက လိုက်ဖက်ပြီး အစပ်အဟပ် တည့်တယ်တဲ့ ..."

"ဟော့ကောင်နေလေး ... မင်းစကားတွေက အဆုံးသတ်



www.burmeseclassic.com

www.burmeseclassic.com



တိုင်း 'တဲ့' ဆိုတဲ့ စကားကြီးက ဘာလို့ပါနေတာလည်း... မင်းကို ဘယ်သူက ဒါတွေဒါတွေချက်ဆိုပြီး အမိန့်ပေးလိုက်လို့လဲ ..."

"ဟာ ... ကိုမင်းကလည်း ... ကိုမင်းနဲ့ ဘာမှမဆိုင်ပါဘူး ကျွန်တော်တို့က အစ်ကိုစန်းကိုပြောနေတာ ..."

"နေလေး ... မင်းက အစ်ကိုစန်းကို ဘာမှ အမိန့်ပေးနေစရာမလိုဘူး ... မင်းကိုယ်တိုင် ထမင်းအိုးတစ်လုံး မတည်တတ် ... ဟင်းတစ်ခွက်မချက်တတ်တဲ့ကောင်က အစ်ကိုစန်းကို ဟိုလိုချက် ... ဒီလိုချက်နဲ့ အမိန့်ပေးနေတာကို ငါက အစ်ကိုစန်း ကိုယ်စား မခံနိုင်လို့ကွ ... မင်းတို့လို ကလေးတွေ မပြောနဲ့ ... ငါကိုယ်တိုင်တောင် အစ်ကိုစန်းချက်ကျွေးတာကို တစ်ခါမှ ဂျီမကျဖူးဘူး ... ခု မင်းတို့တာဝန်ကအစ်ကိုစန်း ဝယ်ခိုင်းတာကို ဗယ်ပေးလိုက် ... သူချက်ကျွေးတာကို အေးအေးဆေးဆေး စားရုံပဲရှိတယ် ..."

နေဝင်တို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အတော်ခက်တဲ့ 'ကိုမင်း'ပါပဲ ဟူသော မျက်နှာမျိုးဖြင့် ပြုံးစိစိလုပ်နေကြပါသည်။

❧ စောနာစာပေ ❧



မင်းမောင်မောင်နှင့် သူတို့နှစ်ယောက်ကဆွေးမျိုးသားချင်းများ ဖြစ်ကြပါသည်။ မင်းမောင်မောင်တွင် မိဘနှစ်ပါးမရှိကြတော့ပါ။ ဒါကြောင့်မို့ ဆွေးမျိုးသားချင်းများ ဖြစ်ကြသော ထိုကလေးနှစ်ယောက်ကို ခေါ်ယူကာ ရန်ကုန်တွင် ကျောင်းခေါ်တက်စေခြင်းပင် ဖြစ်ပါသည်။


ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။

❧ စောနာစာပေ ❧

www.burmeseclassic.com


www.burmeseclassic.com











"ဟာ … သိပြီ … သိပြီ …"

"ဘာတွေ ထပေါက်နေတာလဲချစ်ရဲ့ …"

"မြန်မာစကားပုံတွေဟာ … တယ်မှန်တာပါလား … ပျောက်သောသူရှာလျှင်တွေ့ သေသောသူကြာလျှင်မေ့ ဆိုတာလေ …"

"အခုငါ … ဟိုအနက်ရောင်ကောင်ကိုသိပြီ …"

"ဟယ် … ဟုတ်လား … နင့်သူ ဘယ်သူဆိုတာကို စဉ်းစားလို့ ရသွားပြီလား …"

"ရသွားပြီ …"



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည်က နေဝင်တဲ့လေ ... နင်လည်း ကြားလိုက်တယ် မို့လား ... "

"ကြားသားပဲ ... ဘာလဲ ... နင်က နေဝင်ဆိုတဲ့ နာမည် လည်း ကြားရော ... ဘယ်သူ ဘယ်ဝါဖြစ်တယ်ဆိုတာကို ဖော်လို့ရသွားရောလား ချစ် ... "

"ဒီလိုပါဟာ ... ဒီနာမည်ကြီး ကြားလိုက်တော့ ... ငါ အရမ်း ကို ရယ်ချင်သွားတယ် ... ဘာနာမည်ကြီးမှန်းလည်း မသိ ဘူးနော် ... "

"နေဝင်တဲ့ ... နေတက်တို့ နေထွက်တို့ဆိုလည်း ဟုတ်တုတ် တုတ်ရှိဦးမှာ ... "

"ဟာ ... နင်ကလည်း နေဝင်ဆိုတာက နေထွက်ဆိုတာ ထက်စာရင် တော်သေးတာပေါ့ ... နေထွက်ဆိုရင်တော့ စိတ်ညစ်စရာကြီးဖြစ်မှာ ... သူ့ကိုယ်က အီးတွေထွက်နေ သလို ဘာလိုလိုကြီးဖြစ်နေဦးမှာ ... နေဝင်ဆိုတာပဲကောင်း ပါတယ် ... သူ့ကို သင်းသတ်လိုက်သလို ငြိမ်သွားတာပေါ့ ... နေတက်ဆိုရင် တက်တက်ကြွကြွ ဖျတ်ဖျတ်လတ်လတ်တွေ ပိုရှိပြီး ... ငါတို့ကို ပိုပြီးဒုက္ခပေးနေဦးမှာနော် ... "





"ငါ သူ့အကြောင်းနဲ့ သူ့နာမည်ကို ဆက်စပ်ကြည့်ပြီး သူ့ နာမည်ဟာ ... ဘောလုံးသမားအိုဝင်နဲ့ နည်းနည်းဆင်တယ် ဆိုပြီး ငါ့ဟာငါ နေဝင် ... အိုဝင်လို့ခေါ်နေမိရာက နေဝင် ဟာ တကယ့်ကို အိုဝင်နဲ့တူနေတာမှန်း သိသွားတာဟဲ့ ... ဟုတ်တယ်မို့လား တျာလေး ... နေဝင်ဟာ အိုဝင်နဲ့တူမနေ ဘူးလား ... နေဝင်ခေါင်းဟာ နောက်မေ့ထွက်နေပုံကစပြီး အိုဝင်အတိုင်းပဲ ... ဆံပင်ကလည်း ကတုံးသာသာ ... အိုဝင် ပုံအတိုင်းထားတော့ ... ငါ့အထင်ပြောရရင် သူ့ကိုယ်သူ အိုဝင်နဲ့ မတူတူအောင် လုပ်နေတယ်ထင်တာပဲ ... "

"အေးပါ နင်ကတူတယ်ဆိုရင်လည်း ... တူလိုက်ရတာပေါ့။ ကိုယ့်ဟာကိုယ် အိုဝင်ကို သဘောကျတိုင်း ... ကိုယ်စိတ် ဝင်စားနေတဲ့ လူကို ... အိုဝင်နဲ့မတူတူအောင် ပုံသွင်းယူတဲ့ သဘောပေါ့ ... ဟုတ်လား ... ငါ့အမေပြောတဲ့စကားကို သွားပြီး သတိရတယ် ... ချစ်ရယ် ... "

"ဘာလဲ ... ငါ့ကိုပြောစမ်း ... "

"ဪ ... မေမေတို့ လက်ထက်တုန်းက အင်္ဂလိပ်ရုပ်ရှင် မင်းသား ပရက်စလေက အရမ်းနာမည်ကြီးတာမို့ ... မေမေ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းက ပရက်စလေကို အရမ်းကြိုက်တာလေ ... ကြိုက်တာမှ အရူးအမူးကိုပါပဲ ... သူ့ တစ်ခန်းလုံးမှာ ပရက်စလေပုံတွေမှ မျိုးကိုစုံနေတာပဲတဲ့ ... တစ်ခန်းလုံး နေရာမလပ်ရအောင် ကပ်ထားတာတဲ့ ... စာကျက်ရင် လည်း အဲဒီမျက်နှာမြင်နေရအောင်ဆိုပြီး ... စာကြည့်စား ရှေ့မှာကော ... အိပ်ရာဝင် အိပ်ရာနိုး တန်းခနဲမြင်ရအောင် ခုတင်ခြေရင်းမှာ ပုံသုံးလေးပုံတန်းစီကပ်ထားတယ် ... နောက်ဆုံး အိမ်သာဝင်ရင်တောင် ... သူ့မျက်နှာလေး မြင်ပြီး အိမ်သာဝင်ရတာ အရသာရှိတယ်ဆိုပြီး အိမ်သာမှာ တောင် ဓာတ်ပုံကပ်ထားတယ်တဲ့ ... ဟင်း ... ဟင်း ... ဟင်း ... ”

“ဒါတော့ ... နင်အပိုတွေ ပြောနေတာပါ ... ”

“ထားပါတော့ ... အဲဒါကတော့ ငါလုပ်ကြံပြောတာပါ ... ရယ် ... အဲလို နေရာမလပ် ‘ပရက်စလေ’ပုံတွေကိုကပ်ပြီး ‘ပရက်စလေ’ကို တန်းတန်းစွဲဖြစ်ခဲ့ရတာပေါ့ ... သူ့မိ တွေကလည်း ပိုက်ဆံချမ်းသာတယ် ... ပွဲရုံလုပ်ငန်းရှိတ ပေါ့ဟယ် ... ပွဲရုံဆိုတော့ ... နေ့တိုင်းအမှာစာအဝင်အထွ





တွေရှိတော့ ... စာပို့သမားက နေ့တိုင်းလိုလို အိမ်ကို အဝင် အထွက်ရှိတယ်လေ ... အဲဒီမှာတင် လုပ်ငန်းကစတော့တာ ချစ်ရဲ့ ... အဲဒီ အန်တီနာမည်က ... ဘာဆိုလည်း ‘နွယ်’ဆို လား ‘ရီ’ဆိုလား ... ငါတော့ သိပ်မမှတ်မိတော့ဘူးဟယ် ... သူက တို့မေမေရယ်နောက် သူ့သူငယ်ချင်းတွေကို ပြောပြ တာပေါ့ ... အဲဒီ စာပို့သမားက ‘ပရက်စလေ’နဲ့တူတယ်ပေါ့ ဟယ် ... တူတာမှ အရမ်းတူတာဆိုပြီး မေမေနဲ့ကျန်တဲ့သူ့ သူငယ်ချင်းတွေကို အတင်းခေါ်ပြတာပေါ့ဟယ် ... အမှန် တော့ ... အဲဒီ စာပို့သမားက ကုလားလူမျိုးစပ်တယ် ... ပြီးတော့ ... အသားက ကုလားတွေလို မမည်းဘဲ ဖြူနေ တယ် ... ပြီးတော့ ... ရုပ်လေးကလည်း သိပ်မဆိုးဘူးဆို တော့ ... အမှတ်တမဲ့ကြည့်ရင်တော့ ပရက်စလေနဲ့နည်း နည်းတော့ တူသလိုလို ရှိတယ်တဲ့ ... ဒါနဲ့ပဲ ... သူတို့ချင်း ကြိုက်သွားကြတယ် ... လူကြီးတွေကလည်း သူ့သမီးရဲ့ စိတ်ဓာတ်ဟာ ... ဒီလောက်အောက်တန်း ကျလိမ့်မယ်လို့ မထင်ထားတော့ ... သူ စာထွက်ယူတာတို့ စကားပြောနေ တာတို့ တွေ့ပေမဲ့ ... လုံးဝကို မဥပါဒ်ခဲ့မိဘူးတဲ့ ... တစ်နေ့



www.burmeseclassic.com

www.burmeseclassic.com



တော့ပေါ့ဟယ် ... အဲဒီ စာပို့သမားနဲ့ အန်တီရီရီတို့ ခိုးး
လိုက်ပြေးသွားပါရောတဲ့ ... သူ့မိဘတွေကလည်း သူ့
အမွေဖြတ်ပြီး ... သမီးအဖြစ်က စွန့်လွှတ်လိုက်တာပေါ့

"ချစ် ... "

"ဘာလဲ ... "

"ခု ငါပြောတဲ့အဖြစ်အပျက်က နင်နဲ့တူမနေဘူးလား
နင်လည်း ကြပ်ကြပ်သတိထားနော် ... တော်ကြာ နေဝင်
အိုဝင်နဲ့တူတယ်ဆိုပြီး ... တစ်နေ့ ခိုးရာလိုက်သွားရင်
အန်တီမေတို့က အမွေဖြတ်ပြီး ... နင့်ကို သမီးအဖြစ်
စွန့်လွှတ်လိုက်ရင်. ဘယ်လိုလုပ်မလဲ ... "

"အောင်မာ ... ဒီမှာ ရုပ်ကို သေသေချာချာကြည့်ထား
ပါ ... ဒီရုပ်လား ဒါမျိုးလုပ်မဲ့ရုပ် ... "

"အေး ... ငါထင်တော့ နင့်ရုပ်ဟာ ... ဒါမျိုးလုပ်မဲ့ရုပ်ပဲ

"ဒီမှာ တျာလေး ... နင် ခုနပြောပြတဲ့ ဇာတ်လမ်းအတိုင်း
ဖြစ်သွားရင်တောင် ... နေဝင်က ကလေကချေတော့
မဟုတ်နိုင်ပါဘူး ... သူ့ကြည့်ရတာ မိကောင်းဖခင်သား
လေးပါဟယ် ... ကိုယ်နဲ့တန်းတူရည်တူပဲဆိုရင်တော့





ခိုးရာလိုက်ပြေးတာန်း ခဏတော့ စိတ်ဆိုးချင်ဆိုးမှာပေါ့ ...
ခဏနေတော့ ... ကလေးတွေကို ပြန်အပ်ကြပြီး မင်္ဂလာ
ဆောင်ပေးလိုက်ကြရော ... ဟော ဘယ်လောက်များ
ကောင်းလိုက်မလဲနော် ... "

"ချစ်နော် ... နင်-တော်တော်ကဲနေ ... "

"နင်ကကော ငါ့ကိုဘာလို့မဟုတ်မတရားတွေ လာစနေ
သေးလဲ ... "

"နင့်ပုံကြီးက 'စ'စရာကြီးဖြစ်နေတာလေ ... ငါသိတယ်၊
နင်စာအုပ်သာကိုင်နေပေမဲ့ နင့်ခေါင်းထဲမှာ စာမရှိဘူး
နေဝင်ပဲရှိတယ် ... အဲဒါကြောင့် နေဝင်နဲ့ နင် လိုက်ပြေးရင်
အမွေဖြတ်ခံရမှာလို့ပြောတာ ... "

"နေဝင့်ပုံကြည့်ရတာ ... ဒီလောက်ကြီးတော့ စုတ်ပြတ်မနေ
ပါဘူးဟာ ... နင်ပြောတဲ့ ဇာတ်ကြောင်းက စာပို့သမားနဲ့
လေဟယ် ... ခု နေဝင်ကတော့ ငါနဲ့တန်းတူရည်တူ
လောက်ရှိမယ်ထင်တာပဲ ... ဒါဆိုရင်တော့ ... အိမ်က အမွေ
တော့ မဖြတ်သင့်ပါဘူး ... ဟင်း ... ဟင်း ... ဟင်း"

"ချစ် ... "



www.burmeseclassic.com

www.burmeseclassic.com



"နင်ဟာ 'ချစ်'မှ ဟုတ်သေးရဲ့လား ... တော်တော်ကြီး
ကဲတာပဲ ... သွား စာကျက်တော့ ... နင့်ကြောင့် ငါ
ကျက်ချိန်တွေ လျော့သွားပြီ ... စာကိုလည်း သေ
ကျက်ဦးနော် ... ဟိုစိတ်တွေ ဒီစိတ်တွေ ဝင်မနေနဲ့ ...
ငယ်ငယ်လေးရှိသေးတာ ..."

"အောင်မာ ... သူကများ ပြောရတယ်ရှိသေး ..."

ကြည်ထံတျာမှာ ကောင်းသည့်အကျင့်တစ်ခု
တော့ ကျန်သည့်နေရာမှာ ဘယ်လောက်ဆိုးနေပါစေ စာကို
ကြိုးစားရမှန်း သိပါသည်။ သူရည်မှန်းထားသည့်အတိုင်း —
ဆေးတက္ကသိုလ်သို့ ရောက်ချင်သည့်ဆန္ဒက သူမတွင် အပြင်းထ
ဆုံး ဖြစ်နေသည်လေ။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"နင်တို့ ကျူရှင်သွားကြမလို့လား ..."

ကြည်ထံတျာတို့ အိမ်နှင့်မလှမ်းကမ်းရှိ အုတ်ခုံတွင်
ထိုင်ကာ စောင့်နေကြသော နေဝင်တို့နှစ်ယောက်ကို တွေ့လိုက်ရ
ခြင်း ကြည်ထံတျာကော သီရိချစ်ပါ မျက်နှာကို တစ်ဖက်သို့
လွှဲထားလိုက်ကြပါသည်။ အနားရောက်တော့ သူတို့က ထလာပြီး
နှုတ်ဆက်ကြခြင်း ဖြစ်ပါသည်။

"အေး ... ဘာပြောစရာရှိလို့လဲ ..."

"ဘာမှ မဖြစ်ပါဘူး ... ကျူရှင်နဲ့ အိမ်ကနီးတော့ ကောင်း
တယ်နော် ... သွားရလာရတဲ့အချိန် မကုန်ဘူးပေါ့ ..."

"ငါတို့ ကျူရှင်က ဘယ်မှာရှိတယ်ဆိုတာ နင်တို့က သိလို့



www.burmeseclassic.com

www.burmeseclassic.com



လား ... "

"သိတာပေါ့ ... ဟိုးရှေ့နားက တစ်ထပ်တိုက်လေးမို့လား နင်တို့နှစ်ယောက် လွယ်အိတ်လေးတွေနဲ့ အဲဒီထဲကိုဝင်ဝင်သွားတာ တွေ့သားပဲ ... "

"ဩော် ... လက်စသတ်တော့ နင်တို့နှစ်ယောက်က တို့အကြောင်းတွေကို တော်တော်လှေ့လာထားပြီးပြီကိုး ... "

"ဘယ်တုန်းကများ စပြီး လေ့လာထားလဲမှ မသိတာ"

"ဟို ... ထမင်းဆိုင်မှာ စတွေ့ပြီးထဲကပါ ... "

သူ့ကို ရိုက်စစ်တာမဟုတ်ပါဘဲ နေဝင်တစ်ယောက် သွက်လက်စွာပင် ဖြေလိုက်သည့်အတွက် အနားကတစ်ယောက်က သူ၏ကိုယ်ဖြင့် နေဝင်ကိုပစ်တိုက်လိုက်ပါသည်။

"ဒီလိုပါဟာ ... နင်တို့ ကျူရှင်က အရမ်းကောင်းလို့ပါ ... အိမ်လေးက သစ်ရိပ်ဝါးရိပ်လေးနဲ့ ပျော်စရာလေး ... "

"အဲဒါ ငါတို့သူငယ်ချင်းအိမ် ... "

"ပြီးတော့ လူကလည်းနည်းတယ်နော် ... "

"အားလုံးမှ အိမ်ရှင်ကတစ်ယောက် ငါတို့နှစ်ယောက်ရယ် နောက်သူငယ်ချင်းတစ်ယောက်ရယ် ... ပေါင်းလေး





ယောက်ထဲရှိတာ ... "

"နောက်ထပ် လူနှစ်ယောက်လောက် ထပ်တက်ရင်ကော လက်ခံမလားလို့ မေးပေးပါလား ... "

"ဘယ်သူတွေလဲ ... "

"တို့နှစ်ယောက် ... "

"မဖြစ်ဘူး ... နင်တို့နှစ်ယောက်ဆိုရင်တော့ ... လုံးဝ မဖြစ်ဘူး ... "

"ဘာဖြစ်လို့လဲဟာ ... အဲဒီအိမ်က ယောကျ်ားလေး လက်မခံလို့လား ... "

"ခံပါတယ် ... တို့ မိန်းကလေးသုံးယောက်အပြင် နောက်တစ်ယောက်က ယောကျ်ားလေးပဲ ... "

"ဒါဆို ယောကျ်ားလေးတစ်ယောက်တည်းပေါ့ ... "

"ဟုတ်တယ် ... "

"သူတစ်ယောက်တည်း စိတ်ညစ်မှာပေါ့နော် ... အားလည်း ငယ်နေမှာပဲ ... "

"ငယ်ပါလိမ့်မယ် အားကြီးကြီး ... မိုးကောင်းဆိုတဲ့ကောင်က မိန်းကလေးတွေနဲ့မှ ပျော်တာ ... "



www.burmeseclassic.com

www.burmeseclassic.com



“ဒါဆို သူက အချောက်လား ...”

“ဘယ်ကသာ အချောက်ရမှာလဲ ... ကဲလိုက်တာမှ လွန်ပ
ရော ... သူ့မိဘတွေက တမင်ယောကျ်ားလေးတွေနဲ့ဆိုရ
သူ့သားပညာရေး ထိခိုက်မှာစိုးလို့ တို့ဗိုင်းထဲကို ထည့်ထား
တာ ... တို့ဗိုင်းက စပယ်ရှယ်ဗိုင်းဟ ... ဆယ်တန်းမှာ
Top Ten ဝင်ချင်လို့ တမင်တကာသီးသန့်လေးလုပ်ပြီး
လေးယောက်ပဲထားတာ ...”

“ဒါဆို နင်တို့က အတော်စားတွေလား ...”

“အတော်စားတွေ ဟုတ်လား မဟုတ်လားတော့ မပြော
တတ်ဘူး ... စာတော့ အရမ်းကိုကြိုးစားရတာ ... ဆရာ
ကလည်း တကယ့်ကို ရှယ်မှရှယ် ... အကုန်လုံး ‘ဒ’ တွေ
ကြီးပဲ ခေါ်ထားတာ ...”

“အားရစရာကောင်းလိုက်တာဟယ် ... ဒါကြောင့် နေ
မင်းကို ငါမပြောလား ... သူတို့ဗိုင်းက ကောင်းမှာပါလို့”

“နင်တို့ဗိုင်းကကော မကောင်းလို့လား ...”

“ကောင်းတော့ကောင်းပါတယ် ... ဒါပေမဲ့ ... လူက အ
များတယ် ... ပြီးတော့ ဆရာတွေကလည်း မလာတစ်ချ





လာတစ်ချက်ဆိုတော့ ... သိပ်တော့အားရစရာမရှိဘူးလေ”

“နင်တို့ကော M.C မှန်လား ...”

“မှန်းတာတော့ မှန်တာပေါ့ဟာ ... ဒါပေမဲ့ ရောက်ဖို့က
တော့ မလွယ်ပါဘူး ...”

“နင်တို့မှာ Guide ကောရှိလား ...”

“ဟင့်အင်း ... မရှိပါဘူး ... တို့ရဲ့ အစ်ကိုဝမ်းကွဲက အင်ဂျင်
နီယာ ... သူက အားရင် ညတိုင်းစာပြပေးတယ် ...”

“ဟုတ်လား ... အရမ်းကောင်းတာပဲနော် ...”

“တို့လည်း Guide မပေးဘူး ... တို့အစ်မက ပြပေးတယ် ...
ဒါပေမဲ့ ... တို့အစ်မကတော့ ရိုးရိုးသိပ္ပံဘွဲ့ပဲရထားတာဆို
တော့ ... နင်တို့အစ်ကိုလောက်တော့ ... ဘယ်တော်ပါ့
မလဲနော် ...”

“မနက်ဖြန် ဈေးဝယ်မယ့်နေ့နော် ... နင်တို့ကော လိုက်လာ
ဦးမှာလား ...”

“လိုက်မှာပေါ့ ... အပြန်ကျရင် လမ်းထိပ်က လက်ဖက်ရည်
ဆိုင်မှာ လက်ဖက်ရည်ဝင်သောက်နေကြလေ အဲဒါကြောင့်
မို့ တို့က ဈေးကိုလိုက်လာတာ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... "

"မိန်းကလေးတန်မဲ့ လက်ဖက်ရည်ဆိုင်ထိုင်တယ် ဟုတ်လား ... "

"အေးလေ ... အဲဒါ ဘာဖြစ်လဲ ... လက်ဖက်ရည်သောက်တာပဲဟာ ... ယောကျ်ားလေးမှ လက်ဖက်ရည်သောက်ရမှာလား ... တို့က အပြင်ဆိုင်က ရောင်းတဲ့ လက်ဖက်ရည်မှ ကြိုက်တာ ... ဒါကြောင့် သုံးရက်တစ်ခါဈေးဝယ်ရင်တို့အစ်မက တို့သုံးယောက်ကို လက်ဖက်ရည်တိုက်ရတယ်၊ အဲဒီဆိုင်က မလိုင်နဲ့နံပြားကလည်းကောင်းမှ ကောင်း ... ဒါတောင် ဟိုတစ်ခေါက်တုန်းက မသောက်လိုက်ရဘူးလေ နင်တို့ကြောင့်ပေါ့ ... "

"ဘာ ... "

"ငါတို့ကြောင့်ဟုတ်လား ... "

"နင်တို့ ကားနောက်ကနေ ... ငါတို့လိုက်တာကို ထွက်ပြေးကြတယ်မို့လား မှန်မှန်ပြော ... "

"အလကား အပျော်စတာပါဟာ ... စိတ်မဆိုးနဲ့နော် ... "

"တကတည်းမှပဲ 'စ'စရာရှားလို့ ... "





"နင်တို့က အိမ်မပြန်ဘဲ ဘာလို့ငါတို့နောက်လိုက်လာရတာလဲလို့ ... "

"ဪ ... နင်တို့လည်း တို့အိမ်ကိုတိတ်တိတ်လေး စုံစမ်းတာပဲမို့လား ... "

"ငါတို့လည်း ဒီလိုပဲပေါ့ ... ဒါပေမဲ့ ... ငါတို့က နိုးကြောင်နိုးဝှက် စုံစမ်းတာ မဟုတ်ပါဘူးနော် ... ပွင့်ပွင့်လင်းလင်း စုံစမ်းချင်လို့ပါ ... "

"ငါတို့လည်း ခိုးကြောင်ခိုးဝှက် မဟုတ်ပါဘူးနော် ... ငါတို့က နင်တို့အိမ်နဲ့ မလှမ်းမကမ်းက ဆိုင်မှာ ခဏလေးထိုင်နေတာ ... မကြာပါဘူး ... နင်တို့ နှစ်ယောက်ဘုတ်သိုက်ဘုတ်သိုက်နဲ့ ရောက်လာပြီး ... အဲဒီခြံထဲကို ဝင်သွားလိုက်တာမှ တန်းနေတာပဲလေ ... "

"သေလိုက်ပါလား ... "

"မနက်ဖြန် ဈေးဝယ်ရင် ... ဘာချက်ရကောင်းမလဲဆိုတာ မမနည်းကြီးကို စဉ်းစားထားခိုင်းလိုက်နော် ... ဟိုနေ့က သူစီမံပေးလိုက်တဲ့ ဟင်းတွေကအရမ်းဂွတ်တယ် ... ငါတို့အစ်ကိုကလည်း ဟင်းချက်က ကောင်းသနဲ့ ... ဘာပြော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမလဲ ... စားလို့ကောင်းလိုက်တာမှ ထမင်းအိုးကို နေ့တိုင်းပြောင်တော့တာပဲ ... "

"နင်တို့အစ်ကို အင်ဂျင်နီယာကချက်တတ်တယ်ဟုတ်လား"

"အင်ဂျင်နီယာအစ်ကိုက ... မချက်တတ်ပါဘူး ... သူက စားပဲစားတတ်တာ ... "

"ငါပြောတာ ... အစ်ကိုစန်းမြင့်ကိုပါ ... အဲဒီအစ်ကိုက တစ်အိမ်သားလုံးကို ချက်ကျွေးတာ ... နင်တို့ မမနည်းလို ပေါ့ဟာ ... "

"သြော် ... ဟုတ်လား ... "

"အဲဒီနေ့ကြရင် ... အစ်ကိုစန်းမြင့်ကိုပါ ခေါ်ခဲ့မယ် ... သူတို့ နှစ်ယောက်ပေါင်းပြီး ... ဟင်းချက်စရာ တိုင်ပင်လိုက်ရင် အရမ်းကို ကောင်းသွားမှာနော် ... မိဘဆရာပူးပေါင်း သား သမီးပညာကောင်းဆိုသလို ... သူတို့နှစ်ယောက် တိုင်ပင် ပြီး ချက်တဲ့ဟင်းဆို အရမ်းကောင်းမှာသိလား ... "

"အဲဒီအစ်ကိုရဲ့ နာမည်ကဘာ ... ဘယ်သူ ... "

"အစ်ကိုစန်းမြင့်တဲ့ ... "

"ဟို ... အစ်ကိုအင်ဂျင်နီယာကကော ... ဘယ်လိုခေါ်လဲ"

စေတနာစာပေ



"နောက်မှ ပြောပြမယ် ... တစ်ခါတည်း အကုန်ပြောချ လိုက်ရင် ... ငါတို့ ဈေးအောက်ဆုံးကိုထိုးကျသွားမှာပေါ့"

"ကြီးကျယ်လိုက်တာ ... နင့်နာမည်က နေဝင် နင့်နာမည် ကကော ... "

"ဘာလဲ မပြောချင်သေးဘူးမို့လား ... "

"ရပါတယ် ... ပြောမှာပါ ... ငါ့နာမည်က ရန်သူ ... နာမည် အပြည့်အစုံက ရန်သူမျိုး ... "

"နောက်က ငါးပါးကော မပါဘူးလား ... အမှန်ဆို ရန်သူမျိုး ငါးပါးဆိုရင် ပိုပြီးမကောင်းပေဘူးလား ... ထည့်လိုက်ပါဟာ ပိုပြီး ပြည့်စုံပြီး ခန့်ညားသွားတာပေါ့ ... "

"မခန့်ညားရင်လည်း နေပါစေတော့ဟာ ... ငါ့ကို လူတွေက ရန်သူဆိုပြီး အပေါင်းအသင်းမလုပ်ကြဘဲ နေပါဦးမယ် ..."

"ငါ့နာမည်ပြောပြီးပြီ ... နင်တို့နာမည်ပြော ... "

"မပြောရင်လည်းနေပေါ့ ... ငါတို့က သိပြီးသား ... "

"နင်က ကြည်ထံတျာ ... "

"နင်က သီရိချစ် ... "

"ဟုတ်တယ်မို့လား ... "

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"သွား ... အရမ်းမုန်းစရာကောင်းတဲ့ ဟာတွေ ... တော်
ငါတို့လည်း ကျောင်းချိန်နီးနေပြီ ... သွားတော့မယ်
နောက်ကလိုက်မလာနဲ့နော် ... လိုက်လာရင် အပြတ်ပဲ
နောက်ဆို ဘယ်တော့မှ စကားပြောတော့မှာ မဟုတ်ဘူး"

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"မမနည်း ... "
"ဘာလဲ တျာလေးရဲ့ ... "
"နေ့လယ်က ကျူရှင်တက်တုန်း ဟိုကောင်တွေနဲ့ တွေ့ခဲ့တယ် ... "
"ဟုတ်လား ... သတိလည်းထားဦးနော် တျာလေး ... တော်ကြာ အပေါ်က သံမီးကျီသိသွားလို့ ပြဿနာတွေ တက်နေမယ် ... "
"မမနည်းကြီးကိုလည်း မှာလိုက်သေးတယ် ... "
"ဘာတွေမှာလိုက်လဲ ပြောစမ်းပါဦး ... "
"မမနည်းစီမံပေးတဲ့ ဟင်းတွေက အရမ်းကောင်းတာပဲတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



မမနည်းရဲ့ ဟင်းချက်နည်း အစီအစဉ်ကတော့ ... တကယ့်ကို ရှယ်ပဲတဲ့လေ ... အဲဒါ မနက်ကြရင်လည်း ဟင်း အစီအစဉ်လုပ်လာပေးပါဦးတဲ့လေ ... ”

“ဟင်း ... ဟင်း ... တကယ့်ကောင်လေးတွေ ကြိုက်တတ်လိုက်တာ ... ”

“ပြီးတော့ ... ပြောသွားလိုက်သေးတယ် ... သူတို့ကို ဟင်းချက်ကျွေးတဲ့ အစ်ကို ... ကိုစန်းမြင့်ကိုလည်း ခေါ်လာမယ်တဲ့ ... ”

“အစ်ကို စန်းမြင့်ပါ ... တျာလေးရဲ့ ... စန်းမြင့် မဟုတ်ပါဘူး ... ”

“သြော် ... ဟုတ်တယ် ... ဟုတ်တယ် ... ကိုစန်းမြင့် ... ဒါကြောင့် ခေါ်ရတာမျိုးကြီး ဖြစ်နေတာ ... အဲဒါ အစ်ကိုစန်းမြင့်ကလည်း ဟင်းချက်အရမ်းကောင်းတာတဲ့ ... ဟင်း မရင်းနှီးသေးလို့သာ ငြိမ်နေရတာ ... ငါတို့ မမနည်းကြီးက ပိုတောင် အချက်ကောင်းသေးတယ် ... ဖြိုင်မလားလို့ တောင်မေးလိုက်ချင်သေးတယ်နော် မမနည်း ... မနက်ဖြန်





ဈေးသွားရင် လှလှလေးပြင်ခဲ့နော် မမနည်း ... ”

“ဘာဖြစ်လို့လဲ ... ”

“သြော် ... တော်ကြာ အစ်ကိုစန်းမြင့်နဲ့တွေ့ရင် ‘မမနည်း’ ကို လှလှပပလေးဖြစ်နေအောင်ပါ ... ”

“ငါက ကိုစန်းမြင့်ကို ဘာလုပ်ရအောင်လဲ ... ”

“ဘာမှ မဟုတ်ပါဘူး ... အစ်ကိုစန်းမြင့်နဲ့တွေ့ရင် မမနည်းတို့ ဟင်းလေးဘာလေး တိုင်ပင်ရအောင်လေ ... ”

“ဟင်း ... တိုင်ပင်တာများ တျာလေးရယ် လှစရာမလိုပါဘူး ... ”

“သိပါဘူး တျာလေးကတော့ ကိုစန်းမြင့်ဆိုတဲ့လူနဲ့ မမနည်းကိုအရမ်းကိုရင်းနှီးသွားစေချင်တာပဲ ... ဟို ချစ်နဲ့ နေဝင်းလိုလေ ... ”

“တျားလေးနော် ငါ့ကိုဆွဲမထည့်နဲ့ နင်သာ ‘ရန်သူ’ နဲ့ ငါ ပြောလိုက်ရရင် မကောင်းဘူး ... ”

“ရှူးတိုးတိုးပြောပါဟယ် မကြည်ပြာသာ ကြားသွားရင် ငါတော့ ခေါင်းခေါက်ခံရမှာ ... ”



www.burmeseclassic.com

www.burmeseclassic.com



"မမနည်းရေ တျာလေးသဘောကျနေတဲ့ ဟိုတစ်ယောက်လေ ဆံပင်ထောင်ထောင်လေးနဲ့ ကောင်လေးကလေ ..."

"အေး ... အဲဒါဘာဖြစ်လဲ ..."

"အဲဒီကောင်းလေး နာမည်က 'ရန်သူ' တဲ့ ..."

"ဘာပြောတယ် ချစ် ဘယ်သူ ..."

"ရန်သူ တဲ့ မမနည်းရယ် ကြည့်ပါဦး မည့်စရာရှားလို့နော် နာမည်အပြည့်အစုံဆို ပိုဆိုးသေးတယ် 'ရန်သူမျိုး' တဲ့"

"အေး ... ကောင်းတယ် ... ကောင်းတယ် ... ညည်းတို့နှစ်ယောက်စလုံး နာမည်အဆန်းတွေနဲ့ကြီးပဲ တွေ့နေကြတာကိုး ..."

"ဒါပေါ့ ... 'မမနည်း' ကြီးကတော့ ရိုးရိုးလေးနဲ့ မြန်မာဆန်ဆန်နာမည်လေးရလိုက်တော့ ပြောအားရှိတာပေါ့နော် ချစ် 'ကိုစန်းမြင့်' တဲ့ ... ဘယ်လောက်များ မြန်မာဆန်လိုက်သလဲနော် ..."

"သွားစမ်းပါ တျာလေးရယ် ... နားရှက်ဖို့ကောင်းလိုက်တာ..."





"ဟင်း ... ဟင်း နားရှက်တယ် ... နားရှက်တယ်နဲ့ ညကျတော့ တစ်ယောက်ထဲအိပ်ရာထဲမှ မအိပ်နိုင်ဘဲ တလူးလူးတလိမ့်လိမ့်နဲ့ ကိုစန်းမြင့် ဆိုတဲ့လူက ဘယ်လိုပုံစံလည်း အရပ်ရှည်ရှည်လား၊ ပုပုလား အသားဖြူဖြူအသားမဲမဲလား တွေးပြီး အိပ်မရဖြစ်နေဦးမယ်နော် မမနည်းကြီး ..."


ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဝင်စားစာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com


www.burmeseclassic.com











ဈေးရောက်လို့တွေ့ကြသောအခါမှာတော့ ကိုစန်းမြင့်ဆိုသော လူကပါနေသည်မို့ ကြည်ထံတျာရော သီရိချစ်ပါ သူတို့နှစ်ယောက်ကိုလှည့်မကြည့်ဘဲ မသိချင်ဟန်ဆောင်၍နေပါသည်။

ဒါကို 'ရန်သူ' နှင့် နေဝင်းက အားမလိုအားမရတွေဖြစ်ခဲ့ရပါသည်။

'ရန်သူမျိုး'က ကြည်ထံတျာတို့နေရာနှင့် မလှမ်းကမ်းမှ မျိုးစုံကိုယ်ရောင်ပြနေပါသော်လည်း ကြည်ထံတျာကလုံးဝကို လှည့်မကြည့်တော့ပါ။

ထိုနည်းတူစွာ နေဝင်းက သီရိချစ်ထံချဉ်းကပ်ပါသော်လည်း သီရိချစ်က မသိချင်ဟန်ဆောင်၍နေပါသည်။ သူတို့နှစ်ဦးတွင် တစ်စိမ်းဖြစ်သူ ကိုစန်းမြင့်က ပါနေသည်မို့ ကြည်ထံတျာရော



www.burmeseclassic.com

www.burmeseclassic.com



သီရိချစ်ပါ ခါတိုင်းလို ပေါတောတောအမူအရာတွေနှင့် သူတို့
အပြန်အလှန် ပြောဆိုနေခြင်းမျိုး မရှိတော့ပါ။

အဲဒါကို အံ့သြကြီးစွာနှင့် နှစ်ယောက်သား နေမ
ထိုင်မသာ ဖြစ်နေပါတော့သည်။

ဒီကြားထဲ မဆွေနည်းကလည်း တစ်မျိုး ...

"ဟဲ့ ... ဟိုကောင်လေးနှစ်ယောက်ကို ခေါ်လိုက်ကြဦးလေ
ဟိုမှာ တျာလေးနဲ့ ချစ်ကိုကြည့်ကြည့်နေကြတယ် ..."

"သူတို့ တျာလေးတို့ကိုကြည့်ဖို့က အရေးမကြီးပါဘူး
မမနည်းရယ် အစ်ကိုစန်းမြင့်သာ မမနည်းကို မြင်သွားဖို့
အရေးကြီးတာ ..."

"တွေ့လား 'ချစ်' အစ်ကိုစန်းမြင့်ကြီးက မမနည်းကို မ
မသာ ခိုးခိုးကြည့်နေတာ ... ဒီကောင်တွေ တို့အကြောင်း
ဘာတွေများပြောထားလည်းမှ မသိတာနော် ..."

ဟိုနေ့ကပဲ ဈေးဝယ်ရင်း ဟင်းချက်စရာကို တိုင်ပင်
ပြီးဝယ်မယ်ဆိုပြီး ကောင်းမိကောင်းရဲ့ ပြောထားခဲ့ပြီးမှ ခုတော့
ဇာတ်စိမ်းတွေလိုဖြစ်နေကြသည့် ကြည်ထိတျာနှင့် သီရိချစ်တို့နှစ်
ယောက်ကို ရန်သူမျိုးနှင့် နေဝင်တို့ ဘယ်လိုမှ သဘောမပေါက်နိုင်





လောက်အောင် ဖြစ်နေပါသည်။

"မမနည်း ဘာတွေဝယ်ပြီးပြီလဲ ..."

"အော် ... မောင်လေးတို့ပါလား ... မင်းတို့ကော ဝယ်ပြီး
ကြပြီလား ..."

"ဝယ်တော့ဝယ်တာပဲ ဒါပေမဲ့ လိုတာတွေတော့ရှိသေး
တယ် ... လှူလည်းဈေးကိုပတ်ရတာ သုံးပတ်လောက်ရှိပြီ
မမနည်းတို့နဲ့ ဒီနေရာမှာဆုံတာ သုံးကြိမ်ရှိသွားပြီ သိလား"

"ဟုတ်တယ်နော် ... မမနည်းတို့လည်း ဝယ်လို့မပြီးသေး
ဘူး ..."

သူတို့ကပြောရင်းနှင့် ကြည်ထိတျာနှင့်သီရိချစ်ဘက်
ကို မျက်နှာမူနေကြပါသည်။

ဒါကို သိနေသည်မို့ ကြည်ထိတျာတို့၏ မျက်နှာက
တစ်ဘက်သို့လှည့်ကာ စိတ်ဝင်စားစရာ မကောင်းသောနေရာကို
ပင် ကြည့်ကာ အရမ်းစိတ်ဝင်စားနေဟန် လုပ်နေကြပါသည်။

ကြည်ထိတျာနှင့် သီရိချစ်တို့နှစ်ယောက် သက်သက်
ခွဲယုတ်မာနေကြသည်ကို မဆွေနည်း ကသိပါသည်။ သို့အတွက်
ကြောင့် ကောင်လေးနှစ်ယောက်ကို အရမ်းသနားနေသည်။ အား



www.burmeseclassic.com

www.burmeseclassic.com



လည်းနာနေပါသည်။

သူတို့ခင်ဗျာ အစ်ကိုလုပ်သူ ကိုစန်းမြင့်ကို ဒီအဖွဲ့နှင့် အရမ်းရင်းနှီးသည်ဟု ပြောပြီး ခေါ်လာတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါသည်။

ကြည်ထံတျာတို့ လုပ်လိုက်ပုံက ကောင်လေးနှင့် ယောက်ခင်ဗျာ အစ်ကိုလုပ်သူ၏ ရှေ့မှာ မျက်နှာငယ်ပြီး အရှက်တွေရတော့မှာ သေချာပါသည်။

"မမနည်းတော့ ဝက်သားကိုကြက်သွန်သေးသေး လေးတွေ အုပ်ပြီး နှပ်မယ်ကွာ ပြီးတော့ ပဲခေါင်းခါးသီးသုပ်လေး ရယ် ကြာဇံဟင်းခါးလေးရယ် ချက်ရင်ကောင်းမလားလို့ ..."

"အရမ်းကောင်းတယ် မမနည်း ကျွန်တော်တို့လည်း ဒီ အတိုင်းပဲချက်လိုက်မယ် ..."

"မမနည်း ..."

"ဘာလဲ မောင်လေး ..."

"ဒါကျွန်တော်တို့အစ်ကိုလေ အစ်ကိုစန်းမြင့် ဆိုတာပေါ့"

"ဩော် ... ဟုတ်ကဲ့ ထင်တော့ထင်သားပဲ ဒါ ရန်သူတို့ နေဝင်းတို့အစ်ကိုဖြစ်မယ်ဆိုတာကို ..."





"မမက ဟင်းချက်စိမ်တာကောင်းတယ်ဆိုပြီး ဒီကအငယ် ကောင်တွေက ချီးမွမ်းနေကြတာ ..."

"ဟုတ်လား ..."

"ဒါနဲ့ ဒီအစ်ကိုက အသက်ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော်လား ကျွန်တော်က နှစ်ဆယ့်ကိုးနှစ်ပါ လာမဲ့ တပေါင်းလပြည့်ကျော် ၅ ရက်နေ့ကျရင် အသက်သုံးဆယ် ပြည့်တော့မှာ ..."

"ဟုတ်လား ... ဒါဖြင့်ရင်'ဆွေ'က ငယ်တယ် ... 'ဆွေ' အသက်က ခုမှ နှစ်ဆယ့်ခြောက်နှစ်ရှိသေးတာ အစ်ကိုရဲ့..."

"ဟုတ်လား ... နာမည်က ဆွေတဲ့လား ..."

"နာမည်အပြည့်အစုံက မဆွေနည်းပါ ..."

"ဒါဆို ကျွန်တော်ဆွေလို့ပဲခေါ်မယ်နော် ..."

"ဟင် ကျွန်တော်တို့ကိုတော့ မမနည်းဆို ..."

"အေးလေ မောင်လေးတို့ကတော့ တျာလေးတို့ချစ်တို့ခေါ် သလိုပဲ ခေါ်ကြပေါ့ ... အမှန်တော့ မမနည်းက ကိုယ့်ကို ကို 'ဆွေ' လို့ပြောတာပါကွယ် ... သူတို့က တမင်တကာ နောက်ရင်းပြောင်ရင်းနဲ့ 'မမနည်း' လို့ခေါ်ကြတာ လူကို



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတည်း ဦးကျိုးသွားတာပဲ ... ”

“ဒါဆို ဦးကျိုးလက်စနဲ့ မထူးတော့ပါဘူးနော် ကျွန်တော်တို့လည်း မမနည်းလို့ပဲခေါ်တော့မယ်နော် ... ”

“ခေါ်ပါ ... ခေါ်ပါ ရပါတယ် ... ”

မမနည်းကြီးလေသံက အရမ်းရွှင်နေသည်ကို ကြည်ထံတျာနှင့်သီရိချစ်တို့ နှစ်ယောက်စလုံးသိနေသည်လေ ဒီနေ့တော့ဖြင့် ‘မမနည်း’ ကြီးပျော်နေတာကိုကြည့်ရတာနဲ့တင် သူတို့နှစ်ယောက်ကျေနပ်နေမိပါသည်။ ဟိုနှစ်ယောက်ကတော့ ထား လိုက်ပါတော့ တစ်ခါတလေတော့ စိတ်ညစ်အောင်လုပ်ရမှ သူမတို့ဘက်က အသာစီးရမည်လေ။

ဈေးဝယ်ပြီး ကားဆီရောက်တော့လည်း အတူ ပင် သူတို့ကာကလည်း ကြည်ထံတျာတို့ကားနားမှာပင် ကပ်၍ရပ်ထားပါသည်။

သနားဖို့တော့ ကောင်းပါသည်။ ကြည်ထံတျာတို့ရောက်စဉ်က သူတို့ကားမရှိသေးပါ နောက်မှ ရောက်လာသော သူတို့ကားကို ကြည်ထံတျာတို့ကားနား ကပ်၍ရပ်ထားခြင်း ဖြစ်ပါ ပါ။

✤ စေတနာစာပေ ✤



ကြည်ထံတျာက တစ်ချက်မိုးအကြည့်လိုက်မှာ ရန်သူ၏ အကြည့်နှင့်သွားဆုံမိပါသည်။

“မင်းအကြည့်တွေက စိမ်းကားလှချည်လား နေဝင်းရာ ရန်သူက မသိမသာ ကြည်ထံတျာကိုစချင်သဖြင့် နေဝင်းနှင့် အမည်တပ်ကာ စလိုက်ပါသေးသည် ... ”

မမနည်းက ကားထဲသို့ မဝင်သေးဘဲ ပစ္စည်းတွေကို ကားနောက်ခန်းတွင် အစီအရီဖြစ်အောင် ထည့်နေပါသည်။

ရှေ့ခန်းတွင် ထိုင်နေကျ ကြည်ထံတျာက ကားထဲဝင်မည်အလုပ်မှာ ရန်သူတို့ကားကို ကြည့်လိုက်တော့ လူတစ်ကိုယ်လုံး တုန်လှုပ်မတတ်ဖြစ်သွားပါသည်။ ပိုပြီးသေချာအောင် ကား၏ဦးခေါင်းပိုင်းကိုသွားပြီး တစ်ခါ မသိမသာ ခိုးကြည့်လိုက်ပြန်တော့ ပိုပြီးတော့တောင် သေချာနေပါသည်။ ရန်သူတို့နဲ့ အစ်ကိုမင်းမောင်မောင်ဟာ ဘာများတော်နေပါလိမ့် အရမ်းကိုတော့ စိတ်ဝင်စားစရာကောင်းပါသည်။ ညီအစ်ကိုအရင်းတွေတော့ မဖြစ်နိုင်ပါ။

ဘာကြောင့်လဲဆိုတော့ အစ်ကိုမင်းမောင်မောင်ဟာ တစ်ဦးတည်းသောသားဖြစ်သည်ကို သူမ သိထားပြီးသားလေ သေချာအောင် တစ်ခါထပ်ကြည့်ဦးမည် စိတ်ကူးပြီးကားခေါင်းရှေ့

✤ စေတနာစာပေ ✤

www.burmeseclassic.com

www.burmeseclassic.com



ပတ်ကာ တစ်ခါကြည့်ရပြန်ပါသည်။

ဒါကိုသတိထားမိနေသော ရန်သူနှင့်နေဝင်း
ကြည်ထံတျာကို တစေ့တစ်စောင်းအကဲခတ်နေကြပါသည်။ က
ထွက်တော့လည်း တစ်လမ်းလုံးကြည်ထံတျာခေါင်းထဲမှာ မ
မောင်မောင်ကိုသာ တွေးရင်းပါလာခဲ့ပါတော့သည်။

ကလေးဘဝကနေ သုံးနှစ်တာအတွင်း ချက်ချ
အပျိုကြီးဖားဖားဖြစ်လာသော ကြည်ထံတျာကို မင်းမောင်မော
က မမှတ်မိပေမဲ့ ကြည်ထံတျာကတော့ ... မင်းမောင်မောင်
ကောင်းကောင်းကြီးကို မှတ်မိနေပါသည်လေ။

ဒီကြားထဲ အပျော်ဆုံးလူနှစ်ယောက်ကတော
'မဆွေနည်း' နှင့် ကိုစန်းမြင့်တို့နှစ်ယောက်သာဖြစ်ပါတော့သည်

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







စာကျက်စရာတွေများသည့်ကြားထဲ တွေးစရာတွေ
ပါ အများကြီးဖြစ်နေပါသည်။

"တျာလေး ... နင်ဘာတွေ တွေးနေတာလဲ ... "

"တွေးစရာတွေက အများကြီး 'ချစ်' နင်မသိပါဘူး ... "

"ငါသိချင်တယ်ဟာ ... "

"ငါလည်း နင့်ကိုပြောမှာပါ ခုရက်ထဲမှာ ငါလှုပ်ရှားစရာ
အများကြီးရှိနေတယ် ... မနက်တုန်းကလေ ရန်သူတို့နဲ့
အတူပါလာတဲ့ အစ်ကိုဟာလေ အဲဒါ ကိုကိုမင်း ဆိုတာပဲ
ချစ် ... "

"ဘယ်က ကိုကိုမင်းလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"နှင်ကတော့ မသိဘူးပေါ့ ငါမှာအဲဒီလူဟာ ကိုကိုမင်း
ဟုတ်ပါရဲ့လားလို့ သေသေချာချာ ပြန်ကြည့်ရတယ် ...
ဒါကြောင့် မမကြည်ပြာကို ဖွင့်ပြောရရင် ကောင်းမလား
စိတ်ကူးမိသေးတယ် ... "

"နှင်ဘာတွေပြောနေတယ်ဆိုတာ ငါနားမလည်းဘူး တ
လေး ... "

"ဘယ်နားလည်ပါ့မလဲ အဲ့ဒါတို့မိသားစုရဲ့ လျှို့ဝှက်ချက်
လေ ... သိပ်တော့ လျှို့ဝှက်စရာတော့ မဟုတ်ဘူးပေါ့ ...
ဒါပေမဲ့ ဖြစ်မလာတဲ့အရာတွေအတွက်ကတော့ တတ်နိုင်
သမျှ ဖုံးဖုံးဖိဖိရှိတာက ပိုကောင်းတာပေါ့ 'ချစ်'ရယ် ... ငါက
လည်း ပါးစပ်မလုံတဲ့ လူဆိုတော့ နှင့်ကိုတော့ ပြောပြ
ပါ ... အဲဒီကိုကိုမင်းဆိုတဲ့အစ်ကိုက မမကြည်ပြာရဲ့ ချစ်
လွန်ခဲ့တဲ့ လေးနှစ်လောက်က သူတို့နှစ်ယောက် ချစ်ခဲ့
တာ ... အဲဒီတုန်းက ငါက ခြောက်တန်းလောက်ပဲ ရှိဦးမှာ
ထင်တယ် မမကြည်ပြာသိပ္ပံ ပထမတန်းတက်နေတုန်း
ပေါ့ ... သူတို့နှစ်ယောက်ကြိုက်သွားကြရောဆိုပါတော့
ဟယ် ... မမကြည်ပြာနောက်ဆုံးနှစ်ရောက်တော့ သူတို့နှ





ယောက်အဆင်မပြေဖြစ်သွားကြတယ် ... အိမ်ကလူကြီး
တွေဖျက်လို့မဟုတ်ဘူး ... နှစ်ရောက်စလုံးက အဆင့်အတန်း
တူတွေဆိုတော့ ... သူတို့နှစ်ယောက်ရဲ့ဘဝမှာ အတား
အဆီးဆိုတာ တွေမရှိပါပဲနဲ့ ပြတ်သွားရတာကိုပဲ ငါစဉ်းစား
လို့မရတာ ... "

"နှင်မမကြည်ပြာကို မေးမကြည့်ဘူးလား ... "

"မေးဖို့နေနေသာသာ ကိုကိုမင်းဆိုတဲ့နာမည်ကိုတောင်
အမေးမခံတော့ဘူး ... မေမေကလည်း သူ့ကိုမသိမသာ
မေးတာပဲ သူကဘာကိုမှ မပြောတော့တာ ... မမကြည်ပြာ
အကြောင်းလည်း နှင်သိသားပဲဟာ သူစိတ်က တစ်မျိုးကြီး
ပါ၊ စည်းကမ်းလည်းရှိတယ် စိတ်လည်းကြီးတယ် ငါနဲ့တော့
တခြားစီပဲ ... "

"အောင်မာ အရေးထဲ သူ့ကိုယ့်သူအမွှမ်းတင်နေရသေး
တယ် ... "

"အမွှမ်းတင်တာ မဟုတ်ဘူး ချစ်ရဲ့ နှင်လည်းသိပါတယ်ဟာ
နှင်နဲ့ရွယ်တူသာ မမကြည်ပြာဖြစ်ခဲ့မယ်ဆိုရင် နှင်ပေါင်းလို့
သင်းလို့ရမှာ မဟုတ်ဘူး ... ငါနဲ့မို့သာ စိတ်တူကိုယ်တူနဲ့



www.burmeseclassic.com

www.burmeseclassic.com



အပေါင်းအသင်းတဲ့နေတာ ... တကယ်လို့ပေါ့ဟာ နှင်က
နေဝင်ကို ကျိတ်ခိုက်နေတယ်ဆိုပါတော့ ငါက 'နှင်'ကိုတိုင်
လည်းမတိုင်ဘူး အနှောင့်အယှက်လည်းမပေးဘူး ...ချောက်
လည်းမတွန်းဘူး နေဝင်ဆိုတာ ဘယ်လိုကောင်လေးလဲ...
အမျိုးသားကောင်းလေးလား ခပ်ပေပေတေတေလေးလား
ဆိုတာကိုစုံစမ်းမယ် ... မိကောင်းဖကောင်း သားသမီးဆိုရင်
နှင်နဲ့အဆင်ပြေအောင် ငါလှုပ်ရှားမယ် ဒါပဲ အဲဒါငါရဲ့ ရိုးသား
တဲ့ သဘောထားအမှန်အကန်ပဲ ချစ် ... "

"အပြောကြီးတဲ့ တျာလေး ငါ့ကိုသာပြောနေတာ တကယ်
တော့ နှင့်လည်း ရန့်သူကို ကျိတ်ခိုက်နေတာမို့လား ... "

"ငါမငြင်းပါဘူး ... ဒါပေမဲ့ ငါ့ရည်မှန်းချက်ပန်းတိုင် မရောက်
မချင်းတော့ ငါဘယ်သူ့ကိုမှ မစဉ်းစားသေးဘူး ... တစ်
တော့ရှိတယ် ငါအပျိုကြီးတော့မလုပ်ဘူး ... ဒါပေမဲ့ ...
ငယ်ငယ်ရွယ်ရွယ်နဲ့တော့ ရည်းစားမထားဘူး ... ခု
ငါ့ဘဝအတွက် အရမ်းအရေးကြီးတဲ့အချိန်မို့ ငါပိုတော
မစဉ်းစား သေးတယ် ... ခေါင်းထဲကို မဟုတ်တာတွေ ဝင်
လာရင်တောင် ငါကြိုးစားပြီး ဖယ်ထုတ်ပစ်တယ် ... "





"နေပါဦးဟာ ... မမကြည်ပြာအကြောင်းပြောနေရင်းက
စကားတွေကပြောင်းသွားပြန်ပြီ ... "

"အဲဒါနဲ့ သူတို့နှစ်ယောင်ကွဲသွားကြတာ ၂ နှစ်လောက်ရှိပြီ
ငါ့သူငယ်ချင်းတွေကပြောတော့ ကိုကိုမင်းကိုသူ့အတန်း
သားထဲက ကောင်မလေးတစ်ယောက်က အတင်းလိုက်
ကြိုက်တယ်တဲ့ ... အဲဒါကို မမကြည်ပြာသိတော့ သူတို့နှစ်
ယောက် ခဏခဏရန်ဖြစ်ကြတယ် ... စိတ်ကောက်ကြ
တယ်ပေါ့ဟာ ... တစ်နေ့တော့ ဟိုကောင်မလေးက အိမ်က
ကားမလာလို့ ကိုကိုမင်းက လိုက်ပို့ပေးတဲ့အခါမှာ မမကြည်
ပြာနဲ့တန်းတိုးသွားတယ်တဲ့ ... အဲဒီနေ့ကစပြီး မမကြည်ပြာ
ဟာ ... ကိုကိုမင်းကို အဆက်အသွယ်ဖြတ်လိုက်တာတဲ့
ကိုကိုမင်းက ဘယ်လိုတောင်းပန်ပန် မရတော့ဘူးတဲ့လေ
နှင်လည်း မမကြည်ပြာအကြောင်းသိသားနဲ့ဟာယ် ကိုကိုမင်း
ကို စိတ်ဆိုးလို့သာ ဖြတ်လိုက်တာ ... သူလည်းအရမ်းကို
ခံစားနေရတာတော့ ငါသိတယ် ... "

"လူကြီးတွေကကော ဝင်မဖျောင်းဖျပေးကြဘူးလား ... "

"ဟဲ့အင်း ... အဲဒါကတော့ သူတို့ကသာကြိုက်နေတာလေ



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေက တစ်ယောက်နဲ့တစ်ယောက် ကမ်းလှမ်းပြီးသား ပြောဆိုပြီးသား မဟုတ်ကြတော့ သူတို့ဟာသူတို့ အလိုလိုပ ပြတ်သွားကြတာပေါ့ပါဟယ် ... ကိုကိုမင်းကလည်း သနားပ တယ်ဟယ် ... ခု ငါသူ့ကိုမြင်တော့ တကယ် စိတ်မကောင်း ဘူး ... အရွယ်ကတော့ ခါတိုင်းလိုပါပဲ အလုပ် နဲ့အကိုင်နဲ့ ဆိုတော့ သူ့ကြည့်ရတာ ပိုပြီးရင့်ကျက်လာသလို တော့ တယ် ... ”

“နင်ကလည်းဟယ် သွားနှုတ်ဆက်လိုက်ရောပေါ့ ... ”

“ငါလည်း စဉ်းစားနေသေးတာ နှုတ်ဆက်ရကောင်းမလား လို့ ... တော်ကြာ မမကြည်ပြာဆွမှာလည်းစိုးရသေးတယ် လေ ... ဒါကြောင့်ဒီအတိုင်းပဲ ကြည့်နေတာ ငါသာနှုတ်ဆ လိုက်မယ်ဆိုရင် ကိုကိုမင်းပျော်ရင်ပျော်သွားမှာနော် ပြီ တော့ သူအခုအိမ်ထောင်များကျနေပြီလား မသိဘူးနော်”

“ဒါကတော့ လွယ်ပါတယ် တျာလေးရယ် ဒီကောင်လေ ရှိနေမှတော့ ဘာကိုပဲစုံစမ်းစုံစမ်း ရပါတယ် ... ”

“ငါ မမကြည်ပြာကို ကိုကိုမင်းနဲ့ ပြန်ပြီးအဆင်ပြေစေ တယ်ဟာ တကယ်လို့ ကိုကိုမင်းကလည်း မိန်းမ,မရသေ





ဘူးဆိုရင်တော့ အတိုင်းထက်အလွန်ပဲ အရမ်းကို ‘ဂွတ်’ သွား မှာ နင့်အတွက်လည်း အဆင်ပြေသွားတာပေါ့ ဟုတ်တယ်မို့ လား တျာလေးရဲ့ ... ”

“ဒါပေါ့ နင်တောင် ကြားကအစစ်ပါနေဦးမှာ ... ”

“လုပ်လိုက်လေ ... ”

“မိန်းမ တော်တော်ကဲနေနော် ‘စာကျက်’ ကိုယ့်ဘဝကို အဆင်ပြေစေချင်တယ်ဆိုရင် စာကျက် ... ဒါပဲ ... ”

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဝင်စားစရာများ ပေးပို့လိုပါလျှင် အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com











စာမေးပွဲတွေနီးနေပြီမို့ ကြည်ထံတျာနှင့်သီရိချစ်
ကို ကြည်ပြာကဈေးမဝယ်နိုင်းတော့ပါ။

ကိုကိုမင်းနဲ့ပတ်သက်ပြီး သိပ်သိချင်နေကာမှ ကိုကို
နှင့် စတွေ့ပြီးသည့် နောက်ပိုင်းကစပြီး ရန်သူနှင့်နေဝင်ကို
ည်ထံတျာ မတွေ့ရတော့ပါ။

တကူးတက လိုက်ရှာကာမှ သူတို့နှစ်ယောက်က
ကျက်ချက်သားကောင်းနေပါသည်။

သူတို့လာချင်တဲ့အခါကြတော့လည်း လမ်းထဲမှာ
င်လို့တောင် မလွတ်အောင်ပါပဲလေ ခုတော့ သူတို့နှစ်ယောက်
ာ ကြည်ထံတျာနှင့်သီရိချစ်တို့ကို မတွေ့ချင်တော့ဘူးတဲ့လား
ကျက်ရတာ စိတ်ထဲကမဖြောင့်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ရေ အပြင်ထွက်ပြီး မုန့်လေးဘာလေး ဝယ်စားရအော
နော် ... "

"နင်ဟိုကောင်တွေကို အရမ်းတွေ့ချင်နေလို့မို့လား ...

"ဟုတ်တယ် အဲဒါအဓိကပဲ ... "

"အေး ငါလည်း ညက အင်္ဂလန်ပွဲလေးတစ်ကွက်ကြည့်လို
မိပါရဲ့ 'အိုဝင်' ကိုမြင်သွားတော့ သူ့ကိုအရမ်း ... အရမ်း
သတိရနေတာ ... "

"အပေါ့မ ... "

အိမ်ဝက ထွက်လာစဉ်ကတည်းက ခြေထော
တွေက မလှမ်းချင်လှမ်းချင်သလို လှုပ်လီလှုပ်လဲ့ဖြစ်နေကြပါသည
လမ်းလျှောက်တာသွက်လွန်းရင်လည်း သူတို့နဲ့ လွဲသွားနိုင်သည
လေ။

"ချစ်ရေ ဟိုရှေ့က လက်ဖက်ရည်ဆိုင်ထဲက ထွက်လာ
သူတို့နှစ်ယောက်မို့လား ... "

"ဟုတ်တယ် ... ဟုတ်တယ် ... "

"ဟဲ့ နင်တို့ဘယ်တွေလျှောက်လည်နေတာလဲ စာမကျ
ဘူးလား ... "





"ရန်သူကော နေဝင်ပါ သူတို့ဘက်လှည့်မကြည့်ပါ ... "

"ဒါသဖြစ်စရာကောင်းလိုက်တာ ယောကျ်ားလေး တန်မဲ့
သူတို့ကများ စိတ်ကောက်တယ် ရှိရသေးတယ် ... "

"မခေါ်နဲ့တော့ ချစ် ခေါ်လည်းဒီကောင်တွေထူးမှာ မဟုတ်
ဘူး ငါသိတယ် ... ဟိုနေ့က ဈေးထဲမှာ သူတို့နှစ်ယောက်
ကိုတို့က မသိချင်ဟန်ဆောင်ပြီး မခေါ်ဘဲနေတာကို ကလဲ့
စားချေတာပဲ ဖြစ်မယ် နေပါစေတော့ဟာ ... "

"ထပ်ခေါ်လိုက်ပါဦး တျာလေးရယ် ... ငါနေဝင်နဲ့ စကား
လေး တစ်ခွန်းနှစ်ခွန်းမှ မပြောလိုက်ရရင် စိတ်ဆင်းရဲပြီး
စာကျက်လို့ရတော့မှာ မဟုတ်ဘူး ... "

"အို့ ကျက်လို့မရခါမှနေရောပဲ ငါတို့မြိန်းကလေးဈေးကျ
တယ် ... လာသွားမယ် ချစ် ဘာမှလည်းမစားတော့ဘူး
စိတ်ညစ်တယ်ဟာ အိမ်ပြန်တော့မယ် ... "

"အေး နင်လည်း စိတ်ညစ်နေတာပဲမို့လား ဒီလိုသာသူတို့က
ကောက်လိုက် ငါတို့ကကောက်လိုက်နဲ့ဆိုရင် သံသရာတွေ
ကရှည်တော့မှာပေါ့ တျာလေးရယ် ... ပြီးတော့ ကိုယ့်မှာ
လည်း စိတ်မချမ်းသာ သူတို့နှစ်ယောက်မှာလည်း စိတ်မ



www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာနဲ့ ဟယ် တွေးကြည့်ရင် စိတ်ညစ်စရာတွေချည်းပါ ပဲ ... ”

“ငါကတော့ အဲဒီလိုမအီမသာကြီးနေရတဲ့ အဖြစ်ကို လုံးဝ မကြိုက်ဘူး ... ငါကပဲ စခေါ်ရခေါ်ရ အဓိကကတော့ ... ပြေလည်ရင် ငါကျေနပ်တယ်ဟာ ဘယ်လိုလည်း တချာလေး တို့သူတို့ကို တစ်ခါလောက် ထပ်ခေါ်ကြည့်ရအောင်လား”

“နင်ခေါ်ရင်ခေါ်လေ ငါကတော့ မခေါ်တော့ဘူး ... ”

“နင်သူတို့ဆီက သိချင်တာတွေရှိသေးတယ်မို့လား ... အဲလို ဆိုဘယ်လိုသိရတော့မလဲ ... ”

“မသိရလည်းနေပါစေတော့ ဒါငါ့အကျိုးလည်း မဟုတ်ဘူး မမကြည်ပြာအတွက် မေးပေးရမှာ သူတို့နှစ်ယောက်က တော့ နဂိုရ်ကတည်းက ပြတ်ပြီးသားဆိုတော့ ဒုံရင်း ... ဒုံရင်းပဲလေ ... ”

“ချစ် ... ငါပြောတာကိုနင်လက်ခံလား ... ”

“ခံရတော့မှာပေါ့ နင်စီစဉ်အတိုင်းမလိုက်နာရင် ငါ့ကိုရန်လုပ် ဦးမှာမို့ ... ”

“ဒါပေါ့ ... ”





“ကဲ ဘာမှမဟုတ်တာတွေ စိတ်ကူးမနေနဲ့ ချစ် စာမေးပွဲကြီး လည်းနီးပြီ စာကိုသာနာနာကျက် လောကကြီးကို နင်စိတ် နာနေရင် စာကိုသာဖိကျက် တစ်နေ့ နင်အကျိုးထူးခံစားရ လိမ့်မယ် အဲဒါ ငါ့ရဲ့ မှန်ကန်သောယုံကြည်ချက်ပဲ ... ”

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၄၄၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com











မနက်အစောကြီး မမနည်း ဈေးသွားတာမြင်တော့ ကြည်ထံတျာရောသီရိချစ်ပါ စိတ်တွေမကောင်းဖြစ်နေပါသည်။

အပေါ်ထပ်မှာ အစောကြီးစာထကျက်နေကြတဲ့ သူတို့နှစ်ယောက်ဈေးကို လိုက်မသွားရသည့်အတွက် ရင်ထဲဟာတာတာဖြစ်ကာ ကျန်ရစ်ခဲ့ပါသည်။

"တျာလေး ..."

"ဘာလဲ ..."

"ဟိုနှစ်ယောက်ကော ဈေးဝယ်ထွက်သေးလား မသိဘူး နော် ..."

"ဝယ်မှာပေါ့ဟ ..."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ဆို သူတို့လည်းဈေးမဝယ်သင့်တော့ဘူးနော် — စာမေးပွဲက အရမ်းကိုနီးနေပြီမို့လား ... "

"ဒါပေမဲ့ ချစ်ရယ် သူတို့ယောက်ျားလေးတွေက ငါတို့လိုပြီး ပြီး တစ်ချိန်လုံး စာကြည့်နေကြတာ မဟုတ်ဘူးဟ သူတို့ ကတကယ်ဆို တို့မိန်းကလေးတွေထက် ပိုပြီးညဏ်ကောင်း ကြတာ ... တို့လို ထိုင်ရာကမထဘဲ ကျက်နေစရာမလိုဘူး တစ်နေ့ကို သုံးလေးနာရီလောက် ကျက်လိုက်တာနဲ့ လုံ လောက်သွားရောပဲ ... ပြီးတော့ အမှတ်ကြတော့လည်း သူတို့က ပိုတောင်များများရသေးတယ် ... "

"အေးနော် အားကျဖို့ကောင်းလိုက်တာ ... "

စကားပြောလို့ပင် မဆုံးသေးပါ ဘယ်အချိန်က ဈေး ကပြန်ရောက်လာသည်မသိ မဆွေနည်းကြီးတစ်ယောက် ကျွတ် ကျွတ်အိတ်လေးကို ပိုက်ကာ ကြည်ထံတျာတို့နှစ်ယောက် ရှိရာသို့ ရောက်လာပါသည်။

"ဘာမုန့်တွေလဲ မစားချင်ပါဘူးဆိုနေမှ မုန့်တွေပဲ လာလာ ကျွေးနေတယ် ... တကတည်းမှပဲ ရင်ထဲကချောင်ချောင် ချိချိနဲ့ ပျော်တုန်းရွှင်တုန်းတက်ကြွနေတုန်းကတော့ဒီမုန့်တွေ





မကျွေးဘဲ စိတ်ညစ်နေတော့မှပဲ ဒီမုန့်တွေကို သတိတရနဲ့ လာလာကျွေးနေတယ် ... မစားဘူး ... "

"မစားလည်းနေပေါ့ ဒါဖြင့် သွားတော့မယ် ဒီကဖြင့် ကြည် ပြာ မမြင်အောင် ခိုးဝှက်ပြီးယူလာရတာ သွားမယ် ... "

"မမနည်းကြီး ဘာလဲဟင် တျာလေးအလကား စနေတာ ပါ ... လာ ... လာစမ်းပါဦး မမနည်းကြီးရဲ့ ... "

"ဒီလိုပဲ ဖြစ်ရမှာပေါ့ ... "

"မမနည်း အထုပ်ကြီးလည်းပေးလေ တျာလေးကို ... "

"နေစမ်းပါဦး တျာလေးရဲ့ မမနည်းပြောပါရစေဦး ... ဈေး ထဲမှာ ဟိုကောင်လေးနှစ်ယောက်နဲ့ တွေ့ခဲ့တယ် နင်တို့ တွေစိတ်ကောက်နေကြတယ်ဆို ... မမနည်းလည်း မသိရပါ လား သူတို့ပြောပြမှ သိတာ ... သူတို့ကပြောတယ် တျာ လေးနဲ့ချစ် စိတ်ဆိုးနေကြတယ်တဲ့ ... သူတို့စိတ်ပြေသွား အောင် မမနည်းကြီးက သူတို့နှစ်ယောက်ကိုယ်စား တျာ လေးနဲ့ချစ်ကို ဝိုင်းကူပြီးပြောပေးပါတဲ့ ... ပြီးတော့ ... တျာလေးနဲ့ချစ်ကို ဒီအထုပ်လေးတွေ ပေးပေးပါတဲ့ ... "

"ရော့ ဒီမှာ ... "



www.burmeseclassic.com

www.burmeseclassic.com



အထုပ်ကလေးနှစ်ထုပ်က အရွယ်အစားကော ဖုံးပါအတူတူပါ ကြည်ထိတျာ၏ နာမည်ကိုတပ်ထားသော အထုပ်လေးက အနီရောင်ဖြစ်ပြီး သီရိချစ်အတွက်အပြာရောင်လေး ဖြစ်ပါသည်။ ဒီအရောင်နှစ်ခုကလွဲလျှင် အားလုံးအတူတူပင် ဖြစ်ပါသည်။

အထုပ်ကလေးတွေ ကိုယ်စီပိုက်ကာ ဝမ်းပမ်းတသာ ဖြစ်နေကြပါသည်။

"ဒါကြောင့် မမနည်းကြီးကိုချစ်တာ အရမ်းအားကိုးရတာပဲ"

"မမနည်း သွားတော့လေ အောက်ထပ်မှာ အပျိုကြီးတစ်ယောက်တည်း ဖြစ်ပြီး သွေးရူးသွေးတန်းနဲ့ အပေါ်ထပ်တက်လာဦးမယ် ခဏသွားနေပေးလိုက်နော် ..."

"ဟယ် မမနည်းကော မကြည့်ရတော့ဘူးလား ..."

"နောက်တော့ ပြမှာပေါ့ မမနည်းရယ် စိတ်ချ တော်ကြာ သံမီးကျိုးရောက်လာမှ အားလုံးကွဲမှာ ... ခဏသွားနေပေးလိုက်ပါနော် မမနည်း ..."

ကိုယ့်နာမည်နှင့်ဘူးလေးကို ကိုယ်စီကိုယ်င ဖွင့်ကြည့်လိုက်ကြပါသည်။

"ဟယ် ခွေးရုပ်လေး လှလိုက်တာ ဖြူဖွေးနေတာပဲ ..."





"ငါက အဝါရောင်လေး ..."

အရုပ်လေးနှင့်အတူ စာလေးတစ်စောင်စီပါတွဲ၍ထားသေးသည်။ စာလေးကို ဖောက်၍ဖတ်လိုက်ကြပါသည်။

*ကျာလေး*

*အရမ်းစိတ်ဆိုးနေလား ကျွန်တော် ရန်သူမျိုး တောင်းပန်ပါတယ် ... ကျာလေးရှေ့ထဲမှာ ကျွန်တော့်ကိုမခေါ်ဘဲ နေတယ်နော် ...*

*ကျွန်တော် အရမ်းခံစားရပါတယ် ဒီဝေဒနာမျိုးကို ကျာလေးကိုလည်း ခံစားစေချင်လို့ တမင်ကိုမခေါ်ဘဲနေတာပါ ...*

*ကျာလေး စိတ်ဆိုးပြေပါတော့နော် ... စိတ်ဆိုးပြေမယ်ဆိုရင်တော့ ဟိုနေ့က ကျာလေးနဲ့စတွေ့တဲ့ထမင်းဆိုင်ကို မနက်ဖြန် ကျာလေးတို့နဲ့ ပထမဦးဆုံးတွေ့ခဲ့တဲ့အချိန် ၁၁ နာရီခွဲကို လာခဲ့စေချင်ပါတယ် ...*

*- ခင်မင်မှုများစွာနဲ့*

*ရန်သူမျိုး*



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ထိတ္ထာတစ်ယောက် စာလေးကို ရင်မှာပိုက်ထား

ကာ အရမ်းဝမ်းသာနေမိပါသည်။

"ချစ် နင်ဖတ်ပြီးသွားပြီလား ... ရော့ လဲပြီးဖတ်ကြ

အောင်"

"ဟင် သူတို့နှစ်ယောက်စာတွေက အတူတူပဲနော် ...

ယောက်တိုင်ပင်ပြီးရေးထားတာ ဖြစ်ရမယ် ... "

"အေးလေ တိုင်ပင်လို့လည်း ရနေတာကို သူတို့နှစ်ယော

စလုံးရော ငါတို့နှစ်ယောက်စလုံးပါ ခံစားချက်တွေက အ

တူဖြစ်နေတာကိုနော် ... ပြီးတော့ သူတို့နှစ်ယောက်

လည်း ဝမ်းကွဲညီအစ်ကိုတွေ တို့နှစ်ယောက်ကလည်း ဝမ်း

ကွဲညီအစ်မတွေ ဖြစ်နေတယ်လေ ... "

"ပျော်စရာကြီးနော် တ္တာလေး ... "

အေး ငါလည်းပျော်တာပဲ ခုတော့ ငါရင်ထဲကတင်းကျပ်

တာတွေ အလိုလိုပြေလျော့သွားပြီ ချစ်ရဲ့ ... ဒီညစာ

ကို အားရပါးရ ကျက်ပစ်လိုက်မယ် ... "

"ဘယ်သူ့အတွက်လဲ တ္တာလေးရဲ့ ... "

"ရန်သူ့အတွက်လေ ... "





"ဟင်း ... ဟင်း ... ဟင်း"

"မနက်ဖြန်ကျရင် အိမ်မှာ ထမင်းမစားရင် မေကြည့်ပြာက

ဘယ်လိုပြောမလဲ ... "

"နင်ကလည်း 'အ' ရန်ကော ချစ်ရယ် ထမင်းကို ဆရာမက

ခေါ်လို့ဆိုပြီး စောစောစားထာပေါ့ဟဲ့ ပြီးတော့ အရမ်း

လည်း ဗိုက်တင်းအောင် မစားနဲ့ပေါ့ စားတယ်ဆိုရုံလေးစား

ရင်ပြီးတာပဲဟာကို ... ငါ့မနည်းကြီးကိုတော့ နည်းနည်း

အရိပ်အမြွက်ပြောထားလိုက်မယ် သိလား ... "

"အေး ကောင်းတယ် ... "

ပြောပြောဆိုဆို သီရိချစ်က သူမ၏အရုပ် အဝါရောင်

လေးကို ကောက်ယူလိုက်ပါသည်။

"ခွေးရုပ်လေးက ချစ်စရာလေးနော် ... ငါအရမ်းကြိုက်တာ

ပဲ ... "

"အရုပ်ကလေးကိုပဲ ကြိုက်တာလား ချစ် ... "

"မသိဘူးဟာ အရုပ်ကလေးကို ကြိုက်တာတော့ အမှန်ပဲ"

သူတို့နှစ်ယောက်စလုံးရဲ့ စာကြည့်စားပွဲမှာ ခွေးရုပ်

အဝါရောင်လေးနဲ့ အဖြူရောင်လေးတွေက ငုတ်တုတ်လေးတွေ



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဒီအရုပ်လေးတွေက ဘာအရွေးထပြီး တင်ထားကြတာ လဲ ..."

"ချစ်လို့လေ မမကြည်ပြာရဲ့ အရုပ်လေးတွေက ချစ်စရာ လေးတွေနော် အဲဒါကြောင့် ကျားလေးတစ်ကောင် ချစ် တစ်ကောင် ဝယ်ပြီးတင်ထားတာ ... စာကျက်ရင် ငြီးငွေ့ တဲ့အခါ ဒီအရုပ်လေးတွေကြည့်ပြီး အလွမ်းပြေ အဲလေ အငြီးပြေကြည့်ရအောင်လို့ ..."

"ကြီးကျယ်လိုက်တာ အရွေးမလေးတွေ ..."

"ဟာ သိပြီ ... သိပြီ ချစ်ရေ မမကြည်ပြာအတွက်လည်း ခွေးရုပ်အကြီးကြီး ရှာဝယ်ပေးရရင်ကောင်းမှာပဲနော် ... မမကြည်ပြာအလွမ်းပြေ အဲလေ ငါဒီပါးစပ်ကြီးကလည်း ဘာတွေပြောနေမှန်းကို မသိဘူး ... မမကြည်ပြာအပျင်းပြေ ခွေးရုပ်ကြီးကို ပိုက်ပြီး ဓီးထုပ်စားရင် တီဗွီကြည့်နေတဲ့ လေးကို ငါမြင်ချင်လွန်းလို့ ..."

"အေး ဒါပေမဲ့ မမကြည်ပြာကနင်တို့လို အရွး မဟုတ် ဆိုတာသိထားဖို့ပဲ ရုပ်ရှင်ထဲမှာ မင်းသမီးတွေ အရုပ်ကြီး ပိုက်လို့ပိုက် အိပ်ရာထဲမှာ အရုပ်ကြီးတွေထားလို့ထားနဲ့ အဲ





ဆို မမကြည်ပြာက အရမ်းမုန်းတာ ..."

"မမကြည်ပြာက မကြိုက်တတ်လို့ပါ တဖြည်းဖြည်းအရုပ် ကြီးတွေကို ကြိုက်တတ်တဲ့ အကျင့်လုပ်ပေး ... ကျားလေး တို့ဆို စတိုးဆိုင်က အရုပ်ကြီးတွေကို မြင်ရင်အရမ်းလိုချင် တာ သိလား ..."

"ကဲပါ စာသာကျက်စမ်းပါ မမကြည်ပြာနင်တို့ကို စာကျက် မကျက်လာပြီး ချက်ကင်လုပ်တာ ..."

"ဒီအတွက်တော့ မပူနဲ့ မမကြည်ပြာရေ့ ဒီက ကျားလေးတို့ က ကိုယ်ပိုင်ရည်မှန်းချက်တွေ ရှိပြီးသားပါနော် ..."

"ကြီးကျယ်နေလိုက်တာ ..."

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com











"ထမင်းခူးတာ စောလှချည်လား မမနည်း ... ကျာလေး တို့က ဆရာမဆီသွားရဦးမယ်တဲ့ အဲဒါကြောင့် စောစောစီးစီး သူတို့ထမင်းစားသွားမယ်ဆိုလို့ ခူးပေးတာတာလေ ... "

"ကြည်ပြာကော စားတော့မလား ... "

"နေပါစေဦး ကလေးတွေသာ အရင်ခူးပေးလိုက်ပါ ကြည်ပြာနဲ့ 'မမနည်း' နောက်မှစားတာပေါ့နော် ... "

"ကောင်းသားပဲ ... "

"ဟဲ့ စားတာနည်းလှချည်းလား ကျာလေးနဲ့ ချစ်ရယ် "

"စောသေးတော့ သိပ်မစားနိုင်သေးဘူး မမကြည်ပြာရဲ့"

"ဒါဆို ပြန်လာတော့ တစ်ခါထပ်စားကြ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ..."

မမကြည်ပြာ မရိပ်မိစေရန် နှစ်ယောက်သား ရိုး
သားသား ဝတ်စားထားပါသည်။

မျက်နှာကိုလည်း ဘာမှထူးထူးထွေထွေ ခြယ်သ
ထားခြင်း မရှိပါ။

ဒါမှ မမကြည်ပြာက သူတို့ကို ဆရာမက အခွင့်
ခေါ်သင်ပေးတယ်ဆိုတာကို ယုံမှာလေ။

"သွားမယ်နော် မမကြည်ပြာ သိပ်မကြာပါဘူး အလွန်ဆုံး
နေ့လယ်နှစ်နာရီလောက် ပြန်ရောက်မှာသိလား ..."

"အေး ... အေး ... ကားလည်းကြည့်သွားဦး ..."

"ဟုတ် ..."

နှစ်ယောက်သား ပေါ့ပါးသွက်လက်စွာထွက်သွား
ကြပါတော့သည်။

"ချစ် ဒီတစ်ခါသူတို့ကိုတွေ့ရင် ဂျစ်တိုက်တဲ့စကားတွေ
မပြောပါနဲ့တော့ဟာ တို့နှစ်ဦးနှစ်ဘက်စလုံး အရှမ်းခံ
လွန်းလို့ပါနော် ..."

"နင်ကများ ကြီးကြီးကျယ်ကျယ် လူကောင်းလုပ်လို့ ..





တကယ်တော့ ... နင်ဆိုးတာ နင်ပဲ အဲဒီနေ့တုန်းက ငါ့ကို
စကားမပြောနဲ့ဆိုပြီး သင်ထားတာလေ ဟုတ်တယ်မို့လား"

"ထားပါတော့ဟာ ငါအပြစ်ပဲလို့ ငါကလည်း တမင် သူတို့
ကို 'စ' ချင်တဲ့သဘောပါဟယ် ..."

"မတွေ့တာကြာတော့ တစ်မျိုးကြီးပဲနော် တျာလေး လူက
နည်းနည်းရုက်သလိုလိုကြီးပဲ ..."

"ဘာမှ ရှက်စရာမလိုပါဘူး ဒီကောင်တွေက အ'ပေါ'တွေ
အပေါတွေဆိုပြီး အထင်မသေးနဲ့နော် ... နောက် တို့ထက်
ခင်ရမယ့်သူကိုတွေ့လို့ အဲဒီဘက်ကို ပြောင်းသွားရင် နင်ပဲ
ခံစားရမှာ တျာလေးရဲ့ ..."

"နင်သာဖြစ်မှာ ချစ် ... နင့်အသည်းက အရှမ်းနုတယ်ဆို
တာ ငါသိတယ် ..."

"ပြောထားဦးပေါ့ တျားလေးရယ် နင့်ကိုတော့ငါ အနိုင်မယူ
ချင်တော့ပါဘူး ..."

"ဟေ့ ဟိုမှာ တွေ့လား ရန်သူနဲ့ နေဝင် ဆိုင်ရှေ့မှာ ထွက်
စောင့်နေကြတယ် ..."

"တော်သေးတာပေါ့ ရောက်နှင့်နေလို့သာ တို့ထက်နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျုမ့်ရောက်ရင် ဒီကောင်တွေကို စိတ်ကောက်ပစ်လိုက်မှာ…"

"အမလေးဟယ် နင်ကလဲ အရေးထဲ နှုးကလီးယားလုပ်နေဖို့ အချိန်ရသေးတယ် …"

"စောင့်နေရတာကြာပြီလား …"

"သိပ်မကြာသေးပါဘူး …"

"လာလေ … ငါတို့နေရာကောင်းကောင်းလေး ရွေးထားတယ် …"

"စာတွေတော်တော်ကျက်ပြီးသွားပြီလား …"

"မဆိုးပါဘူး ခုရက်ထဲအပြင်လည်းမထွက်ဖြစ်တော့ စာတွေပဲ လိုမှကျက်ဖြစ်နေတယ် … ငါတို့အစ်ကိုကလည်း အပြင်ထွက်ရင် ဆူတယ် … ဒီလောက်စာမေးပွဲနီးနေမှ အပြင်ထွက်ရပ်မလားတဲ့ ပြီးတော့ ဈေးကိုလည်း မလိုက်နိုင်တော့ဘူး … ဒါတောင် ဟိုနေ့က နင်တို့ကိုလက်ဆောင်ပေးချင်လွန်းလို့ အတင်းပူဆာပြီး လိုက်လာရတာ မမနည်းကြီး စီစဉ်ပေးတဲ့ဟင်းလည်း မစားရတော့ဘူးလေ"

"နင်တို့ ဘာဟင်းနဲ့စားမလဲ …"





"ရပါတယ် တို့အားလုံးစားတယ် နင်တို့ကြိုက်တာသာမှာ"

နေဝင်းနှင့် သီရိချစ်တို့နှစ်ယောက် စကားတွေပြောနေခဲ့ကြသလို ကြည်ထံတျာ၏စကားတွေကို စိတ်ဝင်တစားရှိနေသူက ရန်သူပင် ဖြစ်ပါသည်။

"နင့်အစ်ကိုက အစ်ကိုမင်းမောင်မောင် ဟုတ်ပါတယ်နော်"

"ဟုတ်တယ် … နင် အစ်ကိုမင်းကိုသိလို့လား …"

"သိတယ် … ငါ့အစ်မနဲ့ ပတ်သက်ပြီးတော့လေ …"

"ငါတို့နဲ့က အစ်ကိုဝမ်းကွဲတွေပေါ့ဟာ အမေ အဖေမောင်နှမတွေက မွေးထားကြတာတွေပါ … နေဝင်းကမန္တလေးမှာနေတာ … ငါက အောင်ဆန်းမှာနေတာ အဖေက လျှပ်စစ်အင်ဂျင်နီယာ …"

"ဒါဖြင့် နင်တို့စာမေးပွဲဖြေပြီးရင် ပြန်ကြတော့မှာပေါ့နော်"

"ပြန်ရတော့မှာပေါ့ အမေကလည်း ငါတို့ကို သတိရလှပြီလေ … ဒါပေမဲ့ ရန်ကုန်ကိုတော့ မကြာခဏပြန်လာမှာပါ… အစ်ကိုမင်းက တို့မရှိရင် တစ်ယောက်တည်း ပျင်းနေမှာလေ… ဟိုးနှစ်နှစ်ကျော်လောက်က အစ်ကိုရဲ့ အမေကော အဖေကော ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြတော့



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို့ခင်ဗျာ တစ်ယောက်တည်း ဖြစ်နေရှာတာ ဒါကြောင့် ငါတို့နှစ်ယောက်က အစ်ကိုနဲ့လာနေပေးကြတာ… ”

“ကိုကိုမင်းက အိမ်ထောင်မပြုသေးဘူးနော် … ”

“ဘယ်ကသာ ငါတို့ကို သူပြောတော့ သူ့တစ်သက်မှာ ဘယ် မိန်းကလေးကိုမှ အိမ်ထောင်ပြုဖို့ မစဉ်းစားဘူးတဲ့ … အ နင်ပြောမှပဲသိတာ တျာလေးရဲ့ အစတုန်းက အစ်ကို့မှာ ချစ် သူ ရှိတယ်ဆိုတာကိုတော့ ကြားဖူးနေတယ် အစ်ကိုစနေ ပြောတာလေ … နောက်တော့ သူတို့ဘယ်လိုကွဲသွားတာ အဲဒီအစ်မဟာ ဘယ်သူဖြစ်တယ်ဆိုတာကိုတော့ ငါတို့လုံး မသိခဲ့ဘူး … ခုနင်ပြောမှပဲ နင့်အစ်မ မမကြည်ပြာဖြစ် တယ်ဆိုတာကို သိရတော့တာ … ”

“သူတို့ ကံကောင်းတယ်ဆိုရမှာပေါ့ ‘ရန်သူ’ ရယ်နော် … တစ်ယောက်နဲ့တစ်ယောက် ဘယ်တော့မှ ပြန်မဆုံဆည်း နိုင်ကြတော့ဘူးလို့ တွက်ထားပြီးကာမှ ခုလို တို့တွေကြောင့် ပြန်ဆုံရတာနော် … ”

“သူတို့နှစ်ယောက် အဆင်ပြေသွားရင် ကောင်းမှာပဲနော် တျာလေးတို့လည်းပဲ … ”





“ဘာပြောတယ် ရန်သူ … ”

“ဪ သူတို့နှစ်ယောက်အဆင်ပြေသွားရင် ငါတို့သူငယ် ချင်းတွေလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ ရာသက်ပန် နေနိုင်သွား တာပေါ့ မဟုတ်ဘူးလား … ”

“ဟွဲ … စားကြလေ ဘယ်တုန်းကများ ဒီလောက်တောင် စကားတွေပြောချင်နေကြလဲ မသိဘူး … တကတည်းမုပဲ ပြီးကို မပြီးနိုင်တော့ဘူး … ”

ကြည်ထံတျာ၏ပန်းကန်ထဲသို့ ကိုရန်သူက ဟင်း တွေခပ်ထည့်ပေးသလို ကြည်ထံတျာကလည်း ရန်သူ့ပန်းကန်ထဲသို့ ခပ်ထည့်ပေးလိုက်ပါသည်။

“တျာလေး နင်ဒီနေ့ အရမ်းသဘောကောင်းနေတယ်နော်”

“ဒီနေ့မှ မဟုတ်ပါဘူးဟာ ငါက အမြဲတမ်းသဘောကောင်း တာ မယုံရင် ‘ချစ်’ ကိုမေးကြည့် … ”

“ယုံပါတယ် အဲလို အမြဲသဘောကောင်းနိုင်ရင် ကောင်းမှာ ပဲနော် … ”

“ဘာလို့လဲ … ”

“ဪ … နင်သဘောကောင်းနေရင် နင့်ရုပ်လေးကကြည်



www.burmeseclassic.com

www.burmeseclassic.com



လန်းဆန်းလို့ ဟိုနေ့ကဆို ဈေးထဲမှာမျက်နှာကြီးပုပ်သိုးသိုး
နဲ့ဆိုတော့ ကြောက်စရာကြီး ... "

"သွားစမ်းပါ ... ရန်သူ ... "

"ဘာလဲ ... "

"နှင့်အစ်ကိုနဲ့ ငါ့အစ်မကို အဆင်ပြေအောင် လုပ်ပေးကြ
ရင် မကောင်းဘူးလား ... "

"ကောင်းတာပေါ့ဟာ ခုနင်ပြောကတည်းက ငါက အရမ်း
ကိုစိတ်ဝင်စားနေတာ အိမ်ရောက်ရင် အစ်ကို့ကို အကြောင်း
စုံဖွင့်ပြောမယ် ပြီးတော့ ... မမကြည်ပြာနဲ့ ပတ်သက်လို့
သတင်းတွေအကုန်ရပြီးတဲ့အကြောင်းကို ပြောပြမယ်",

"နေပါဦးရန်သူရဲ့ ငါပြောတဲ့စကားကိုလည်း ဆုံးအောင်များ
နားထောင်ပါဦး ... ဒီအကြောင်းတွေကို သူတို့နှစ်ယောက်
စလုံးကို ဖွင့်မပြောနဲ့ဦး ... "

"ဘာဖြစ်လို့လဲ ... "

"ဟဲ့ ရန်သူရဲ့ သူတို့တွေက အနုံအ 'အ' တွေမှ မဟုတ်တာ
တစ်ယောက်နဲ့တစ်ယောက် အဆက်အသွယ်မလုပ်ချင်လို့
ဖြတ်ထားခဲ့တာပဲ ဘယ်သူဘယ်မှာရှိတယ်ဆိုတာကတော့





သိနေတာပဲဟာ နင်ပြောမှ သိမှာမှမဟုတ်တာ ... ခုဟာ
က တစ်ယောက်နဲ့တစ်ယောက် မာနတွေထားပြီး ရှက်ကိုး
ရှက်ကန်းနဲ့ အဆက်ဖြတ်လိုက်ကြတာတွေလေ ... အရွယ်
တွေကရောက်လာပြီဆိုတော့ ... တစ်ယောက်ကိုတစ်
ယောက် အောက်ကျမခံကြဘဲ တင်းလက်စနဲ့ မထူးဘူးဆို
ပြီး နေလိုက်ကြတာမျိုးမို့လား ... ငါတို့လို ကလေးတွေ
အနေနဲ့ သူတို့နှစ်ယောက်ကြားမှာဝင်ပြီး ဖျန်ဖြေပေးလို့က
တော့ ... ဘယ်ရပါလိမ့်မလဲ တို့ကြောင့် ပြေလည်မှုရသွား
တယ်ဆိုပြီး သူတို့သိက္ခာကိုတော့ အကျခံမှာမဟုတ်ဘူး ...
ငါ့အစ်မအကြောင်းကို ငါသိတယ် ... ငါစိတ်ကူးထားတာ
တစ်ခုတော့ ရှိတယ် ... နင်တို့စားမေးပွဲပြီးရင် ဘယ်မှ
လျှောက်မလည်ဘူးလား ... "

"ငါတို့ ချောင်းသာကိုသွားဖို့ စီစဉ်ထားတယ် တို့အစ်ကိုက
အဲဒီရက်ကျရင် အလုပ်နည်းနည်းပါးတယ်တဲ့ တို့ကို လိုက်ပို့
ပေးဖို့ သူ ကတိပေးထားပြီးပြီ ... "

"ဟာ ကောင်းလိုက်တဲ့ အစီအစဉ် ငါလည်း မမကြည်ပြာ
ကိုလိုက်ပို့ခိုင်းမယ် ဒါတော့ ပူဆာလို့ရမှာပါဟာ တစ်နှစ်လုံး



www.burmeseclassic.com

www.burmeseclassic.com



ငါတို့မှာ စားမေးပွဲအတွက် ရှန်းကန်နေရတာ လူတွေလည်း နုံးချိနေပြီ ... အဲဒီ မမကြည်ပြာဆိုတာလည်း သူမို့လို့ နေနိုင် တယ်ဆရာ အိမ်တွင်းပုန်းကုလာမသားကြနေတာပဲ အဲဒါ ကြောင့် မမကြည်ပြာရေ ငါတို့ပါစိတ်လက်ရွှင်လန်းမှု အောင် ချောင်းသာကိုလိုက်ပို့ပေးပါလို့ပြောရင်း ပူဆာရင် ဖြစ်နိုင်တယ် ... ဖြစ်နိုင်တယ် မဟုတ်ဘူးဟာ ... သေ သေချာအောင် နင်တို့ဘက်ကသာ ဖြစ်အောင်စီစဉ်ထား နော် ရန်သူ ... ဩော် ... ပြီးတော့ တို့သွားမဲ့ရက်ကို တိုင်ပင် ထားမယ် ... အဲဒါကတော့ အတိအကျဖြစ်နေရမှာ နော်... ဟိုမှာ အခန်းရဖို့ အစီအစဉ်တွေကတော့ နင်တို့ လုပ်ပေးပေ့ါဟာနော် ... "

"ဒါတော့ ဖြစ်ပါတယ် ... "

"အေး ကောင်းပြီ အဲလိုဆို ငါ ဖုန်းဆက်လိုက်မယ် ပြီးတော့ 'မမနည်း' နဲ့ ငွေပါထည့်ပေးလိုက်မယ် ဟုတ်လား ... "

"ပိုက်ဆံက ချက်ချင်း ရှင်းစရာမလိုသေးဘူးလေ ... ဒီက ဘုတ်ကင်လုပ်ထားရုံပဲ ... ဟိုရောက်မှ ရှင်းရင်ရတယ် င ပြောတာဟုတ်တယ်မို့လား ... "





"ဒါဆို ပိုကောင်းတယ် နင်တို့အဆောင်နဲ့ အရမ်းကပ်လျက် သားတော့ သွားမလုပ်လိုက်နဲ့နော် တော်ကြာ မမကြည်ပြာ ရိပ်မိသွားလို့ ငါတို့ပါ ပြဿနာတွေ တက်ကုန်လိမ့်မယ် ... "

"စိတ်ချ ... "

"ဒါဆို အားလုံးအဆင်ပြေသွားပြီနော် ... ရန်သူ နင်စာတွေ ကို ကြိုးစားပြီး အများကြီးကျက်နော် ... "

"ကျက်ပါတယ် တျာလေးရယ် ငါဒီကိုရောက်လာရတာ စာ မေးပွဲမှာ အမှတ်ကောင်းကောင်းရဖို့အတွက် အမိကထား ပြီး ရောက်လာတာပါ ... "

"ဟေ့ ဟိုနှစ်ကောင် အရေမရ အဖတ်မရတွေ ပြောလို့မပြီး သေးဘူးလား ... "

"နင်တို့ ပြောတာကတော့ အရေတွေ အဖတ်တွေရတဲ့ စကားပေ့ါ ဟုတ်လား တျာလေး ... "

"ဟုတ်တယ် ငါတို့နှစ်ယောက်ပြောတဲ့စကားက အရမ်း တန်ဖိုးရှိတာ ... တို့ကနင်တို့လို ကလေးကလား မဟုတ် မဟာတ်တွေပြောနေတာ မဟုတ်ဘူး ... လူကြီးပီပီ စီစဉ် စရာရှိတာ တွေစီစဉ်ပြီးတိုင်ပင်နေတာသိလား ... "



www.burmeseclassic.com

www.burmeseclassic.com



"ရန်သူ အိမ်ရောက်ရင် နေ၀င်ကို အကြိုးအကြောင်း နည်းနည်းပြောပြထားသိလား ... ပြီးတော့ မမကြည်ပြာအကြောင်းနဲ့ပတ်သက်လို့ နင့်အစ်ကိုကို လုံး၀မပြောထားနဲ့နော် ..."

"အေးပါလို့ဆိုနေ ..."

"ငါငွေရှင်းလိုက်မယ် ..."

"မရှင်းနဲ့ တျာလေး ... ငါခေါ်တာဆိုတော့ ငါပဲရှင်းပါရစေနော် ..."

"ဒါဆိုလည်း ကျေးဇူးပဲ ရန်သူ ငါတို့ သွားတော့မယ်နော် စာကျက်နော် ..."

"စိတ်ချ ..."

"နင်တို့ကို လိုက်ပို့ပေးမယ်လေ ..."

"မပို့နဲ့နေပါစေ တို့ဟာ တို့ပဲပြန်မယ် တော်ကြာ မမကြည်ပြာမြင်သွားရင် အပြင်ထွက်ခွင့်ရတော့မှာ မဟုတ်လို့ပါနော်"

အပြန်ခရီးမှာတော့ ကြည်ထံတျာနှင့်သီရိချစ်တို့ နှစ်ယောက် လန်းဆန်းတက်ကြွ ပေါ့ပါးလို့နေပါသည်။

"ပျော်ရဲ့လား ချစ် ..."





"အေး ပျော်ပါတယ် နင်ကော ..."

"ငါလည်းအ ...းပျော်တယ် စာသာကြိုးစားတော့ ချစ်ရေ့ နောက်လကျရင် ... ဒီထက်ပိုပြီးပျော်ရမယ် ... ငါနဲ့ ရန်သူ ချောင်းသာသွားကြဖို့ စီစဉ်ထားတယ် ..."

"တကယ် ..."

"တကယ်ပေါ့ ... အဲဒီမှာ မမကြည်ပြာကို ကိုကိုမင်းနဲ့ အဆင်ပြေအောင် ငါတို့အစွမ်းကုန် ကြိုးစားကြမယ် ..."

"မမကြည်ပြာက လိုက်ပို့ပါ့မလား ..."

"သူ မပို့ရင်ဘယ်ရမလဲ ငါရယ်နင်ရယ် မမနည်းကြီးရယ် သွားမယ်ဆိုရင် သူတစ်ယောက်တည်း နေရဲတော့မှာ မဟုတ်ဘူးလေ အဲဒါဆို သူပါလာမှာပါဟာ နင်သိပ်ပြီး အလေးအနက်ထား စဉ်းစားမနေနဲ့ မမကြည်ပြာက ဒီလောက် လက်ပေါက်မကပ်ပါဘူး ..."

"သွားဖြစ်ရင် အရမ်းပျော်စရာကောင်းမှာနော် ..."

"ဒါပေါ့ နင်ရောက်ဖူးလား ..."

"ဟင့်အင်း ငါတစ်ခါမှ မရောက်ဖူးဘူး ..."

"ဒါကြောင့် နင့်ကိုတောသူမပါလို့ ငါပြောတော့ ... နင်က



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး ...”

“ငါတို့ကတော့ သုံးလေးကြိမ်လောက်ရောက်ဖူးတယ် ...
ဒီတစ်ခါကတော့ မသွားမဖြစ်ကိုသွားရမှ ဖြစ်မယ် ငါတို့မှာ
ဒီလောက်ပင်ပမ်းထားရတာ ဟုတ်ဘူးလား ချစ် ...”

“ဟုတ်တာပေါ့ ...”

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ဖုန်တထောင်းထောင်းနှင့်ခရီးလမ်းဟာဘယ်လောက်ပင်ပန်းပါစေ ကြည်ထံတျာနှင့်သိရိချစ်တို့နှစ်ယောက်ကတော့ ပင်ပန်းသည် မထင်ခဲ့ပါ။

စားမေးပွဲကြီးကို အောင်မြင်စွာနှင့် ဖြေဆိုနိုင်ခဲ့သလို ...ည်ခရီးတွင် သူမတို့အတွေ့ချင်းဆုံသူများဖြစ်ကြသည်။ ရန်သူနှင့် ...ဝင်ကိုလည်း တွေ့ရမည်။

ထိုနည်းတူ မမကြည်ပြာနှင့် မမနည်း ကိုယ်စား ...ည်း တွေးပြီးပျော်ပေးနေရသည်လေ။

ကားကို ဦးထွန်းမောင်အား မမောင်းခိုင်းတော့ဘဲ ...ည်ပြာပြာနှင့် ကြည်ထံတျာတို့ တစ်လှည့်စီမောင်းခဲ့ခြင်း ဖြစ်ပါ ...ည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်မစေ့သေး၍ အမောင်းသင်လိုင်စင်နှင့်သာ မောင်းခဲ့ရသော်လည်း ကြည်ထံတျာက ကြည်ပြာပြာထက်ပင် ပို၍ အမောင်း ကျင်လည်လှပါသည်။

"ချစ် ... ဟိုကောင်တွေတော့ ရောက်ပြီလားမသိဘူးနော်... နေရာလေးက တော်တော်ကောင်းသားပဲနော် ဒါရန် ကျေးရှုးပဲ ... "

အဝတ်များကို ထုပ်ကြ ပါလာသော မုန့်များကိုထုတ် ကြနှင့် ကြည်ပြာပြာနှင့် မဆွေနည်းတို့နှစ်ယောက်က အလုပ်ရှုပ်နေ ကြပါသည်။

"ဟော့ ... ချစ် ဟိုမှာကြည့်စမ်း ရန်သူနဲ့ နေဝင်ရယ် ... "

"ဟယ် ... သူတို့လည်းမဆိုးဘူးဆရာ ရောက်နေကြပြီနော် တို့ထက်တောင် အရင်စောရင်စောနေဦးမှာနော် တျာလေး"

ရန်သူနှင့် နေဝင်တို့နှစ်ယောက် ကြည်ထံတျာတို့ ရောက်ပြီလားဟူသော သိချင်စိတ်ဖြင့် အဆောင်ရှေ့တစ်ခေါက် လျှောက်ခဲ့ရာ ကြည်ထံတျာတို့နှင့် ပက်ပင်းကိုတွေ့ရပါတော့သည်။

ကြည်ထံတျာနှင့် သီရိချစ်တို့နှစ်ယောက် လက်တွေ ပြိုင်တူပြလိုက်ကြသလို ရန်သူနှင့် နေဝင်ကလည်း လက်ပြနှုတ် ဆက်လိုက်ကြပါသည်။





"တျာလေးနဲ့ ချစ် ရေချိုးကြပါတော့လား ရေချိုးခန်းက တစ်ခန်းထဲဆိုတော့ သိပ်လည်း အချိန်တွေဆွဲမနေကြနဲ့ လေ ... ဟင် ... နင်တို့က ဘယ်သူ့ကို လက်တွေပြနေကြ တာလဲ ... "

အခန်းထဲမှ ကြည်ပြာပြာထွက်လာတာကိုမြင်တော့ ရန်သူနှင့်နေဝင်တို့နှစ်ယောက်စလုံး သူတို့မဟုတ်ကြသလို မျက်နှာ ကြီးတွေကို ရှေ့တူရူသို့ စိုက်ကြည့်ကာ ထွက်သွားကြပါတော့သည်။

"ဟောဟိုရှေ့က ကလေးတွေပါ မမကြည်ပြာ သူတို့က တျာလေးတို့ကိုလှမ်းလက်ပြတော့ တျာလေးတို့ကလည်း ပြန်နှုတ်ဆက်တာပါ ... "

"အရမ်းလည်း ကဲမနေကြနဲ့ဦး ... ကဲ ဘယ်သူအရင်ရေစချိုး မလဲ ချိုးကြ ... "

"ဟင့်အင်း ... တျာလေးတို့ခဏအိပ်ဦးမယ် ... အိပ်ရာနိုးမှ ချိုးမယ် ... "

"ဒါဆို မမကြည်ပြာ အရင်ချိုးလိုက်မယ် ဟုတ်လား ... "

"အကောင်းဆုံးပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



ညနေရောက်တော့ ကြည်ထံတျာ သီရိချစ်နှင့်မဆွေ
နည်းတို့သုံးယောက်လမ်လျှောက်ဖို့ အဆင်သင့် ဖြစ်နေကြပါသည်။

"မမကြည်ပြာ ... မြန်မြန်လုပ်လေ လမ်းလေးဘာလေး လျှောက်ကြရအောင် ... "

"ဟင့်အင်းဟယ် ... ကားအကြာကြီးမောင်းရတော့ လူတစ် ကိုယ်လုံး ညောင်းတွနေတာပဲ ဒီနေ့ မလျှောက်တော့ဘူး မနက်ဖြန်မှပဲ လျှောက်တော့မယ် ... "

"အပျင်းကြီး သွားမယ် ... "

ကြည်ထံတျာ 'လိုတ' တွေပြည့်သွားပါသည်။ တကယ်တော့ ရန်သူတို့နှင့် တွေ့လျှင် မမကြည်ပြာနှင့်ကိုကိုမင်း တို့နှစ်ယောက်ကို ဘယ်လိုတွေ့ပေးရရင် ကောင်းမလဲဆိုတာ တိုင် ပင်ရဦးမှာလေ သူပါလာရင် ဒီကိစ္စတွေက အဆင်ပြေတော့မှာ မဟုတ်ပါ။ ခုတော့ အရမ်းကို အဆင်ပြေသွားပြီလေ ... ။

"နောက်ကျလိုက်တာ တျာလေးရယ် ... "

"ငါတို့ မောမောနဲ့ အိပ်ပျော်သွားလို့ဟာ ... "

"ရောက်တုန်းရောက်ခိုက် ပျော်ပျော်ပါးပါး လျှောက်လည် ရအောင်လို့ဟာကို အချိန်တွေ အရမ်းဆွဲတာပဲ ... "





"နောက်မဖြစ်စေရပါဘူး ရန်သူရယ် ... "

"မမနည်းကြီး မလိုက်လာနဲ့ အစ်ကိုစန်းမြင့်နဲ့ စကားပြော နေ ... ချစ်ရောပဲ နေဝင်နဲ့ စာမေးပွဲအကြောင်းပြော ရှင့် ပြော ... ဘောလုံးပွဲအကြောင်းပြောရင်ပြောနေခဲ့ ... တို့ နှစ်ယောက်ကတော့ အရေးကြီးတဲ့ကိစ္စ တိုင်ပင်စရာရှိတယ် တို့ဒီကိုလာတာ အဲဒီအကြံအစည်တွေ အောင်မြင်ဖို့ပဲ"

ကြည်ထံတျာ့အစီအစဉ်အတိုင်း နေဝင်နှင့် သီရိချစ် က ဘေးတစ်ဘက်ရှိ အုန်းပင်ခြေရင်းတွင် ထိုင်ပြီးသားဖြစ်သွား ပါသည်။

မဆွေနည်းကတော့ ကိုစန်းမြင့်နှင့်စကားပြောရင်း ဆက်လျှောက်သွားကြပါသည်။

"ဒီမှာ ခဏထိုင်ရအောင်နော် ရန်သူ ... "

"နင်ဘာတွေ စီစဉ်ထားပြီးပြီလဲ ... "

"ဘာမှတော့ မစီစဉ်ရသေးပါဘူး အဓိကက အစ်ကိုမင်းကို ဒီကိုပါအောင် ခေါ်ဖို့ပဲလေ ... ဒီရောက်တော့ ဆရာကြီး စီစဉ်တဲ့အတိုင်းကြည့်လုပ်ပေးရုံပေါ့ ဟုတ်ဘူးလား ... "

"ဘာလည်း ဆရာကြီးဆိုတာ ငါ့ကိုပြောတာလား ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ ... "

"အေး ဒါဆိုပြီးတာပဲ ငါ့အစီအစဉ် အတိုင်းလုပ်ကြတာပေါ့ ဟုတ်လား ... "

"မနက်ဖြန်ကြတော့ပေါ့ပါယ် ... မနက် ၈ နာရီလောက် နော် တို့လေးယောက် လမ်းလျှောက်ထွက်လာမယ် နင်တို့လည်း ထွက်လာခဲ့ ဒီနေရာမှာပဲဆုံရင်ကောင်းမယ်နော် ... "

"ငါတို့ကလည်း တစ်ယောက်နဲ့တစ်ယောက် မသိကြသလို နေကြမယ် သူတို့ချင်းမျက်နှာချင်းဆိုင်တွေ့တဲ့အခါ တစ်ယောက်နဲ့တစ်ယောက် နှုတ်တော့ဆက်ကြမှာပဲဟုတ်တယ်မို့လား ... "

"ငါတို့က ဒီအနေအထားအတိုင်းလာမယ် နင်တို့က တို့နဲ့ မျက်နှာချင်းဆိုင်အနေအထားအတိုင်းလာခဲ့ ဒါဆို သူတို့နှစ်ယောက် ပက်ပင်းကို ဆုံမှာပဲ ဟုတ်တယ်မို့လား ရန်သူ"

"တကယ်လို့ အစ်ကိုမင်းကလည်း နင်တို့နဲ့ တဘက်တည်း အနေအထားမှာပဲလျှောက်ဖြစ်ကြမယ်ဆိုရင်ကော သူတို့ချင်း တွေ့နိုင်ပါ့မလား ... "

'အ' ရန်ကော ရန်သူရယ် နင်လည်းဒီလောက်တော့နားလည်





ပါတယ်ဟာ မျက်နှာချင်းမဆိုင် ဆိုင်အောင်လုပ်ပေါ့ ... အမြန်မြန်အလှန်လှန် လှည့်လျှောက်လိုက်ပေါ့ဟ ... "

"အေး ဟုတ်သားပဲ ... မနက် ၈ နာရီနော် ... "

"ကဲ ... ဒါဆို ဒီသက်ကြားအိုနှစ်ယောက်အတွက် အဆင်ပြေသွားပြီနော် တို့တစ်တွေလည်း မနက်ဖြန်မှ ပျော်ပျော်ပါးပါး ဆော့ကြတာပေါ့နော် ရန်သူ ... "

"ရန်သူမျိုးက ကြည်ထံတျာကို ငိုင်ငိုင်ငေးငေးလေးကြည့်နေပါသည်။

"ဘာကြည့်နေတာလဲ ရန်သူရဲ့ ... "

"နင်က လှလို့ပါ ... "

"တကယ်ပြောတာလား ... "

"တကယ်ပြောတာပေါ့ ငါ့မှာ ဒီလောက်ချစ်စရာကောင်းတဲ့ သူငယ်ချင်း မရှိဘူး ... "

"နင့်မှာ မိန်းကလေးသူငယ်ချင်းတွေ အများကြီးပဲလား ရန်သူ ... "

"များတော့ သိပ်မများဘူး ဒါပေမဲ့ နည်းနည်းတော့ရှိတယ်"

"နင့်မှာ ရည်းစားကောရှိလား ... "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကသာ ငါ့အသက်က ခုမှငယ်ငယ်လေး ရှိသေးတာ"


"ဟွန်း ကိုယ့်ကိုယ်ကိုလည်း အမွှမ်းတင်လိုက်ရသေးတယ် ရှုံ့ဖို့ကောင်းလိုက်တာ ကဲပါ မနက်ဖြန်ကိစ္စကိုသာ အဆင် ပြေအောင်လုပ်ဦးနော် ... "

"အေးပါ စိတ်ချပါ ... "

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဝင်စားစာများ ပေးပို့လိုပါလျှင် အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့ ရေးသားပေးပို့နိုင်ပါသည်။







အဆောင်၏ရှေ့တွင် တစ်ယောက်တည်း စာကို သဲကြီးမဲကြီးဖတ်နေသော ကြည်ပြာတစ်ယောက် သူမ၏ ရှေ့မှ အရိပ်မဲတစ်ခုက အကြိမ်ကြိမ်ဖြစ်နေသည်မို့ တစ်ချက်မော့ကြည့် လိုက်မှာ။

"ကြည်ပြာ ပါနော် ... "

"ကိုမင်း ... "

"ဝမ်းသာလိုက်တာ ကြည်ပြာရယ် ကိုမင်းရှေ့ကနေဖြတ် သွားတာ ကြည်ပြာခေါင်းငုံ့ပြီး စာဖတ်နေတာကိုမြင်လိုက် တော့ ကြည်ပြာဟုတ်မှာပါလေဆိုပြီး သေချာအောင် နှစ် ခေါက်ပြန်ကြည့်ယူရတယ် ... ဝမ်းသာလိုက်တာ ကြည်ပြာ ရယ် ... "



www.burmeseclassic.com

www.burmeseclassic.com



ကိုမင်းက ကြည်ပြာ့ကို မှတ်မိသေးတယ်နော် ... "

"ဘာလို့ မမှတ်မိရမှာလဲ ... ကြည်ပြာအဘွားကြီးဖြစ်လည်း ကိုမင်း မှတ်မိပါတယ် ... "

"အလုပ်နဲ့လာတာလား ... "

"အလည်သက်သက်ပါ ကြည်ပြာ ... မနက်ကမှရောက် တာ..."

"ဟုတ်လား ... ကြည်ပြာတို့လည်း ဒီနေ့ နေ့လယ် ၁နာရီ လောက်ကမှ ရောက်တာ ... "

"အဆင်ပြေလိုက်တာကြည်ပြာရယ်နော် ... တိုင်ပင်ထား တာ သားကြနေတာပဲ ... "

"ဟုတ်တယ်နော် ... တိုင်ပင်ထားတာမှ လွဲချင်လွဲနေဦး မှာ ... ကိုမင်းကော အိမ်ထောင်ကျနေပြီလား ... "

"ဘယ်ကသာ ... ကိုမင်းလေ ... ကြည်ပြာ ကိုမင်းကို စွန့် ခွာသွားပြီးတဲ့နောက် ဘယ်သူနဲ့မှ လက်ထပ်ဖို့ စိတ်ကူးမရှိ တော့ပါဘူး ကြည်ပြာရယ် ... ကကယ်ပါ ... "

"အဲဒီတွေ ပြောမနေပါနဲ့တော့ ကိုမင်းရယ် ... တကယ်





တော့ လူတစ်ယောက်ရဲ့ ဘဝမှာ ချွတ်ခြုံကျသွားအောင် ခံစားခဲ့ရတဲ့သူက ကြည်ပြာပါ ... "

"တော်ပါတော့ ကြည်ပြာရယ် ... စိတ်ညစ်စရာစကားတွေ မပြောကြပါနဲ့လားနော် ... ကိုမင်းတို့တွေ့တုန်း ပျော်စရာ လေးတွေနဲ့ပဲဆိုရင် ပိုပြီး စိတ်ချမ်းသာရတာပေါ့နော် ... ဒီလို ပျော်ရွှင်စရာနေ့ရက်လေးတွေနဲ့ ဝေးနေတာကြာခဲ့ပြီ နော် ကြည်ပြာ ... "

ကြည်ပြာက ခေါင်းလေးငုံ့ကာ ဘာမှ ပြန်မဖြေ တော့ပါ။

"ကြည်ပြာ အခု ဘယ်သူတွေနဲ့လာတာလဲ ... "

"ကျွာလေးတို့ စာမေးပွဲပြီးလို့ ... သူတို့လေးတွေကို ပျော် ပါစေဆိုပြီး လိုက်ပို့ပေးတာပါ ကိုမင်း ... ကျွာလေးလည်း အဖော်ရအောင်ဆိုပြီး အိမ်မှာ ညီမဝမ်းကွဲ သီရိချစ်ပါ ခေါ် ထားတာလေ ... "

"အန်ကယ်နဲ့ အန်တီကကော စစ်ကိုင်းမှာပဲလား ... "

"ဟုတ်တယ် ... နှစ်နှစ်ရှိသွားပြီလေ ... ကြည်ပြာကို မင်းနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေဖြစ်တဲ့ အချိန်မှာပဲ မေမေတို့က ပြောင်းသွားရ
တာ ... အဲဒီတုန်းက ကြည်ပြာဖြင့် စိတ်ညစ်လိုက်ရတာ...
အရာရာဟာ ကြည်ပြာ့အတွက် အဆင်ကိုမပြေဘူး ဖြစ်နေ
တာလေ ... ဗေဒင်မေးကြည့်တော့ ... ဗေဒင်က သုံးနှစ်
လောက်ကြာမှ ကြည်ပြာရဲ့ဇာတာစန်းက အရမ်းကောင်း
လာမယ်လို့တော့ ပြောတာပဲ ... အဲဒီနေ့တွေကစပြီး ကြည်
ပြာအပြင်လည်း မထွက်တော့ဘူး ... တျာလေး ကျောင်း
ပို့တ်ရက်တွေမှာဆို မေမေတို့ဆီ လိုက်သွားတယ် ... အဖေ
သဖြင့် ဒီနှစ်ကတော့ ... တျာလေး ၁၀တန်းဖြေမှာဆိုတော့
ကြည်ပြာ့မှာ ပိုပြီးတာဝန်ပိုတော့တာပေါ့ ... သူတို့ရဲ့
ကျန်းမာရေးကော ပညာရေးကိုပါ ကြည်ပြာ တာဝန်ယူ
တာမို့လား ... ”

“ကြည်ပြာ အလုပ်မဝင်ဘူးနော် ... ”

“ဟုတ်တယ် ... ခုထိ ကြည်ပြာ ဘာအလုပ်မှ လုပ်ဖို့ စိတ်
ကူးမရှိသေးဘူး ... ကိုမင်းကော ... ”

“ကိုမင်း ဆောက်လုပ်ရေးလုပ်တယ်လေ ... အလုပ်အကိုင်





တွေက အားလုံးအဆင်ပြေပါတယ် ... ဖေဖေနဲ့ မေမေက
ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြတော့ တစ်ယောက်တည်း
အထီးကျန်နေတာပေါ့ ကြည်ပြာရယ် ... ဒါကြောင့် မနှစ်
ထဲက ကိုမင်းရဲ့ညီဝမ်းကွဲလေးနှစ်ယောက်ကို ကျောင်းထား
ပေးရင်း အဖော်ပြုခဲ့ရတာပေါ့ ... ”

“အစ်ကိုစန်းမြင့်ကော ရှိသေးလား ... ”

“ရှိတာပေါ့ ... ကိုစန်းမြင့် မရှိရင်တော့ တို့ဘဝ သွားရောပဲ...
ခုလည်း ကြည်ပြာ့လိုပဲပေါ့လေ ... အလုပ်ကပြန်လာ ညကျ
တော့ ဒီအငယ်ကောင်နှစ်ကောင်ကို စာပြပေးရင်း အချိန်
ကုန်ခဲ့ရတာပေါ့ ... ”

“သနားစရာလေးပေါ့ ... ဟုတ်လား ... ဟင်း ...
ဟင်း ... ”

“ဟုတ်တယ်ကြည်ပြာရယ် ... ကြည်ပြာပြောမှ ကိုမင်း
ကိုယ့်ဘဝကို ကိုယ်အရမ်းသနားမိတာပဲ ... ”

“ကြည်ပြာဘဝက ပိုတောင်သနားစရာကောင်းပါသေးတယ်
ရှင်ရယ် ... အပြင်ကိုလည်း ထွက်ချင်စိတ်မရှိတော့ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပဲ ညီမလေးနှစ်ယောက်နဲ့ စိတ်ကို ဖြေသိမ့်ခဲ့ရတာလေ… ”

“အေးအေးဆေးဆေး စကားပြောချင်တယ် ကြည်ပြာရယ်_ဖြစ်မလား … ”

“ခုလည်း အေးအေးဆေးဆေးရှိသားပဲ … ”

“အဲဒီလို မဟုတ်ဘူးလေ … ကိုမင်းတို့နှစ်ယောက် ကွဲကွာခဲ့ရတဲ့ အချိန်လေးတွေကို နှမြောတသတဲ့အနေနဲ့ ခု ပျော်ပျော်ရွှင်ရွှင်လေး နေသွားကြရအောင်လားနော်ကြည်ပြာ_ကြည်ပြာ စောစောနိုးလား … ”

“နိုးပါတယ် … ”

“ဒါဆို မနက်ဖြန်မနက်စောစော ကိုမင်းတို့နှစ်ယောက် လမ်းလျှောက်ရင်း … စကားတွေတဝကြီး ပြောကြရအောင်နော်… ”

“ကလေးတွေနိုးလာရင် လိုက်ရှာကြမှာပေါ့ … ”

“ဟာ … ဒီအရွယ်တွေက ကလေးတွေမှ မဟုတ်တာ_ကြည်ပြာဟာကြည်ပြာ အကြောင်းတစ်ခုခု ဖြစ်ပြီး ထွက်လာ





ခဲ့ရင် ဖြစ်ပါတယ်နော် … မနက်ဖြန်မနက် ဂနာရီလောက်ပေါ်ဟိုနားက အုန်းပင်လေးရှိတဲ့ နေရာက ကိုမင်းစောင့်နေမယ် ဟုတ်လား … ”

“သဘောပါပဲ … ”

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com











"ချစ် ... ထပါဦးဟဲ့ ... "

မမနည်းကြီးကလည်း ဘာမှန်းမသိဘူး အိပ်လိုက် အာမှ တုန်းနေတာပဲ ... ။

"မမကြည်ပြာမရှိတော့ဘူး ... တစ်ယောက်တည်း လမ်းလျှောက်ထွက်ဦးမယ်တဲ့ စာရေးထားခဲ့တယ် ... ဒီမှာ တွေ့လားစာ ... "

"ဒါကြောင့် နင့်ကို ငါပြောတာပေါ့ တျာလေးရဲ့ ... ညထဲက ပြောထားပါဆိုတာ ... "

"ငါ သူ ဒီလိုတစ်ယောက်တည်း ထွက်သွားလိမ့်မယ်လို့ ထင်မှမထင်တာ ... ချစ်ရယ် ... နင်တို့ကလည်း အိပ်လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



တာ သိုးနေတာပဲ ... ဟောဒီက မမနည်းကြီးလည်း ပါ
တယ် ...

ပြောလိုက်ရင်တော့ သူက အရမ်းအအိပ်ဆတ်သလေးဘာ
လေးနဲ့ ... လူတစ်ယောက်လုံး ထွက်သွားတာတောင် မသိ
လိုက်ကြဘူး ... ဒုက္ခပါပဲဟာ ... ငါ 'ရန်သူ'တို့နဲ့ ချိန်းထား
တာဟ ... သူက အဲလိုမျိုး ဖောက်လိုက်တော့ ရန်သူက
ငါ့ကိုကတိမတည်ဘူးဆိုပြီး ... မကြည်မညိုမလေးမစားတွေ
ဖြစ်ကုန်တော့မှာပဲ ... "

"အရေးထဲ မင်္ဂလာတွေယူနေပြန်ပြီ ... "

"တကယ်ပြောတာဟ ... ရန်သူကိုယ်တိုင်ပြောထားတာ
သူ့အစ်ကိုနဲ့ ငါ့အစ်မရဲ့ အချစ်ရေးဖြောင့်ဖြူးဖို့အတွက် နင့်ကို
ဆရာကြီးခန့်ပါတယ်တဲ့ ... နင်စီစဉ်ညွှန်ကြားတဲ့အတိုင်း
ငါတို့ လိုက်နာပါမယ်ဆိုတဲ့ ကတိကို မနေ့က သူကိုယ်တိုင်
သေသေချာချာပေးထားတာ ... ခုတော့ ငါ အရှုံးဖြစ်ပြီ
စိတ်ညစ်လိုက်တာ ... 'ရန်သူ' ကို ငါမျက်နှာ ဘယ်လိုပြမှန်း
မသိတော့ပါဘူးဟာ ... "

"စိတ်လည်း သိပ်ပူမနေပါနဲ့ တျာလေးရယ် ... ကြည်ပြာဟာ





သူတစ်ယောက်တည်း ဝေးဝေးလံလံ ဘယ်ကိုမှ သွားမှာ
မဟုတ်ပါဘူး ... မသကာသူသွားရင် ... ဒီကနေ ခြေလှမ်း
တစ်ရာ အကွာအဝေးလောက် အလွန်းဆုံးပဲ ... မမနည်း
သူ့အကြောင်းသိတယ် ... အဲဒါ ခရုတွေ လျှောက်ကောက်
တာပဲ ဖြစ်မယ် ... မသွားခင်ကတောင် မမနည်းကို သူပြော
သေးတယ် ... ခရုလေးတွေကောက်ခဲ့ပြီး စူပါဂလူးနဲ့ကပ်ပြီး
အရုပ်လေးတွေ လုပ်မယ်တဲ့ ... "

"မဖြစ်နိုင်တာ သူလား ... အဲဒါမျိုးအလုပ်ကို လုပ်မှာ ...
တကယ်ပဲ သူ့ပါးစပ်က မမနည်းကို ပြောခဲ့တယ်ဆိုရင်
တောင် ... စိတ်ကူးနဲ့ ရူးနေတာပဲဖြစ်မယ် ... တကာထဲ
ဆယ်နှစ်ရာသီ အပျင်းကြီးနေတဲ့ မိန်းမကများ ခရုတွေ
ကောက်ပြီး အရုပ်လုပ်မလေးဘာလေးနဲ့ ... ခုလည်း ကြည့်
စမ်းပါဦး ... လမ်းလျှောက်ရင်လည်း ကိုယ့်ညီအစ်မတွေနဲ့
တူတူလျှောက်ပါလား ... ဘယ်လောက် ပျော်စရာကောင်း
လိုက်မလဲ ... ခုတော့ တစ်ယောက်တည်း တိတ်တိတ်
ကျိတ်ပြီး ထွက်သွားတာ မကျေနပ်ပါဘူး ... ဂဏန်းညှပ်ပါ
စေတော် ... "



www.burmeseclassic.com

www.burmeseclassic.com



"အစောကြီးရှိပါသေးတယ် တျာလေးရယ် ... ခုမှ ၇နာရီ ကျော်ကျော်လေးပဲ ရှိသေးတာ ... တျာလေးက ရှစ်နာရီမှ ချိန်းထားတာမို့လား ... "

"ရှစ်နာရီမှဆိုပေမယ့် ၇နာရီခွဲလောက်ထွက်မှ ဖြစ်မှာပေါ့ မမနည်းရဲ ... "

"လာမှာပါတျာလေးရယ် ... စိတ်မပူပါနဲ့ မမနည်း ဟိုနား ဒီနား လျှောက်ကြည့်ပေးရမလား ... "

"နေပါစေမမနည်း ... ခဏနေရင် တျာလေးတို့သုံးယောက် တစ်ခါတည်းထွက်ရင်းနဲ့ ရှာကြည့်မယ် ... သူဟာ သူပြ ရောက်လာရင်တော့ ... အသည်းအသန် မပင်ပန်းရအော ပေါ့နော် ... "

"ဒီက သူ့ကို လှလှပပလေးနဲ့ မြင်စေချင်လို့ စေတနာထ ထားနေတာကို ဟွန်း ... ဒါကြောင့် သူကိုဆို အဆင်မပြေ တတ်လွန်းလို့ကို ကြည့်မရတာ ... "

ကြည်ထံတျာက လက်မှနာရီကို တကြည့်ကြည့်လု ရင်းနှင့် အစ်မဖြစ်သူ ကြည်ပြာပြာတစ်ယောက် ဘယ်လမ်းက ပြန်လာပါမလဲမှိဆိုသော အတွေးနှင့် မျှော်ရသည်မှာ မောလှပါပြီ

❧ စေတနာစာပေ ❧



"တွေ့လား တျာလေး မပြောဘူးလား ... သူလာမှာ မဟုတ်ပါဘူးဆိုတာ ... ဒါဆို ချစ်ကော မမနည်းပါ ပြင်ဆင် လိုက်ကြတော့ ... တျာလေးတို့ နောက် ၁၀ မိနစ်ကြာရင် သွားမယ် ... မယ်မင်းကြီးမကိုလည်း ဘယ်သွားရှာရမှန်း တောင် မသိတော့ဘူး ... ငါးမန်းဆွဲသွားလည်း အကောင်း သား ... "

"တျာလေးတစ်ယောက်ဟာလေ ... အရမ်းကို စိတ်ဆိုး တတ်တာပဲ ... မမနည်းတို့ အခုသွားမယ့်လမ်းတစ်လျှောက် မှာ ကြည်ပြာကို တွေ့မှာပါကွယ် စိတ်ဆိုးမနေပါနဲ့ ... လာ ကလေး အင်္ကျီအဝတ်အစားလဲလိုက် ပြီးရင် သွားကြတာ ပေါ့ ... "

ညကဝတ်ထားသော အင်္ကျီကို လဲလိုက်သည်မှအပ ကြည်ထံတျာတစ်ယောက် မိမိကိုယ်ကို လှတပတဖြစ်အောင် ဘာမှ မပြုပြင်ခဲ့ပါ။

"ပေါင်ဒါလေး နည်းနည်းပါးပါးလောက် လိမ်းလိုက်ပါဦး တျာလေးရယ် ... မျက်နှာပြောင်ကြီးနဲ့ဆိုတော့ ဘယ်ကြည့် ကောင်းပါ့မလဲနော် ... 'မမနည်း' လိမ်းပေးမယ် ... "

❧ စေတနာစာပေ ❧

www.burmeseclassic.com

www.burmeseclassic.com



လက်တွင် အဆင်သင့်ရှိသော ပေါင်ဒါပတ်(ဖ)လေး နှင့် ကြည်တံတျာကို မဆွေနည်းက တယုတယလိမ်းပေးလိုက် ပါသည်။

ဒီလောက်ဆိုတော်ပါပြီ၊ မမနည်းနဲ့သီရိချစ်တို့နှစ် ယောက် လှနေရင်ပြီးတာပဲ။

"တွေ့လား ချစ် ... နဂါးခေါင်းက အလိုမပြည့်တာနဲ့ မမနည်း တို့နှစ်ယောက်ဘက်ကို လှည့်လာပြီလေ ... "

"စိတ်ညစ်လိုက်တာ ... ဒီမိန်းမကြီးလည်း ပြန်လာတော့မှာ မဟုတ်ဘူး ... ငါ 'ရန်သူ'ကို ဘယ်လိုမျက်နှာပြရမှန်းတောင် မသိတော့ဘူး ... "

"လာပါတျာလေးရယ် ... လမ်းမှာ မကြည်ပြာကိုတွေ့ရင် အဆင်ပြေသွားမှာပါ ... "

"ဒါပဲနော် ... မတွေ့ရင်တော့ သူတို့နဲ့ ချိန်းထားတဲ့နေရာကို ငါမသွားတော့ဘူး ... "

တျာလေး၏စိတ်ကို သိထားသည်မို့ မဆွေနည်းနှင့် သီရိချစ်တို့နှစ်ယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့် ကာ မဲ့ကာရွဲ့ကာ လုပ်နေကြပါသည်။





တကယ်လို့သာ သူမ၏အစ်မဖြစ်သူ ကြည်ပြာပြာကို မတွေ့ခဲ့လို့ ချိန်းထားတဲ့နေရာကို ကြည်ထံတျာတစ်ယောက် မသွားတော့ပါဘူးဆိုလျှင် မဆွေနည်းရော သီရိချစ်ပါ ခံရရောပဲလေ။

"တွေ့လား တျာလေးမပြောဘူးလား ... မမနည်းရဲ့ ... မမကြည်ပြာဟာ နယ်နယ်ရရ မိန်းမမဟုတ်ပါဘူးဆိုတာ ကိုလေ ... တကယ်ပဲ သူများကို အမြဲတမ်း ချောက်ကျ အောင်လုပ်တတ်တာ ... တော်ပြီ ... ဂနာရီလည်း ထိုးပြီ မသွားတော့ဘူး ... ရန်သူကိုမြင်ရင်တောင် ကိုယ့်မျက်နှာကို မပြရဲတော့ဘူး ... ဓားထက်ထက်သာရှိရင် မျက်နှာကို အကွင်းလိုက်လှီးပစ် လိုက်ချင်တယ် ... "

"ဒီလောက်လည်း စိတ်ညစ်စရာ မလိုပါဘူး တျာလေးရယ် ... ကလေးတွေပဲဟာ ... ဒီနေ့အလုပ်မဖြစ်ရင် နောက်တစ်ခါ ထပ်ချိန်းပေါ့ ... ဒါဟာ ရှက်စရာကိစ္စမှ မဟုတ်တာ ... "

"ဒါပေမဲ့ တျာလေးကို ကတိပျက်တဲ့သူဆိုပြီး ... သူတို့က အထင်သေးကြမှာပေါ့လို့ ... ပြီးတော့ ကိုကိုမင်းခမျာလည်း သနားပါတယ် ... သူတို့က ခေါ်လာတာကို အဟုတ်မှတ်ပြီး လိုက်လာကာမှ အရှက်တကွဲ ဖြစ်ရမှာပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"နို့ တျာလေးပဲ ကိုမင်းမောင်မောင်ကို ဘာမှမပြောဘဲနဲ့ ခေါ်လာခိုင်းမှာဆို ... "

"အင်း ... အဲဒါတော့ ဟုတ်တယ်နော် ... "

"ဒါပေါ့ ... ဒီက တျာလေးတို့ဆီက ကြည်ပြာကို မခေါ်လာရင် သူတို့လည်း မသိမသာ သူတို့အစ်ကိုကို သူတို့ ပြန်ပြီး မသိမသာ ခေါ်သွားမှာပေါ့ ... နောက်မှ တျာလေး ရန်သူနဲ့ နှစ်ယောက်သားတွေ့ပြီး အကျိုးအကြောင်းပြောပြပြီး တောင်းပန်းလိုက်ပေါ့ ... မဟုတ်ဘူးလား ... "

"အင်း မမနည်းပြောတာတော့ မဆိုးပါဘူး ... ဒါပေမဲ့ သူနဲ့ မျက်နှာချင်းဆိုင်ရမှာ တျာလေးအားနာတယ် ... တော်ပြီကွာ ... အဲဒီနေရာကို အခု မသွားတော့ဘူး ... မြို့ထဲဘက်ကိုပဲ သွားကြမယ် ... "

အရာရာတိုင်းဟာ ကြည်ထံတျာ၏ သဘောအတိုင်းသာ ဖြစ်စေရမည်ဆိုသည်ကို သိရှိချစ်ကော မဆွေနည်းပါ လက်ခံထားကြသည်မို့ နှစ်ယောက်သား ကြည်ထံတျာခေါ်ဆောင်ရာသို့ လိုက်ပါလာခဲ့ရပါတော့သည်။

"ဟော့ချစ် ရှေ့မှာ ဟိုကောင်တွေမို့လား ... ရန်သူ၊ နေဝင်း





အစ်ကိုစန်းမြင့်လေ ... "

"ဟုတ်တယ် ... တျာလေး ... "

"အဖြစ်ဆိုးလိုက်တဲ့ ငါပါလား ... ကံဆိုးမသွားရာ မိုးနောက်ကပါဆိုတာ ဒါပဲလား မသိဘူးနော် ချစ် ... တမင်တကာ ရှောင်လာပါတယ်ဆိုကာမှ ပက်ပင်းကြီးကို တိုးတော့တာပဲ ... "

အနားရောက်လို့ မျက်နှာချင်းဆိုင် ဆုံမိသည့်အခါမှာတော့ မျက်စိပျက်မျက်နှာပျက်တွေနှင့် ဖြစ်နေပါသည်။

"ဆောရီးပဲ တျာလေး ... ငါကတိပျက်သွားတယ် ... "

"ဘာ ... "

"နင် ဘာပြောလိုက်တယ် ... "

"နင်နဲ့ငါ ချိန်းထားတဲ့နေရာကို မလာဖြစ်တာလေ ... "

"တကယ်လားဟင် ... "

"ဟုတ်တယ် ... ငါတို့ကိုစောင့်ရင်း နင် ဒေါသဖြစ်နေမှာပဲဆိုပြီးတော့ ... ငါ အရမ်းကြောက်နေတာ ... "

"ရန်သူ အဲဒီနေရာကို ငါလည်း မလာဖြစ်ဘူး ... ငါစိစဉ်တာ တစ်ခုမှားသွားတယ်ဟာ ... မမကြည်ပြာကို ညထဲက ကြို



www.burmeseclassic.com

www.burmeseclassic.com



မပြောထားလိုက်တာဘဲ ... မနက်ကြတော့ အဲဒီ မိန်းမ
အဖေကြီး တစ်ယောက်တည်း လမ်းလျှောက် ထွက်သွား
တယ်တဲ့ဟာ ... နီးလို့ ကြည့်လည်းကြည့်ရော သူ့အိပ်ရာ
'လမ်းလျှောက်ထွက်တယ်' ဆိုတဲ့စာ ရေးထားတာကို
တွေ့ရတော့တယ် ... ငါလည်း သူလာတဲ့အထိ စောင့်နေ
တာ ရောက်ကိုမလာတော့ဘူး ... သေသေချာချာ ချိန်း
ထားပြီးကာမှ ကတိပျက်ခဲ့ရတော့ ငါ့မှာ ဒေါသလည်း ဖြစ်
နင့်ကို ရှက်လည်းရှက် အားလည်းနာနဲ့ မျက်နှာကို မပြ
တော့တာမို့ ... အဲဒီဘက်ကို မသွားတော့မိဘဲ ... ဒီဘက်
ထွက်လာခဲ့တာ ရန်သူရဲ့ ... "

"ငါနဲ့တူလိုက်တာ တျာလေးရယ် ... နင်ပြောထားတဲ့အတိုင်း
ပေါ့ ... သူ့ကို ညက မပြောထားဘဲ မနက်ကြမှ တို့ညီအစ်
တွေ လမ်းလျှောက်ထွက်မယ်ဆိုပြီး ခေါ်လာခဲ့ဖို့ဟာ
ကြည့်လည်းကြည့်လိုက်ကော ဆရာရေ ... အလုပ်ကိစ္စ
လေးရှိလို့ အပြင်ထွက်သွားပြီလို့ စာရေးထားခဲ့တယ်ဟာ
စာလည်း ဖတ်လိုက်ရော ငါ့ငယ်ထိပ်ကို မြွေပေါက်ခံလိုက်
သလိုပဲ ဒိန်းခနဲကိုဖြစ်သွားတာ ... ချက်ချင်းပဲ နင့်မျက်နှာ





မြင်လိုက်ရော ... နင့်ကို ငါဘယ်လိုမှ ရင်မဆိုင်ရဲတော့ဘူး
ဟာ ... ဒီ'ငတိ'ကြီးများ အချိန်မီရောက်လာမလားလို့ စောင့်
နေလိုက်တာ ဘယ်သွား'သေ'နေလဲ မသိဘူး ... ရောက်ကို
မလာတော့ဘူး ... အချိန်တန်တော့ အပြင်သာထွက်လာခဲ့ရ
တာ ... ငါ့စိတ်တွေက 'ဒေါသ'တွေရော ... 'လောဘ'တွေ
ရော ... 'မောဟ' တွေပါ အကုန်ထပွလာတာ ... "

"နင်ကလည်းဟာ ... 'ဒေါသ'တစ်ခုပဲ ထရမှာပါ 'လောဘ'
မောဟတွေ မပါ၊ပါဘူး ... "

"အေး ဟုတ်တယ်နော် ... အဲဒီလို ဒေါသတွေ ထလာတာ
ရယ် ... အစ်ကိုမင်းမပါဘဲ တို့သုံးယောက်ထဲ ထွက်လာရင်
နင်လုပ်ထားမယ့် မျက်နှာကြီးကို ကြောက်တာကြောင့် ငါ
အဲဒီဘက်ကို မသွားတော့ဘဲ ... မြို့ထဲက လက်ဖက်ရည်
ဆိုင်ကို တစ်ချိုးတည်း လစ်ခဲ့တာ ... ခုအဲဒီက ပြန်လာတာ
လေ ... အရမ်းစိတ်ညစ်စရာကောင်းတဲ့ အစ်ကိုတွေ၊ အစ်မ
တွေနော် ... တျာလေး ... အသက်လေးတွေက'ရ'လာတော့
သူတို့ 'စိတ်'နဲ့ ငါတို့စိတ် ဟာ တခြားစီ ဖြစ်ကုန်တာပဲ ...
ဒါလည်း တစ်ခါမကပါဘူး ... အမြဲတမ်း အစ်ကိုမင်းဟာ



www.burmeseclassic.com

www.burmeseclassic.com



ငါတို့လုပ်ရပ်တွေနဲ့ မကိုက်ညီတာကို လုပ်တတ်စမြဲပဲ ... သိလား တျာလေး ... ဒါဟာလည်း သူတမင် တို့မကြိုက်တာကို လုပ်တာမဟုတ်ဘူးနော် ... သူ့မှာ ယုတ်မာတဲ့စိတ်လုံးဝမရှိမှန်း ငါသိတယ် ... သူရဲ့ ဘဝပေးအသိကိုက ငါတို့နဲ့ လွဲချော်အောင် လုပ်တတ်နေတာလေ ... ”

“ဟုတ်တယ် ... အဲဒီနေရာမှာ ငါ့အစ်မနဲ့ အတူတူပဲ ... အဲဒါဘာလဲ နင်သိလား ရန်သူ ... ”

“ဟင့်အင်း ... ”

“ဒီလိုလေဟာ ... အသက်ကကြီးလာပြီး ... သူတို့ရဲ့ စိတ်ကလည်း အသက်နဲ့လိုက်ပြီး ကြီးသွားတာလေ ... တို့ရွယ်လူရွယ်တွေ လုပ်တာမှန်သမျှကို အကုန်လုံးလိုက်ကန့်ကွက် ပိတ်ပင်နေတာမျိုးပေါ့ ... ကိုယ့်စိတ်ကသာ အသက်နဲ့လိုက်ပြီး ကြီးမသွားဘူးဆိုရင် ဟောဒီသတ္တလောကကြီးမှာ ဘယ်လောက်ပျော်စရာကောင်းလိုက်သလဲနော် ... ကိုယ်လုပ်ချင်တာကို အကုန်လုပ် ... ဖြစ်ချင်တာတွေ အကုန်ဖြစ်လို့ရတယ် ... ငါပြောတာ မဟုတ်ဘူးလား ... ခု သူတို့နှစ်ယောက်ကို ကြည့်လေ ... တစ်ယောက်နဲ့တစ်





ယောက် မာနတွေပြိုင်ပြီး အပျိုကြီး၊ လူပျိုကြီးတွေ ဖြစ်နေကြတာ ... နင့်အစ်ကိုတော့ မပြောတတ်ဘူး ... ငါ့အစ်မကတော့ ... *စိတ်ဝမ်းမချမ်းမြေ့တာတော့ ... အမှန်အကန်ပဲ* ဆရာ... လူတွေရဲ့အပေါ်မှာ သူ့စိတ်ဟာ မကြည်လင်တာရယ် ... စိတ်ကောက်တာရယ် ... ဒေါသကြီးတာရယ် ... အဲဒါဟာ ငါမပြောတတ်တော့ဘူး ... သူ့စိတ်ဟာ ပုံမှန်လူတစ်ယောက်လိုကို မဟုတ်တော့ဘူး ... ”

“ဟုတ်တယ်တျာလေး ... ငါ့အစ်ကိုလည်း ဒီအတိုင်းပဲ ... ဘယ်ဘဝက ဝဋ်ကြွေးလဲတော့ မသိဘူး ... သူ့မှာ စည်းစိမ်ဥစ္စာ ဒီလောက်ပေါများနေတာတောင် သူ့ဘဝက မပျော်ရရှာဘူးလေ ... သူ့ကိုကြည့်ရင်း အမြဲတမ်း ငေးငိုင်ထိုင်းမှိုင်းလို့နေတာလေ ... ခုလည်းကြည့်လေ ... ဒီကိုလိုက်ပို့ပေးဖို့ မနည်းခေါ်ယူရတာ ... နင်ကတော့ လွယ်လွယ်နဲ့ ပါလာတယ်လို့ ထင်နေမှာ ... ဘယ် ... ငါတို့မှာ သူပါလာဖို့အရေး၊ သူ့အလိုလိုက်၊ သူ့အကြိုက်ဆောင်ပြီး ... မနည်းကို ကြိုးစားခေါ်လာခဲ့ရတာ... နောက်ဆုံးတော့ လိုက်မယ်လို့ သူကပြောတော့ ပျော်လိုက်ရတာ ... ခုတော့ ဘယ်ဟုတ်မလဲ...



www.burmeseclassic.com

www.burmeseclassic.com



ဒီ'မောင်'က အလုပ်ရှိလို့ ငါတို့နဲ့လိုက်ဖို့ သဘောတူလိုက်တာ မှန်း ခုမှ သိရတော့တယ် ... ”

“သူ့အလုပ်က ဘာလဲဟင် ... ”

“သူက ဆောက်လုပ်ရေးအင်ဂျင်နီယာလေ ... အရမ်းအလုပ် ဖြစ်တာ ... ပိုက်ဆံတွေ ဒီလောက်ရနေတာတောင် ဘယ်ငွေ သုံးရမှန်းမသိတဲ့ အစ်ကို ... ခုတောင် တော်သေးတယ် ငါတို့ရောက်လာလို့ ငါတို့က ဝိုင်းဖြုန်းပေးလို့ နည်းနည်း ပျက်စီးတတ်လာတာ ... နို့မို့ဆို ရသမျှပိုက်ဆံက သူ့အတွက် အကုန်သပိတ်ဝင် အိပ်ဝင်ပဲလေ ... ”

“ဒါဆို နင်တို့လည်း ... 'ထော'နေတာပေါ့ ဟုတ်လား ... ”

“အရမ်းကြီးတော့ မဟုတ်ပါဘူး ... ဒါပေမဲ့ 'လိုချင်တာ' စားချင်တာကိုတော့ အကြောင့်အကြမ်မရှိ ရပါတယ် ... ”

“ဒါဆို နင်တို့ စာမေးပွဲအောင်လို့ တက္ကသိုလ်ဆက်တက် မယ်ဆိုရင် အစ်ကိုဝင်းနဲ့ပဲ နေမှာပေါ့နော် ... ”

“ဒါပေါ့ဟဲ့ ... ခု ဒီကနေပြန်ရင် အဖေတို့ အမေတို့ဆီ ပြန် မယ် ... ငါ့အမေက ငါ့ကို အရမ်းသတိရနေပြီလေ ... အောင် စာရင်းတွေ ထွက်ပြီးလို့ ကျောင်းပြန်တက်ရတဲ့အခါကျရင်





တော့ ပြန်လာမှာပေါ့ ... ”

“ဒါဆို နင်က အောင်ပန်းကို ပြန်မှာပေါ့နော် ... ”

“ဟုတ်တယ် ... မပြန်လို့မဖြစ်ဘူး ... အမေက ငါ့ကို အရမ်း သတိရနေပြီလေ ... ”

“နေဝင်ကကော အိမ်ပြန်မှာပေါ့နော် ... ”

“ဟုတ်တယ် ... သူလည်း ပြန်မှာပဲ ... ”

“ဝမ်းနည်းစရာကြီးဟယ် ... ချစ်ကလည်း သူ့အိမ်ကို ပြန် တော့မှာ ... ငါတစ်ယောက်တည်း ကျန်ရစ်ခဲ့တော့မှာနော်”

“ငါတို့က ခဏပါဟာ ... ကျောင်းတွေတက်ခွင့်ရပြီဆိုရင် ပြန်လာမှာပါ ... ဒီကြားထဲ ဟိုသက်ကြားအိုနှစ်ယောက် အဆင်ပြေသွားရင် တို့နှစ်အိမ် ရွှေလမ်းငွေလမ်း ခင်းနိုင်ပြီ ဟုတ်တယ်မို့လား ... ”

“ဒါကတော့ ငါတို့က ဖြစ်စေချင်တာလေး ... သူတို့နှစ် ယောက်က သဘောတူဦးမှပေါ့ ရန်သူရယ် ... တစ်ခါ တစ်ခါတော့ ငါ သူတို့အကြောင်းကို စဉ်းစားမိတယ် ... နှစ် ယောက်စလုံး အိမ်ထောင်ပြုသွားကြတာ မဟုတ်ဘဲ ... ဘာ ဖြစ်လို့ ဒီလောက်အချိန်အကြာကြီးအထိ တစ်ယောက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် အဆက်အသွယ်မလုပ်ကြတာလည်းဆိုတာကို စဉ်းစားလို့မရဘူး ... ကိုယ်ကိုတိုင်က စိတ်မဝင်စားတော့ဘူးဆိုရင်လည်း ကိုယ့်ဟာကိုယ် ပျော်ပျော်ရွှင်ရွှင်နေရမှာပေါ့ မဟုတ်ဘူးလား... ခုတော့ အဲဒီလိုလည်း မဟုတ်ဘူး_ မမကြည်ပြာဘဝက အရမ်းကို အထီးကျန်ဆန်လွန်းနေတာဟာ ... "

"ငါ့အစ်ကိုလည်း ဒီလိုပဲ ပညာရေး၊ စီးပွားရေး အကုန်ပြည့်စုံနေပေမယ့် ... သူ့ဘဝကြီးကြည့်ရတာ မပျော်ပါဘူးဟာ _ ပျော်စရာဆိုတာ သူ့ရဲ့ကမ္ဘာမှာ တကယ်မရှိတာဟ ... ခုတောင် ငါတို့ရောက်လာလို့ သူ့ဘဝမှာ နည်းနည်းအရောင်အပြုံးတွေ ရှိလာတာသိလား ... တျာလေး ... ဟိုမှာကြည့်စမ်း ... "

စကားပြောနေရင်းမှ အလန့်တကြား ထအော်လိုက်သော ရန်သူကြောင့် ကြည်ထံတျာ အရမ်းတုန်လှုပ်သွားခဲ့ပါသည်။

"ဟောဟိုကျောက်ဆောင်တွေကြားက အကျီပန်းရောင်လေးနဲ့ အမျိုးသမီးဟာ မမကြည်ပြာလား ... ဒီဘက်ကတီရှပ်အဖြူနဲ့ ဘောင်ဘီအပြာရောင်ကတော့ ငါ့ အစ်ကို"





"ဟယ်တော် ဟုတ်ပါရဲ့ ... အဲဒါ မမကြည်ပြာပဲ ... ကြည့်စမ်း သူတို့နှစ်ယောက်က ဘယ်ကနေဘယ်လို တွေ့သွားကြတာလည်း မသိဘူးနော် ... "

"အဲဒါကြောင့် ပြောတာပေါ့ တျာလေးရဲ့ ... သူတို့ကြည့်လိုက်ရင် မထုံတတ်တေးနဲ့ ခုတော့ ငါတို့ကို 'ဘတ်'သွားပြီလေ... တကယ်မခံချင်စရာပဲဟာ ... နေဦး ပညာတော့ပေးရမှကျေနပ်မယ် ... ဘာလဲ ... တစ်ယောက်က ခရီးထွက်ကောက်မယ်တဲ့ ... တစ်ယောက်က အလုပ်ကိစ္စရှိလို့တဲ့... ဒါအသက်တစ်ရာတွေရဲ့ လိမ်ညာဏ်တွေ အကုန်ပဲလား မသိဘူး ... "

"ဒီကနေ ခဲနဲ့ကောက်ပေါက်ရရင် ... ကောင်းမလားတျာလေး ... "

"နေပါဦး ရန်သူရဲ့ ... တို့တွေသိမှန်း သူတို့ကို မသိစေချင်ဘူး ... သူတို့ အပြင်ထွက်မယ့်အချိန်ကို မပြတ်သာစောင့်ကြည့်နေ ... တကယ်လို့ ညအိပ်ရင်လည်း အပေါက်ဝနားမှာ မမနည်းကို သိပ်ထားမယ် ... နင်လည်း အစ်ကိုစန်းမြင့်ကို သေသေချာချာစောင့်ကြည့်နိုင်း ... တကယ်လို့ သူတို့က



www.burmeseclassic.com

www.burmeseclassic.com



ဒီနားခဏ လမ်းလျှောက်ထွက်ဦးမယ်... ဘာမယ်ပြောခဲ့လို့ ရှိရင် ... မိုက်နာတယ်ဆိုပြီး လူးလိမ့်ပြလိုက် ... အရှမ်းကိုနာတဲ့ပုံ လုပ်ပြလိုက်ဟယ် ... အူအတက်ပေါက်တော့ မလိုလို ဘာလိုလိုဖြစ်အောင်သာ လုပ်ပြလိုက် ရန်သူကြားလား ... အဲဒါဆို ချိန်းထားပြီးသားဖြစ်တဲ့ သူတို့နှစ်ယောက် အစီအစဉ်ပျက်ကရော ... ဟုတ်တယ်မဟုတ်လား ... "

"ဟင် နင်ပဲ သူတို့ကို ပေးတွေ့စေချင်တယ်ဆို ... "

"တွေ့တာတော့ တွေ့စေချင်တာပေါ့ ရန်သူရဲ့ ... သူတို့ တွေ့ပေးရအောင် အစီအစဉ်နဲ့ ဒီကိုလာတာပဲဟာ ... ဒါပေမဲ့ ခုလို ငါတို့ကို အကြောင်းရိုက်ပြီး လူလည်ကြသွားတာတော့ ခံပြင်းတယ်ဟာ ... ဒါကြောင့် ပညာလေးပြလိုက်ရင် ကောင်းမလားလို့ ... "

"မဆိုးပါဘူး လုပ်လိုက်လေ ... တကယ်လို့ ငါတို့ရဲ့ မဟုတ် မဟာဝ် လုပ်ဇာတ်တွေပေါ်သွားခဲ့ရင် ... အစ်ကိုက ဆူမှာ နော်... "

"အောင်မလေး ဆူမှာ ကြောက်မနေနဲ့ ... ဒီလို သဘော သမတ်မရှိတဲ့ လူတွေအတွက်က ဘာသြဇာအာဏာမှ မ





တော့ဘူး ... သူတို့တောင် အသက်တစ်ရာနဲ့ ငါတို့ကို လိမ်ပြီး ထွက်သွားတာပဲဟာ ... သတ္တိကြောင်မနေစမ်းပါနဲ့ ရန်သူရာ ... ငါပြောတဲ့အတိုင်းသာလုပ်လိုက် ဟုတ်လား... "

"ရတယ်လေ ... နင်ခိုင်းတယ်ဆိုရင် ငါ ဘာမဆိုလုပ်မှာပါ... လာ ဒါဆို သွားကြတော့စို့ ... "

"နေနှင့်ဦးပေါ့ သက်ကြားအိုတွေရယ် ... ဘိုင့်ဘိုင့် ... "


ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com











မဟုတ်တာလုပ်ထားတဲ့ သူများ ဘယ်လိုပင် ကိုယ့်မျက်နှာကို ထိန်းချုပ်ထားပါသော်လည်း မရတော့ပါ။

ရုပ်က အပိုးကို မကျိုးတော့ဘူးလေ ...

ဘယ်တွေသွားနေတာလဲ မမကြြည်ပြာရယ်၊ ဒီမှာအားလုံး မမကြည်ပြာအတွက် စိတ်တွေလည်း ပူနေရပြီ။

"ဟဲ့ ... မမကြည်ပြာ ... တျာလေးတို့ကို စာရေးထားခဲ့သားပဲ ... အပြင်ကို လမ်းလျှောက်ထွက်မယ်လို့ ... "

"ထွက်တာတော့ ထွက်တာပေါ့ ... ဒါပေမဲ့ ဒီလောက်ကြာရလားလို့ ... ဗိုက်တွေလည်းဆာနေကြပြီ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆာရင်စားထားရောပေါ့ ကျွာလေးရယ် ... "

"စားထားရောပေါ့တဲ့ ဟုတ်လား ... သူလည်း ဘာမှ မစီစဉ်ပေးခဲ့ဘဲနဲ့ ... ကျွာလေးနဲ့ မမနည်း သွားဝယ်ထားရတာ... "

"ဆောရီးပဲ ညီမလေးရယ် ... တစ်ယောက်တည်း ကမ်းခြေမှာ အပန်းဖြေရင်း ... လမ်းလျှောက်ရတာ ... ပျော်စရာကောင်းလိုက်တာကွယ် ... လူကို ရှင်လန်းတက်ကြွသွားတာပဲ..."

"တကယ်ပဲလား မမကြည်ပြာ ... "

"တကယ်ပေါ့ ... မပျော်ဘဲနဲ့ မမကြည်ပြာက ဒီလောက်အဝေးကြီး လျှောက်သွားနေပါ့မလား ... "

"ဘာလဲ မမကြည်ပြာက သူများအတွဲတွေ လျှောက်ချောင်းနေတာမို့လား ... ဒါမှမဟုတ် အားကျနေတာလား ... လျှောက်လည်း ချောင်းမနေနဲ့ဦး ... တော်ကြာ ငရဲအိုးတွေ ကြီးနေဦးမယ် ... တစ်ခါတည်း ကိုယ့်ညီအစ်မတွေရှိသားပဲဟာ ... လျှောက် လည်ရင် တူတူလည်ရမှာပေါ့...





ခု မမကြည်ပြာက ကျွာလေးတို့ကို ဒီအတိုင်းထားခဲ့ပြီး အလစ်ထွက်သွားတာတော့ မကောင်းပါဘူး ... ကျွာလေး မကျေနပ်ဘူး ... "

"ကျေနပ်ပါတော့ ကျွာလေးရယ် ... မမကြည်ပြာ မုန့်ဖိုးပေးပါ့မယ် ... "

"မရဘူး ... ဗိုက်ထဲကလည်း ဆာလွန်းလို့ နာသလိုလို အောင့်သလိုလို ဖြစ်နေပြီ ... အဲဒါ မမကြည်ပြာကို စောင့်ရင်းနဲ့ အဆာလွန်သွားတာ သိလား ... နစ်နာကြေးတောင် ပေးရဦးမယ် ... "

"တယ် ... "

"ကျွာလေးဟာလေ တကယ် စကားကြောရှည်တယ် ... ရော့ ဒီမှာငွေတစ်ထောင် ... "

"ဘာလုပ်ရအောင်လည်း ဒီငွေတစ်ထောင် ကြက်ကင်တစ်ကောင်ဖိုးတောင် မရှိဘူး ... "

"မယူရင်လည်း နေဟော့ ... တော်ပြီး နင်စကားကြောရှည်တာကို ဆက်ပြီး ဖြေရှင်းနေရင် ပြီးတော့မှာမဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



မမနည်းရေ ထမင်းစားကြရအောင်နော် ... ချစ်လည်း ဆာနေရောပေါ့ ...”

“ရပါတယ် ချစ်က မုန့်တွေစားထားတာ မကြည်ပြာရဲ့ ...”

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်သောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







ကြည်ပြာပြာက မဆွေနည်းကိုကြည့်လိုက်တော့ ဝတ္ထုစာအုပ်လေးနှင့် ငြိမ့်လို့။

အခိက ပင်မကြီးဖြစ်သည့် ကြည်ထံတျာကို ကြည့်လိုက်တော့ အိပ်ရာထဲမှာ မျက်လုံးကလည်ကလည်နှင့် ဟိုဘက်လှည့်လိုက် ဒီဘက်လှည့်လိုက်နှင့် ဂနာမငြိမ်ဖြစ်နေပါသည်။

ဒီကောင်မလေး အိပ်သွားလျှင် သိပ်ကောင်းမှာ၊ သူ့ကိုပြောပြီး ထွက်သွားရင်တော့ ရမှန်းသိပါသည်။ ဒါပေမဲ့ ဒီမလောက်လေးမလောက်စား ကောင်မလေးကို အကြီးလုပ်တဲ့ကြည်ပြာပြာက ခွင့်မတောင်းချင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ ဒီကောင်မလေးရဲ့ စစ်ဆေးမေးမြန်းခြင်းကိုလည်း မခံနိုင်ပါ။

"ဟဲ့တျာလေး … အိပ်ပါလား … ဟိုမှာ ချစ်တစ်ယောက်တော့ အိပ်နေတာမှ တုံးနေတာပဲ … "

"အိပ်လို့ မရပါဘူး … "

"ဘာဖြစ်လို့လဲ … "

"ဘာဖြစ်မှန်းကို မသိပါဘူး မမကြည်ပြာရယ် … "

"ဒါဆို အရှုးထတာပဲ ဖြစ်မှာပေါ့ … "

"မမကြည်ပြာ အပြင်ခဏသွားလိုက်ဦးမယ်နော် တျာလေး"

"နေ့ခင်းကြောင်တောင်ကြီး မမကြည်ပြာရယ် … ဒီအချိန်ဆို ဘယ်သူမှ အပြင်ထွက်ကြတာ မဟုတ်ဘူး … ကိုယ်အခန်းထဲမှာပဲ ကိုယ်ငြိမ်နေကြတာကို … မမကြည်ပြာကတော့ အဆန်းပဲ … အရှုးကျနေတာပဲ … နေပူကြီးထဲ သူများအတွဲတွေ လျှောက်ချောင်းရတယ်လို့ … တော်ကြာ မိန်းမတန်မဲ့ ချောင်းပြီး အရိုက်ခံနေရဦးမယ် … "

"တျာလေ နင်စကားပြောရင် ကြည့်ပြောနော် တျာလေး … စကားတွေက မမကြည်ပြာရဲ့ သိက္ခာကို အရမ်းထိခိုက်





နေပြီနော် … "

"အလကားစတာပါ မမကြည်ပြာရယ် … နေပူကြီးထဲ အပြင်ထွက်တော့ ဖျားနာနေမှာပေါ့ … ညနေမှ တျာလေးတို့နဲ့ အတူတူလမ်းထွက်လျှောက်ကြတာပေါ့နော် … "

"ဟဲ့ ကိုယ်ဟာကိုယ်သွားတာပဲဟာ တျာလေးခြေထောက်ကို ငှားသွားတာလည်းမဟုတ် … နယ်မြေဗဟုသုတလေး ရအောင် ရှာဖို့လာတာကို နင်တို့လို အပျင်းကြီးပြီး အိပ်နေမယ်ဆိုရင်တော့ … လာရတာ စရိတ်ကုန်ပြီး လူ ပင်ပန်းရုံရှိတော့မပေါ့ တျာလေးရယ် … "

"အား … "

"တျာလေး ဘာဖြစ်လို့လဲ … "

"ရပါတယ် … ဘာမှ မဖြစ်ပါဘူး … "

"ပြောစမ်း တျာလေး … မျက်စိမျက်နှာလည်း ပျက်လို့ တစ်ခုခုဖြစ်နေပြီထင်တယ် … "

"ဗိုက်ထဲက ထိုးထိုးပြီးအောင့်နေလို့ မမကြည်ပြာရဲ့ … ဒါကြောင့် တျာလေး မအိပ်နိုင်ဘဲ တလူးလူးတလိမ့်လိမ့်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေတာ ... ”

“တကယ်လား တျာလေး ... ”

“တကယ်မဟုတ်လို့ အားအားယားယား နောက်နေရမှာ လား မမကြည်ပြာရဲ့ ... ”

“အောင်မလေး ... ”

“အောင့်တယ် မမကြည်ပြာ အရမ်းအောင့်တာပဲ ... ”

“တျာလေး ဘာဖြစ်လို့လဲ ... ”

“ဗိုက်ထဲကအောင့်လို့တဲ့ မမနည်းရယ် ... အဲဒါ ကြည်ပြာ ဘာလုပ်ပေးရမလဲ မမနည်း ... ဘာမှလည်း လုပ်မပေး တတ်ဘူး ... ”

“တျာလေးက အဲလိုပဲ အောင့်နေကျလေ ... စပတ်စမိ သောက်မလား တျာလေး ... ”

“အင်း ... ”

မမဆွေနည်းက တျာလေးအတွက် ရေနှင့်ဆေး ယူ လာပြီး တိုက်လိုက်ပါသည်။

“ခဏနေတော့ ပျောက်သွားမှာပါ တျာလေးရဲ့ ... စိတ်





မညစ်နဲ့နော် ... ”

“အား ... ”

တအားအော်ထည့်လိုက်သော ကြည်ထံတျာ၏ အသံကြောင့် သီရိချစ်ပါ အိပ်ရာက လန့်နိုးလာပါသည်။

“တျာလေး ဘာဖြစ်လို့လဲဟင် မမနည်း ... ”

“ခါတိုင်းလိုပဲပေါ့ ချစ်ရယ် ... ဗိုက်အောင့်လို့တဲ့ ... ”

“ဆေးကော သောက်ပြီးပြီလား ... ”

“ခုပဲ တိုက်ထားတယ် ... ”

“မဟုတ်ပါဘူးချစ်ရဲ့ ... ခါတိုင်းနဲ့ မတူဘူး ... တအားကို ထိုးထိုးအောင့်နေတာ ... ”

“ဆေးခန်းသွားမလား တျာလေး ... ”

“ဟင့်အင်း မသွားချင်ဘူး ... ဒီကဆေးခန်းတွေ မပြချင် ဘူး ... ပြရင်းပြရင် အန်တီဒေစီဆေးခန်းကိုပဲပြမယ် ... ”

“ဟဲ့ အန်တီဒေစီက ရန်ကုန်မှာပဲဟာ ... ဒီလောက်ဝေးတာ ကို တျာလေးမို့ စိတ်ကူးရဲတယ် ... တကယ်ဖြစ်လာရင် တော့ ကြိုတဲ့နေရာမှာ ကြိုသလိုပြရမှာပေါ့ ... နင် အဲလို



www.burmeseclassic.com

www.burmeseclassic.com



ချေးများနေလို့ကတော့ ဘယ်ရပါ့မလဲ ... တော်ကြာ ဒီ လောက်အဝေးကြီး ပြန်သွားရရင် လမ်းမှာ ဒုက္ခရောက်စရာ ရှိရင်တောင် ရောက်နိုင်တယ် ... "

"ဖွဟဲ့ လွဲစေ ... ပယ်စေ ... မမကြည်ပြာစကားကြီးက ကြောက်စရာကြီး တျာလေးအသက်က ငယ်ငယ်လေးရှိ သေးတာ ... သေရင်တောင် မမကြည်ပြာ နောက်စနှစ်ကြာ မှ သေမှာပါနော် ... "

"နင် ဒီလောက် ဝေဒနာတွေ ထနေရတဲ့ကြား တယ် ရန်ဖြစ် နိုင်သေးတယ်နော် ... "

ပြောရင်းမှ ကြည်ပြာပြာတစ်ယောက် လက်တွင် ပတ်ထားသောနာရီကို မသိမသာငုံ့ကြည့်လိုက်သည်ကို မေးထား သော မျက်လုံးပေါက်သေးသေးလေးကြားက ကြည်ထံတျာ မြင် ဖြစ်အောင် မြင်လိုက်ပါသေးသည်။

ခုဆိုရင် မမကြည်ပြာ လမ်းလျှောက်ထွက်မယ်လို့ စပြောတဲ့အချိန်ထက် မိနစ်၂၀ကျော် ကြာသွားပြီလေ ... နောက် ၁၀မိနစ်လောက် အချိန်ထပ်ဆွဲနိုင်ရင်တော့ လုံလောက်ပါပြီ ... ။





"ပင်လယ်စာတွေက ဗိုက်နာတယ်ဆိုတာ ... ဒါမျိုးလာ မသိ ဘူးနော် ... မမကြည်ပြာ ... "

ကြည်ထံတျာပြောကာမှ ကြည်ပြာပြာ ဗိုက်လန့် သွားပါသည်။ ခါတိုင်းလို ဗိုက်နာခြင်းမျိုးက အကြောင်းမဟုတ်ပေ မယ့်၊ ပင်လယ်စာတွေကြောင့် ခုလို ဖောက်လာတာဆိုရင်တော့ ပြဿနာပဲ ... ကြည်ထံတျာသာ တစ်ခုခုဖြစ်သွားခဲ့ရင် သူမအပေါ် အပြစ်တွေ လုံးလုံးပုံချခံရတော့မှာ ... ။

"တျာလေး ခဏလေးဆေးရှိန်တက်အောင် စောင့်လိုက်ဦး နော် ... မသက်သာရင် မမကြည်ပြာ ဆရာဝန်သွားခေါ် လိုက်မယ် ... "

အနားမှာ ကြည်ပြာပြာ၊ မဆွေနည်းနှင့် သီရိချစ်တို့ သုံးယောက်သား မျက်နှာငယ်လေးတွေနှင့် သူမကို ထိုင်စောင့်နေ တာ သနားတော့ သနားမိပါသည်။ ဒါပေမဲ့ မတတ်နိုင်ပါဘူးလေ၊ မမကြည်ပြာကြီးကို နည်းနည်းတော့ LESSON ပေးရမှ ကျေနပ် နိုင်မှာ။

စားပွဲတင်နာရီလေးကို လှမ်းကြည့်လိုက်တော့ သူမ



www.burmeseclassic.com

www.burmeseclassic.com



ခွဲထားချင်သည့် အချိန်အတိုင်းအတာတော့ ရောက်သွားပါပြီ။

"သက်သာလား တျာလေး ... "

"အင်း ... နည်းနည်းတော့ သက်သာသွားပြီ ... "

"တော်ပါသေးရဲ့နော် မမနည်းရယ် ... ကြည်ပြာဖြင့် တျာလေးဗိုက်နာတာ ရှိုးရှိုးတန်းတန်းနာတာ မှတ်နေတာ ... နောက်မှ သူက ပင်လယ်စာစားလို့လား မသိဘူးလို့လည်း ပြောလိုက်ရော ... ရင်ထဲကို ဒိန်းခနဲဖြစ်သွားတာပဲ ... တျာလေးသာ တစ်ခုခုဖြစ်သွားရင်တော့ ... အောင်မလေး တွေးတောင် မတွေးရဲတော့ပါဘူး ... "

"မမကြည်ပြာ ... "

"ဘာလဲ တျာလေ ... "

ဒီလိုဆိုတော့လည်း ... တျာလေးမျက်နှာလေးက သနားစရာလေးပါ။ သုံးယောက်စလုံး တျာလေးကို ကရုဏာ မျက်လုံးများဖြင့် ကြည့်ရှုနေပါသည်။

"အိပ်ချင်နေလား တျာလေး... အိပ်ချင်ရင် တစ်မှေးလောက် အိပ်လိုက် နိုးလာရင် တျာလေး သက်သာလာမှာနော်





ညီမလေး ... "

မဆွေနည်းက တျာလေး၏ဆံပင်လေးကို တယု ယ ပွတ်သပ်ပေးနေသလို၊ သီရိချစ်က ခြေထောက်ကို နှိပ်ပေး နေပါသည်။

မဆွေနည်းနှင့် သီရိချစ်က ဂ္ဂနြေ့ရစ္စာဖြင့် ကြည်ထံ ကို ပြုစုပေးနေသလို၊ ဘာလုပ်ရမှန်းမသိအောင် ထလိုက်ထိုင် တ်ဖြစ်နေတဲ့ အစ်မဖြစ်သူ ကြည်ပြာပြာကို ကြည်ထံတျာ ကျိတ် ရယ်ချင်နေပါသည်။

"သက်သာလားဟင် တျာလေ ... "

"အင်း တော်တော်လေး နေသာထိုင်သာ ရှိသွားပါပြီ ... "

"ဒါဆိုရင်တော့ စိတ်ချသွားရပါပြီ ... မေမေတို့ပြောတာ ကြည်ပြာကြားဖူးတာ မမနည်းရဲ့ ... ပင်လယ်စာစားပြီး အစားမတော်ရင် တစ်ခါတည်း ခေါက်ခနဲပဲတဲ့ ... "

"ဘာ ... ခေါက်ခနဲဆိုတာ ဘာလဲ မမကြည်ပြာ ... "

"ဒီလိုပေါ့ ညီမလေးရယ် ... ဆေးရုံတွေဘာတွေ ရောက်ရတဲ့ အထိ ဖြစ်တာတို့ ... သတိလစ်သွားတာတို့ကို ပြောတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ... ”

“တျာလေး က်ကောင်းလို့ပေါ့နော် ... ”

“ဒါပေါ့ ... ”

“တော်ပါသေးရဲ့ ... နို့မို့ဆို ဆေးကျောင်းတောင် သူ

အတူတူ မတက်လိုက်ရဘဲ ဖြစ်သွားမှာနော် ... ”

“ဘယ်သူလဲ ‘သူ’ဆိုတာ ... ”

“ဟောဒီက သီရိချစ်နဲ့ ပြောတာလေ ... ”

“ကဲ ဒီလောက်တောင် စကားတွေ ပြောနိုင်နေမှတော့

တျာလေး ဘာမှ မဖြစ်နိုင်တော့ပါဘူး မမကြည်ပြာ ... ဒီ

အနီးနားတစ်ဝိုက်မှာ ဆရာဝန်ရှာပြီး ဆေးလေးဘာလေး

မေးပြီး ဝယ်လိုက်ဦးမယ် ဟုတ်လား ... တျာလေး ခုလိုအဆို

ဖောက်တာကို ကြောက်လွန်းလို့ ... တော်ကြာ ... ဒီ

ထဖောက်ရင် ဗိုပြီးစိတ်ညစ်နေရဦးမယ် ... ခဏလေး

လား ... မကြာဘူး ... ”

“အင်း ... ”

မျက်နှာကြီးက ပုပ်သိုးသိုးကြီးနှင့် အမူအရာ အချိုး





ပြေဖြစ်နေသော ကြည်ပြာပြာကို ကြည်ထံတျာက မသိမသာ အကဲခတ်ကြည့်နေပါသည်။

“ဟင်း ... ဟင်း ... ဘယ်ရမလဲ ... ကိုယ်ကိုယ်ကိုအကြီးဆို ပြီး မဟုတ်တာလုပ်လို့ကတော့ ဒီက ကြည်ထံတျာတို့က တော့ လုံးဝမခံဘူး ဆရာရေ့ တစ်ခုတော့ရှိတယ် ကိုယ့်ကို အောက်ကျို့ပြီး အကူအညီတောင်းလာရင်တော့ ကြည်ထံ တျာတို့က အကူအညီပေးဖို့ အဆင်သင့်ပါ ... ခုတော့ ခဏ သည်းခံလိုက်ပါဦး မမကြည်ပြာရေ ... ”

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com











"သက်သာလား ရန်လေး ... "

"နာတော့နာသေးတယ် အစ်ကိုမင်းရဲ့ ... ဒါပေမဲ့ စောစော ကထက်စာရင်တော့ သက်သာသွားပါပြီ ... "

"မင်းတို့က ခက်တာပဲကွာ ... ဘာတွေ လျှောက်စားလဲမှ မသိတာ ... "

"ဆရာဝင်ပင့်ရင် ကောင်းမယ်ထင်တယ်နော် ... မောင် မင်း... "

"နေပါစေ ရတယ် ... အစ်ကိုစန်းမြင့် ... ခုလည်း ဆေး သောက်ထားလို့ တော်တော်သက်သာသွားပါပြီ ... ခုန



www.burmeseclassic.com

www.burmeseclassic.com



တုန်းကဆို ဗိုက်ထဲက Drum ကြီးများ ထုလိုက်သလားထြ နေတာပဲ ... တဒုံးဒုံးနဲ့ကို ထိုးနာတာ ...”

မင်းမောင်မောင်က လက်မှ နာရီကို ငုံ့ကြည့်လိုက်ပါသည်။ ကြည်ပြာပြာအတွက်လည်း စိတ်မကောင်းဖြစ်မိပါသည်။

ခုမှ နှစ်ယောက်သား ပြန်ပြီး ကြည်ဖြူခါစရှိသေးသည်။ သူ့ဘက်က ဖောက်ပြန်ပြီလေ၊ ခုလောက်ဆို ကြည်ပြာပြာ ချိန်းထားသည့်နေရာကနေ ပြန်သွားလောက်ပါပြီ။ သူ့ကို အရင်က လို ထာဝရစိတ်ဆိုးနည်းမျိုးဖြင့် စိတ်ဆိုးသွားလျှင်တော့ တရားခံက 'ရန်သူ'ပင် ဖြစ်ပေတော့မည်။

ရန်သူတစ်ယောက် အနည်းငယ်သက်သာသွားပြီး သူ့အတွက် ဆေးလေးဘာလေး ဝယ်ရန်ဟူ၍ အကြောင်းပြကာ မင်းမောင်မောင် ထွက်လာခဲ့ပါသည်။ ကြေကွဲစရာကောင်းလိုက်တာ ချိန်းထားတဲ့နေရာမှာ ကြည်ပြာပြာမရှိဘူးလေ။ တကယ်တော့ သူ ဒီကိုရောက်တာ ချိန်းထားတဲ့အချိန်ထက် နာရီဝက်ကျော်ကျော် နောက်ကျနေပြီလေ ...။ ကြည်ပြာပြာတော့ သူ့ကို အရမ်းစိတ်ဆိုးနေတော့မှာ သူဟာ ဟိုးငယ်စဉ် ချစ်ကျွမ်းဝင်လာစထဲက အမြဲတမ်း လွဲချော်မှုတွေ ဖြစ်ကာ ကြည်ပြာပြာအပေါ်မှာ ကတိမတည် ဖြစ်ခဲ့ရ





တာပါ။ ဒါတွေဟာ အကြိမ်မနည်းတော့ ကြည်ပြာတစ်ယောက် သူ့အပေါ် ခွင့်လွှတ်နိုင်စွမ်း မရှိတော့တဲ့တစ်နေ့မှာ သူတို့နှစ်ဦး အကွဲကြီးကွဲခဲ့ရတာလေ ...။

သူ ကြည်ပြာပြာကို တကယ်ချစ်ပါသည်။ ချစ်လွန်းသို့လည်း ကြည်ပြာပြာကလွဲလျှင် မည်သူ့ကိုမျှ လက်မထပ်တော့ဟူ၍လည်း ဆုံးဖြတ်ထားပါသည်။

ခုလို ချောင်းသာမှာ တိုက်တိုက်ဆိုင်ဆိုင် လာပြီး ဆုံဆည်းရတာဟာ၊ သူတို့နှစ်ယောက်ရဲ့ ဘဝရေစက်က မဆုံးသေးဘူးလို့ ထင်မှတ်ပြီး ပျော်ခဲ့ရသည်။ အပျော်လေးတွေ ဘယ်ကို ရောက်ကုန်မှန်း မသိတော့ပါ။

အကျိုးအကြောင်း ပြောပြရင်တော့ ကြည်ပြာ ခွင့်လွှတ်နိုင်ပါသည်လေ။

ရန်သူ့အတွက် ဆေးနှင့် သူနှင့်တည့်မည့် အစားအစာတော့၊ သူတို့သုံးယောက်စလုံး စားနိုင်မည့်အစားတွေပါ ဝယ်ကာ မင်းမောင်မောင် အဆောင်သို့ ပြန်လာခဲ့ပါသည်။

သူ ပြန်ရောက်တော့ ရန်သူတစ်ယောက် လူကောင်းကြီးဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နေကောင်းသွားတာ မြင်ပြန်တော့ မင်းမောင်ဓော

ဒေါ်သဲထောင်းခနဲ ဖြစ်သွားပြန်ပါသည်။

မင်းကိုတော့ ဆုချလိုက်ချင်တယ် ရန်လေးရေ့ ...အချိန်ကိုက်ကို ငါ့ကို ဒုက္ခပေးသွားတဲ့အတွက်လေ။ ဒီစကားဓ ကတော့ ရင်ထဲကကျိတ်မှိတ် ပြောနေတဲ့စကားတွေပါ။

"ရန်လေး ... မင်း ညနေကျ ထမင်းမစားနဲ့နော် ... အစ် မင်းအတွက် ပေါင်မုန့်နဲ့နွားနို့ ဝယ်ခဲ့တယ် ... စိတ်ဓ မကောင်းပါဘူးကွာ ... ဒီနေ့မှပဲ လူလူချွန်းစားတော်ဆ ရောက်တော့ ဘဲကင်တွေက ကျက်ခါစမို့ အနံ့ကို မွှေး တာပဲ ... မင်းနဲ့မတည့်တော့ ဝယ်တော့ မဝယ်ချင်ပါဘူး ... ဒါပေမဲ့ အစ်ကိုမင်းကိုယ်တိုင် စားချင်တာရယ် ... နောက် နေလေးနဲ့အစ်ကိုစန်းမြင့်ကိုလည်း ကျွေးချင်တာမို့ ဝယ် ခဲ့တယ် ... "

"ဒါဆို နောက်နေ့ကြရင် ကျွန်တော့်ကို ထပ်ကျွေးရမယ်"

"ဘယ်ရမလဲ ... ကျွေးတဲ့အချိန်မှာ မတွေ့ဘူးဆိုရင်တော့ ... နောက်တစ်ခါ ထပ်ကျွေးဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး မောင်ရန်လေးရယ် ... "





"နေပေါ့ ... ကျွန်တော်ဟာကျွန်တော် ဝယ်စားမှာပေါ့ ... ဒါတော့ မင်းသဘောပဲလေ ... ခိုးစားမယ်တော့ မကြံနဲ့ ဆရာရေ့ ... ထမင်းစားရင် တစ်တုံးမကျန် နေလေးနဲ့ အစ်ကိုစန်းမြင့်ကို စားခိုင်းလိုက်မှာ ... အဲ တစ်ခုတော့ရှိ တယ် ... မင်းအရမ်းစားချင်နေတယ်ဆိုရင်တော့ ... မနက် ဖြန် ဧည့်သည်တွေအတွက် ချန်ထားတဲ့အရိုးတွေ ကိုက်ရင်ကိုက် လိုက် ... "

"တော်တော်ရက်စက်တဲ့ အစ်ကိုမင်းပါလားနော် ... "

ကိုယ်က အပြစ်လုပ်ထားတာဆိုတော့ ဒီတစ်ခါ တော့ ကျိတ်မှိတ်သာခံလိုက်ပေတော့ ရန်သူရေ။

အုန်းသီးတွေ တစ်ဖက်နှစ်လုံးဆွဲလာသော ကိုစန်း မြင့်တစ်ယောက် နောက်မှ တစာစာအော်ခေါ်ရင်း ပြေးလိုက်လာ သောအသံကို ကြားဖူးပါသည်။ တော်တော်လေးကို ရင်းရင်းနှီးနှီး ကြားဖူးသဖြင့် ... ။

နောက်သို့ လှည့်ကြည့်လိုက်သောအခါ မဆွေနည်း တစ်ယောက် အမောတကောနှင့် သူ့ဆီကို ရောက်ရှိလာပါသည်။

"ခေါ်လိုက်ရတာ အစ်ကိုစန်းမြင့်ရယ် ... ဘယ်ကသာတာ



www.burmeseclassic.com

www.burmeseclassic.com



လဲဟင် ... ”

“ဒီမှာလေ အုန်းသီးတွေ ဝယ်လာတာ ... ”

“များလှချည်လား ... အစ်ကိုစန်းမြင့်ရဲ့ ... ”

“ဟိုကောင် ရန်လေးကိုတိုက်ဖို့လေ ... မပြောချင်ပါဘူး မဆွေရယ် ... နေမကောင်းဖြစ်နေတယ်လေ ...

“ဟုတ်လား ... ရန်လေးလား ... ”

“အင်း ... နေ့ခင်းက ဗိုက်အောင့်လို့ဆိုပြီး လူးလိမ့်နေတာပဲ ... ”

“ခုကော ဘယ်လိုနေသေးလဲ ... ”

“ခုတော့ သက်သာသွားပါပြီ ... အဲဒါ မောင်မင်းက အုန်းရည်တိုက်ရင် ကောင်းတယ်ဆိုပြီး အုန်းသီးဝယ်ခိုင်းလိုက်လို့ ... ”

“ဟယ်တော့် ... ဒါဆို ဒီနှစ်ယောက် မဆွေတို့မသိအောင် တစ်ခုခု ဝယ်စားကြတယ်ထင်တယ် ... အိမ်က တျာလေး တစ်ယောက်လည်း ဗိုက်အောင့်လို့ဆိုပြီး ... အော်ဟစ်ငိုနေတော့တာလေ ... မဆွေတို့က ဆရာဝန်သွားပြမယ်ဆိုတော့လည်း ရန်ကုန်က ဆရာဝန်နဲ့မှ ပြပါမယ် ... ရန်ကုန်





ကို ပြန်မယ်ဆိုပြီး ငိုလိုက်တာ ... စိတ်ကို ညစ်ယူရောပဲ ... အစ်မလုပ်တဲ့သူကလည်း ငယ်သေးတော့ ဘာမှမလုပ်တတ်ရှာဘူးလေ ... မျက်စိပျက် မျက်နှာပျက်နဲ့လေ မဆွေလည်း ကိုယ်တတ်သမျှလေးတွေနဲ့ ပြုစုပေးလို့ ... တျာလေး သက်သာသွားတာ ... ကလေးတွေဆိုတော့ တည့်မှန်းမတည့်မှန်း မသိ၊ စားပစ်လိုက်တာ ဖြစ်မှာပေါ့ ... ကံကောင်းလို့ မသေတာ ... ”

“ဒီလိုမှန်းသိရင် မဆွေကို မေးပါတယ်ဗျာ ... ကျွန်တော်တို့မှာ မတတ်တတတ်နဲ့ ဒီကောင်ရန်လေးကို ပြုစုလိုက်ရတာ တော်သေးတာပေါ့ ... သေကံမရောက် သက်မပျောက်တာ ... ”

“သြော် ... ကိုစန်းမြင့်တို့အဆောင်လည်း ရောက်ပြီ မဆွေသွားလိုက်ဦးမယ်နော် ... ”


“ဟုတ်ကဲ့ ... မဆွေ ... ”



www.burmeseclassic.com


www.burmeseclassic.com











"ဖြည်းဖြည်းများလည်း ဆင်းပါဦးရှန်လေးရယ် ... တော်ကြာ နေ့လယ်ကလို ဗိုက်တွေ ထပ်နာလာပါဦးမယ်၊ မင်းကိုတော့ ကြောက်လွန်းလို့ပါကွာ ... "

"မဖြစ်တော့ပါဘူး အစ်ကိုမင်းရာ ... အခန့်မသင့်လို့ တစ်ခါတလေဖြစ်တာကို ခုတော့ အစာရေစာပါ အဖြတ်ခံလိုက်ရတယ် ... တကယ်ပါပဲ ... "

"တော်သေးတာပေါ့ကွာ ... မင်းလိုကောင်မျိုး ... ငါလိုသိတတ်တဲ့လူမို့ နို့လေး၊ ပေါင်မုန့်လေး ဝယ်ကျွေးဖော်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ ... ဒီပြင် အစ်ကိုလိုမျိုးဆိုရင် မင်းကို အဖတ်မစားရဘူး ဆိုပြီး သုံးလေးရက်လောက် အငတ်ထားမှာ သိလား ...”

“ဘယ်ရမလဲ ... ကျွန်တော်ကတော့ သူများခြောက်တိုင်း ကြောက်မဲ့လူစား မဟုတ်ဘူးဗျ ... ကိုယ့်အသိစိတ်နဲ့ ကိုယ် ရှောင်မယ် ... ကိုယ့်ဟာကိုယ် ... တည့်တယ်လို့ထင် ရင်တော့ ဘယ်သူမှ တားနေစရာ မလိုဘူး ... စားကိုစား ပြစ်မှာ ...”

“လုပ်ကြည့်လိုက်လေ ... ဒီတစ်ခါဖြစ်ရင်တော့ လုံးဝကို လှည့်မကြည့်ဘူး ...”

“တကယ်တော့ အစ်ကိုမင်း ကျွန်တော်ဖြစ်ရင် မကြည့်ရဘူး ပါဘူးမို့လား ...”

“အေး ... အဲဒါ အရင်တုန်းက အခုတစ်ခါဖြစ်ရင်တော့ တစ်ခါ တည်း သတ်ကိုပြစ်လိုက်မယ် ...”

လေးယောက်သား စကားပြောရင်း လမ်းလျှောက် လာလိုက်ကြတာ ကြည်ထံတျာတို့တည်းသည့် အဆောင်ကိုပင် ရောက်လာကြပါသည်။

“အစ်ကိုမင်း ...”





“ဘာတုန်း ...”

“ဒီအဆောင်မှာ ကျွန်တော့်သူငယ်ချင်းတစ်ယောက် နေ မကောင်းလို့ ခဏဝင်ကြည့်ချင်လို့ ...”

“ဒါဆို မင်းဟာမင်း ဝင်ကြည့်နေ ... အစ်ကိုတို့ ဒီအနီး နားတစ်ဝိုက်မှာ စောင့်နေမယ် ...”

“ဟာ ... မရဘူး ... အဲဒီကောင်မလေးနဲ့ နေဝင်နဲ့လည်း သိတာ ... သူလည်း ကြည့်ရမှာမို့ မထူးပါဘူး အစ်ကိုရာ... အစ်ကိုမင်းရော အစ်ကိုစန်းမြင့်ပါ ခဏလောက် ဝင်ကြည့် လိုက်ပါနော် ...”

“ဟ ... တို့နဲ့မှ မသိတာကွာ ... ရှုပ်ရှုပ်ယှက်ယှက်တွေ...”

“ခဏလေးပါ အစ်ကိုရာ ... ကျွန်တော့်သူငယ်ချင်းနဲ့ အစ်ကို့ ကို မိတ်ဆက်ပေးချင်လို့ပါ ...”

“မဖြစ်ပါဘူး ရန်လေးရာ ... ဒါဆို အစ်ကို အဆောင်ကနေ ပြန်စောင့်နေမယ် ...”

ရန်သူနှင့် မင်းမောင်မောင်တို့ အခြေအတင်ပြောနေ ကြပုံနှင့် ဆွဲလားခေါ်လား လုပ်နေကြပုံတွေကို ကြည်ပြာပြာနှင့်



www.burmeseclassic.com

www.burmeseclassic.com



မခွေနည်းတို့ ထွက်အလာနှင့် သွား၍ ဆုံမိပါတော့သည်။

"ဟယ် ... အစ်ကိုမင်းမောင်တို့ပါလား ... "

"ဟုတ်ပါရဲ့ အစ်ကိုစန်းမြင့်ကော ... ရန်သူရော ... နေဝင်ရောပါ အကုန်အစုံပဲဟေ့ ... "

"ဘယ်ကသာ မမနည်းကလဲ ... သူတို့က ရန်သူတွေ မဟုတ်ပါဘူး ... "

"ဟုတ်တယ် ကြည်ပြာရဲ့ ... သူက 'ရန်သူ' ... "

ကြည်ပြာပြာက မခွေနည်းကို တစ်ချက်လှမ်းကြည့်လိုက်ပါသည်။

"ဟုတ်ပါတယ်မမ ... ကျွန်တော်က ရန်သူပါ ... ကြည်ထံတျာက ကျွန်တော့်သူငယ်ချင်းပါ ... တျာလေး နေမကောင်းဘူးဆိုလို့ ... အိမ်မှာရှိတဲ့ တစ်အိမ်သားလုံး ခေါ်လာပြီး သတင်းလာမေးတာပါ ... "

"ဩော် ... ဟုတ်လား ... လာလေ မောင်လေး ... အပေါ်တက်ကြဦးလေ ... ကိုမင်း လာလေ ... ဒါ ကျွန်တော့်အစ်ကိုပါမမ ... သူလည်း အစ်ကိုပဲ သူကတော့ ကျွန်တော်နဲ့





သက်တူရွယ်တူ ညီအစ်ကိုဝမ်းကွဲတော်တဲ့ 'နေဝင်'ပါ ... "

"ရွယ်တူမဟုတ်ပါဘူး ရန်သူရာ ... မင်းက ငါ့ထက် လေးလတောင်ကြီးတာပါ ... "

"အေးပါကွာ လေးလလောက်ကတော့ ထည့်ပြောမနေပါနဲ့တော့ ... "

"မမနည်းရေ 'တျာလေ'ကို ပြောလိုက်ပါဦး ... သူ့သူငယ်ချင်းတွေ လာသတင်းမေးကြတယ်လို့ ... ပြီးတော့ ကော်ဖီလုပ်ပေးပါဦး ... "

"အေး ... အေး ... "

တျာလေးနှင့် သီရိချစ်တို့နှစ်ယောက် ရန်သူနှင့်
ဝင်တို့ လာတယ်ဆိုလို့ အံ့ဩပြီး ထွက်လာတာ၊ ကိုကိုမင်းနှင့်
တို့စန်းမြင့်ပါ အဆစ်ပါလာသေးလို့ ပိုပြီးတော့တောင် တုန်လှုပ်
မိပါသည်။

"နေမကောင်းဘူးဆို တျာလေး ... "

"နေ့ခင်းတုန်းကပါ ... ခုတော့ ကောင်းသွားပါပြီ ... "

"လူတွေကို ဒုက္ခပေးလိုက်တဲ့ သဘောပေါ့ မောင်လေးရယ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး သူ့ကြောင့် ပျော်ပြုံးပြီး ဒုက္ခရောက်နေတယ် ဆိုရင်း
သူကျေနပ်တယ်လေ ...”

“သြော် ... ဒါဆို တျာလေးက နောက်ဆို နေမကောင်း
လည်း မအော်ရတော့ဘူးပေါ့ ဟုတ်လား ...”

“မဟုတ်ပါဘူး ... အော်တာက အော်ပါ ... ဒါပေမဲ့ မကြည်
ပြာတို့ လန့်မိတဲ့အကြောင်းကို ပြောတာပါ တျာလေးရဲ့ ...
အရေးထဲ သူ့ကို ပြုလည်းပြုစုရသေးတယ် ... စကားနား
လည်း ထိုးရသေးတယ် ...”

“ကိုမင်း တျာလေးကို မှတ်မိသေးတယ်နော် ...”

“တျာလေးကိုတော့ သိတာပေါ့ကြည်ပြာရယ် ... ဒါပေ
နှစ်နှစ်အတွင်းမှာ တျာလေးက အရမ်းရင့်ကျက်ပြီး ထွား
လာတာဆိုတော့ ... အပြင်မှာ နှစ်ယောက်ထဲ တွေ့
တော့ မှတ်မိမှာမဟုတ်ဘူး ...”

“တျာလေးကတော့ ကိုကိုမင်းကို ခွေးချီသွားတောင် မှတ်
မိတယ် ...”

“ဟဲ့တျာလေး ... လူကြီးကို အဲလိုမပြောရဘူးလေ ...”





အခန်းထဲမှ မခွေနည်းက သီရိချစ်မြင်သာသည့်နေ
ရာကနေ လက်ယက်ခေါ်လိုက်ပါသည်။

“ဘာလဲ မမနည်း ...”

“ကြည်ပြာရယ်လေ ... မမနည်းကို ကော်ဖီယူလာခိုင်းတာ
ကော်ဖီမစ်က နှစ်ထုပ်ထဲရှိတော့တာ ... လူတွေက ၁၀၀
လောက်နဲ့ ဒီမှာ ဘာလုပ်ရမှန်းကို မသိတော့ဘူး ... ကြည်
ပြာတို့က ခက်တာပဲ ... ကိုယ့်ဆီမှာ ဘာရှိလို့ရှိမှန်း မသိဘဲ
အရမ်းအာချောင်တာပဲ ...”

“မမနည်း ... ဒါဆို ဒီလိုလုပ်လိုက် ... အဲဒီနှစ်ထုပ်ကို သုံး
ခွက်ရအောင် ဖျော်ထည့်လိုက် ... ပြီးတော့ ... ခွက်တစ်ခွက်စီ
ကို လက်တစ်လုံးအလို ခပ်လျော့လျော့လေးထည့်လိုက် ...
ဒါက ဒီခေတ်စတိုင်ပဲ ဘာမှမရှက်နဲ့ ... နေဝင်ကို ချစ်
ပြောစရာရှိတယ်ဆိုပြီး ခေါ်သွားလိုက်မယ် ဟုတ်လား ...”

“နေဝင်ပြန်လာတော့ ဘယ်လိုလုပ်မလဲ ...”

“သြော် ... မမနည်းရယ် ပြန်လာတော့လည်း ဘယ်သူမှ
ဒီကော်ဖီလေးတစ်ခွက်ကို သတိတရနဲ့ သောက်နေဖို့ ...



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကူးရှိတော့မှာ မဟုတ်ပါဘူး ... ”

“အေး ... ကောင်းတယ် ... ဒါဆို ဒီလိုလုပ် မမနုည်းလည်း ကိုစန်းမြင့်ကို ဒီနားက Store ဆိုင် ခဏလောက် လိုက်ခဲ့ပေး ပါလို့ ပြောပြီး ခေါ်သွားမယ် ... ဒါဆို မောင်မင်းနဲ့ ရန်သူ နှစ်ယောက်စာအတွက်ပဲ လိုတော့တာ ... ဟုတ်တယ် လား ချစ် ... ”

“ဟုတ်ပါတယ်တဲ့ရှင် ... မမနုည်းကြီးက ချစ်လုပ်တာ အားကျပြီး လိုက်လုပ်တာမို့လား ... မမနုည်းကြီးလည်း သတိ ထားနော် ... မရိုးတော့ဘူး ... ”

“ဟင်း ... ဟင်း ... ဟင်း ... ”

“မမကြည်ပြာ ခဏနေရင် မမနုည်း ကော်ဖီလာပို့လိမ့်မယ် နော် ... ”

“ချစ် ... နေဝင်ကို ခေါ်ပြီး ဟိုနားဒီနား ခဏသွားလိုက်ဦး မယ် ... ”

“နေဝင်က ဒီက မောင်လေးနော် ... ”

“ဟုတ်တယ် ... နေဝင်လည်း ချစ်တို့နဲ့ သူငယ်ချင်းတွေပဲ ...





မမကြည်ပြာ တျာလေးရေ ... နင်တော့ နေမကောင်း လက်စနဲ့ ဆက်ပြီးတော့သာ နေလိုက်ပေတော့ ... နင့်ကို အဖော်ပြုလို့ကတော့ ငါတို့ ဘယ်ကိုမှ ရောက်ဖူးတော့မှာ မဟုတ်ဘူး ... နေဝင့်ကိုပဲ အဖော်ခေါ်ပြီး သွားတော့ မယ်... တော့တာ... အစ်ကိုစန်းမြင့် ခဏ ... ခဏ ... ”

သီရိချစ်က ခေါ်သည်မို့ ကိုစန်းမြင့်ပါ သီရိချစ်၊ နေ ဝင်တို့နှင့်အတူ အောက်သို့ ဆင်းလာခဲ့ပါသည်။

“မမနုည်းက အစ်ကိုစန်းမြင့်ကို အဖော်ပြုပြီး ... စတိုးဆိုင် ကို သွားမလို့တဲ့ ... ”

“ဟုတ်လား ... တကယ်ပြောတာလား သီရိချစ် ... ”

“တကယ်မဟုတ်လို့ ချစ်က ညာနေရမှာလား ... မယုံရင် လည်း မမကြည်ပြာ ... တျာလေးတို့နဲ့ပဲ ထိုင်နေခဲ့တော့... ”

“ယုံပါတယ်ဗျာ ... ယုံပါတယ် ... ”

ကော်ဖီနှစ်ပန်းကန်နှင့် အခန်းထဲမှ ထွက်လာသော မဆွေနုည်းကို သီရိချစ်က အောက်မှ လှမ်းခေါ်လိုက်ပါသည်။

“မမနုည်းကြီးရေ ... အဲဒီကော်ဖီတွေ ထားခဲ့ပြီးရင် အောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုဆင်းခဲ့ဦး ... နေဝင်နဲ့ အစ်ကိုစန်းမြင့်အတွက် ပြန်လာမှ ဖျော်ပေးလိုက် ... ”

ကော်ဖီနှစ်ပန်းကန်ကို ချပြီးသည်နှင့် မဆွေနည်း တစ်ယောက် မကြီးမငယ်နှင့် ခါးကော့ကာ အောက်သို့ တစ်ချိုး တည်း ပြေးဆင်းလာပါတော့သည်။

သူတို့တွေ ဘာလို့ ဒီလောက်တောင် ရင်းနှီးနေရပါ လိမ့်ဆိုပြီး ကြည်ပြာတစ်ယောက် အံ့သြကြီးစွာနှင့် ကြည့်နေမိပါ သည်။

ကြည်ပြာပြာနည်းတူ ကြည်ထံတျာတစ်ယောက် ကလည်း သူတို့ကို အားကျကာ ငေးငေးငိုင်ငိုင်လေး ဖြစ်နေရှာပါ သည်။

“မမကြည်ပြာနဲ့ ကိုကိုမင်းတို့နှစ်ယောက် စကားပြောနေကြ လေ ... တျာလေးနဲ့ ရန်သူလည်း သူတို့နောက်ကို လိုက် သွားချင်လို့ ... ”

“ဟဲ့ ... လိုက်သွားလို့ ဘယ်ဖြစ်ပါ့မလဲ ... တျာလေးက နေမှမကောင်းတာ ... ”





“ခု ကောင်းသွားပြီပဲ ... မမကြည်ပြာရယ် ... ”

“ဒီလိုပြောလို့တော့ ... ဘယ်ရမလဲ တျာလေးရယ် ... နေ့ခင်းက ဒီလောက် ... သေကောင်ပေါင်းလဲဖြစ်ထားတဲ့ လူတစ်ယောက်ဟာ ချက်ချင်းကြီး ဒီလောက် နေကောင်း သွားစရာ အကြောင်းမရှိဘူး ... တော်ကြာ ညကြမှ ရောဂါ တက်လာဦးမှာ ... ကြောက်လွန်းလို့ပါ တျာလေးရယ် ... ”

“တကယ်ပါ မမကြည်ပြာရယ် ... တျာလေး တကယ်နေ ကောင်းသွားပါပြီ ... ”

“ဟုတ်တယ် ကြည်ပြာပြောတာမှန်တယ် ... ရန်လေးလည်း အပြင်ကို လျှောက်သွားဖို့ မကောင်းသေးဘူး ... တကယ်ပါ ပဲ ကြည်ပြာရယ် ... နေ့ခင်းက ဒီကောင် ရောဂါဖောက် လိုက်တာ သေများသွားရင် သူ့အမေက ကျွန်တော့်ကို အပြစ်တင်လို့ ဆုံးမှာကိုမဟုတ်ဘူး ... ဒါနဲ့ပဲ သူ့အသက်ကို နှမြောလွန်းလို့ မဟုတ်ပေမယ့် ... သူ့ အမေဒေါ်လေးသက် ခင် အပြစ်တင်ခံရမှာစိုးလို့ မနည်းအသက်ကို လုထားခဲ့ရ တာ... ဒီမှာ ရန်လေး ... မင်းတို့ ‘ဂီလာန’နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အေးအေးဆေးဆေး စကားပြောချင်သပဆိုရင် ... မင်းတို့နှစ်ယောက်နေခဲ့ကြ ... အစ်ကိုမင်းနဲ့ကြည်ပြာ အပြင်ထွက်ပေးမယ် ... "

"အောင်မာ ... သဘောထားကြီးနေလိုက်တဲ့ ငါးစီးရှင် ကျော်စွာကြီးပါလား ... မလိုပါဘူးနော် ... အစ်ကိုတို့နှစ်ယောက်က အသက်လည်း ကြီးနေပြီဆိုတော့ ... နှစ်ယောက်ထဲ လမ်းလျှောက်သွားရင် လူမြင်လို့ မကောင်းပါဘူး အစ်ကိုရာ ... တော်ကြာ ပတ်ဝန်းကျင်က မရိုးမသားတွေ ပြောလာရင် ကျွန်တော်တို့ ကလေးတွေမျက်နှာ ဘယ်သွားထားရတော့မှာလဲ ... ဒီလိုပဲ လုပ်ပါ ကျွန်တော်တို့နှစ်ယောက် ဒီနားဟိုနား ခဏသွားလိုက်မယ် ... လူရှိသေ ရှင်ရှိသေ ဣန္ဒြေရရလေး ဖြစ်အောင် အစ်ကိုတို့နှစ်ယောက်သာ နေခဲ့ကြပါတော့နော်... "

"လာတျာလေး ... သွားမယ် ... "

ရန်သူက ပြောပြောဆိုဆို စားပွဲပေါ်တွင်ရှိသော ကော်ဖီခွက်နှစ်ခွက်ထဲမှ တစ်ခွက်ကို ကမန်းကတန်း မော့သော





ကာ ကြည်ထံတျာနှင့်အတူ ထွက်လာခဲ့ပါတော့သည်။

"သူတို့တွေက ဘယ်လိုကနေရင်း ရင်းနှီးသွားကြတာလဲ ဟင် ... ကိုမင်း ... "

"အမှန်အတိုင်းပြောရရင် ကိုမင်း လုံးဝ မသိဘူး ... မသိလို့သာ သူတို့ခေါ်တဲ့ ဒီနေရာကို ရောက်လာတာပေါ့ ကြည်ပြာရယ် ... "

"သူတို့ကြည့်ရတာ ရိုးရိုးသားသားမှ ဟုတ်ကြရဲ့လား မသိဘူးနော် ကိုမင်း ... မမနည်းကြီးကလည်း မသိမသာ ကလေးတွေနဲ့ ရောပြီး အရူးထနေသေးတယ် ... "

"အဲဒါ ကိုမင်းနဲ့ကြည်ပြာ တစ်ပတ်ရိုက်ခံလိုက်ရတာ သိလား ... ဒီကိုလာတာ သူတို့တိုင်ပင်ပြီး လာကြတာပဲဖြစ်မယ် ... နာတယ်ကွာ အကြီးဖြစ်ပြီး အငယ်တွေရဲ့ အလိုမ့်ကို ခံလိုက်ရတာ ... "

"ကိုမင်းညီတွေက ရိုးရိုးသားသားတွေမှ ဟုတ်ရဲ့လားဟင်... တော်ကြာ မေမေတို့က ကြည်ပြာ့ကို ဆူနေကြဦးမှာ ... "

"စိတ်ချပါကြည်ပြာရယ် ... ကိုမင်းညီလေးတွေက ရိုးရိုးသား



www.burmeseclassic.com

www.burmeseclassic.com



သားလေးတွေပါ … ရန်ကုန်ကို မနှစ်ကမှ ရောက်တာ … မေမေဆုံးသွားပြီးတော့ ကိုမင်းလည်း တစ်ယောက်တည်း ပျင်းပျင်းရှိတာနဲ့ ဒီကောင်တွေကို အဖော်ရအောင်ဆိုပြီး ဒီမှာ ကျောင်းခေါ်ထားပေးတာ … ရည်းစားလည်း မရှိကြသေးပါဘူး … ရှုပ်ရှုပ်ယှက်ယှက်တွေလည်း မဟုတ်ကြဘူးဆိုတာ ကိုမင်း ဝန်ခံပါတယ် … တကယ်လို့ သူတို့ချင်း ကြိုက်နေကြပြီဆိုရင်တောင် ဟျာလေးနဲ့ ဟိုဘယ်သူလဲ နောက်တစ်ယောက်လေ … ”

“သီရိချစ်လေ … သူလည်း ကြည်ပြာညီမဝမ်းကွဲပဲ … ”

“ဩော် ဟုတ်ပြီ … အဲဒီ သီရိချစ်တို့ဟာ ရန်လေးနဲ့ နေလေးတို့ရဲ့ အချစ်ဦးတွေပဲ ဖြစ်ကြမှာပါ … ”

“ဒါဆို မမနည်းကြီးကော … ”

“ဟာ သူဆို ပိုပြီး အစ်ကိုစန်းမြင့်ရဲ့ အချစ်ဦးဖြစ်တာပေါ့ … အစ်ကိုစန်းမြင့်ဆိုတဲ့လူက ဘယ်မိန်းမကိုမှ စိတ်ဝင်စားတဲ့လူမှ မဟုတ်တာကြည်ပြာရယ် … ”

“စိတ်ညစ်တာပဲ ကိုမင်းရယ် … အားလုံး ရှုပ်ကုန်ပြီ … ”





“မရှုပ်ပါဘူး ကြည်ပြာရဲ့ … အခုမှ အားလုံး အဆင်ပြေနေတာ မဟုတ်ဘူးလား … လာပါကြည်ပြာရယ် ကိုမင်းတို့လည်း လမ်းလေးဘာလေး လျှောက်ကြရအောင်နော် … ”

“ခုနက ကိုမင်းညီ ပြောသွားတာ မှတ်မိသေးလား၊ ကြည်ပြာတို့ကို မကြီးမငယ်နဲ့ လမ်းထွက်လျှောက်နေရင် လူအထင်သေးစရာ ဖြစ်မယ်ဆို … ”

“အလကားကောင်ရန်လေး … ဒီကောင့်စကားများ အတည်ယူလို့ ကြည်ပြာရယ် … တကယ်ဆို ကိုမင်းတို့ အရွယ်တွေကမှ ပိုပြီး သဘာဝကျတာပါ … အရမ်းစိတ်ပုပ်တဲ့ကောင် … နေ့ခင်းတုန်းကလည်း သူကို ပြုစုလိုက်ရတာ … ကြည်ပြာနဲ့ချိန်းထားတဲ့အချိန်လည်း နာရီဝက်လောက် ကျော်သွားတယ် … အဲဒါနဲ့ ဒီကောင်ကို ဆေးသွားဝယ်မယ်ဆိုပြီး ပတ်ပြီးထွက်လာတော့ ကြည်ပြာက မရှိတော့ဘူး … ကိုမင်းကို စိတ်ဆိုးလားဟင် … ”

“ကြည်ပြာလည်း ကိုမင်းနဲ့ချိန်ထားတဲ့အချိန်ထက် နာရီဝက်ကျော်မှ ရောက်တာ … ဒီရောက်တော့ ကိုမင်းက မရှိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘူးလေ ... အဲဒါကြောင့် တျာလေးကိုလည်း စိတ်ထဲက ကျိတ်ပြီး ဒေါသဖြစ်မိတာပေါ့ ... အချိန်ကိုက်ပြီး 'ထ'နိုင်တဲ့သူ ဝေဒနာကတော့ တကယ့်ကို ချီးမွမ်းစရာပါပဲ ကိုမင်းရယ် ... "

"ဟိုမှာတွေ့လား ကြည်ပြာညီမ ... "

မင်းမောင်မောင်လှမ်းပြသော နေရာကို ကြည့်လိုက်တော့ ကြည်ထံတျာနှင့် ရန်သူတို့နှစ်ယောက် သဲသောင်ပြင်တွင် ထိုင်ကာ စကားပြောနေကြပါသည်။

"ဟိတ် ... ဒီနှစ်ယောက် ဘာတွေလုပ်နေကြတာတုန်း ..."

ကြည့်လိုက်တော့ ... ကလေးပြီပြီ သနားစရာတော့ အကောင်းသားပါ။ နှစ်ယောက်သား ကောက်ထားသောခရုလေးတွေကို သီနေပါသည်။

"မမကြည်ပြာ ဒီမှာကြည့်ပါဦး ... ခရုလေးတွေ အများကြီးပဲ ... ရန်သူကောက်ပေးထားတာလေ ... "

"အောင်မာ ... သီစရာအပ်ချည်ကြိုးနဲ့ အပ်ပါ အဆင်သင့်ရှိနေတာကိုး ... ဘယ်ကရတာလဲ ... "





"ကျွန်တော်ဆောင်ထားတာလေ ... ချောင်းသာကို လာမယ်ဆိုထဲက တျာလေးအတွက် ခရုပုတီးတွေ အများကြီး သီပေးမယ်ဆိုတဲ့ စိတ်ကူးနဲ့ အပ်ချည်ရောအပ်ကော ဆောင်လာခဲ့တာ ... အပ်ချည်ကြိုးဆို အရောင်စုံပဲ ... အားလုံး ခြောက်လုံးခြောက်ရောင်တိတိ ဝယ်လာခဲ့တာ ... "

"မင်း တော်တော်ရှူးပါလေး ရန်လေး ... "

"ရှူးတာမဟုတ်ဘူး အစ်ကိုမင်းရ ... အဲဒါ ချစ်စရာကောင်းတာ ... ဘယ်နှယ့်ဗျာ ချစ်စရာကောင်းတဲ့ အလေ့အကျင့်လေးကို ချစ်စရာကောင်းမှန်း မသိတဲ့လူတွေသာ သနားစရာကောင်းတာ ... ဟောဟိုနားမှာ ခရုအကြီးကြီးတွေရှိတယ် အစ်ကိုမင်း ... အဲဒီခရုကြီးတွေကို ကောက်ပြီး ... မမကြည်ပြာကို သီပေးလိုက်ပါလား ... အပ်ချည်နဲ့အပ်လိုရင် ကျွန်တော့်ဆီမှာ လာယူ ... ခရုကြီးတွေကကြီးရင် အပ်ချည်လေးငါးပင်လောက်နဲ့ သီနော် ... တော်ကြာ ပြတ်ကျသွားရင် နိမိတ်မကောင်းဘူး အစ်ကိုမင်းရဲ့ ... "

"ဒီမှာရန်လေး ... မင်းလျှာကို နည်းနည်းလောက် ဖြတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလားဟင် ... ”

“ဒါကတော့ မွေးရာပါလျှာရှည်တာ’ အစ်ကိုမင်းရေ မတ

နိုင်ဘူး ... ဒီကနေ တော်တော်လှမ်းတဲ့နေရာမှာမှ ခ

အကြီးကြီးတွေရှိတာ ... နေမဝင်ခင် မြန်မြန်သာသွ

ကောက်လိုက်ကြပေတော့ အစ်ကိုမင်းနဲ့ မမကြည်ပြာ

“အရှူးကောင် ... လာကြည်ပြာ သွားမယ် ... ”

“ဟင်း ... ဟင်း ... ဟင်း ... ”

ခြေလှမ်းကျဲကြီးဖြင့် ထွက်သွားသော မင်းခေ

မောင်နှင့် ကြည်ပြာတို့ကို ကြည့်ကာ ကြည်ထံတျာက ရယ်ချ

ပါသည်။

“ကောင်းတယ် မြန်မြန်သာသွားကြ ... ဘယ်နှယ့်ဗျာ

နေရာတွေ ဒီလောက်အကျယ်ကြီးမှာ သူများကိစ္စက

နေရတယ်လို့ ... ”

“ရန်သူဟာလေ ... အရမ်းကိုရန်များတာပဲ ... သူတို့

အကြီးတွေမို့လား ... တော်ကြာ တို့နှစ်ယောက်ကို အ

မသွားရတော့ဘူးဆိုရင် ဘယ်လိုလုပ်မလဲ ... ”





“ငါတို့ကို အတူပေးမသွားရင် ... သူတို့ကိုလည်း အတူပေး

မသွားရုံပေါ့ ... မဟုတ်ဘူးလား တျာလေးရဲ့ ... ဟင်း ...

ဟင်း ... နွေခင်းကလို ပညာပြနည်းမျိုးနဲ့ ဒီနှစ်ယောက်ကို

‘ကိုင်’လိုက်ရင် ဘာမှမတတ်နိုင်တော့ဘူး ... မဟုတ်ဘူး

လား တျာလေး ... ”

ပါးစပ်က မနားတမ်းပြောနေသလို လက်ကလည်း

ခရုလေးတွေကို သိနေသော ရန်သူ၏ လုပ်ပုံကိုင်ပုံမှာ ကြည့်ကောင်း

လွန်းသည်မို့ ကြည်ထံတျာတစ်ယောက် ရန်သူ့အပေါ် မှင်သက်မိ

သည့်အခါများတလည်း မနည်းတော့ပါ။

“ပြီးသွားပြီ တျာလေး ... ”

“အရမ်းလှတာပဲ ရန်သူရယ် ... ”

“နင့်ကိုငါ ဆွဲပေးမယ်နော် ... ”

“ရပါတယ် ... ဆွဲပေး ... ”

ရန်သူဆွဲပေးထားသော ခရုပုတီးလေးကို ကြည်ထံ

တျာက ခေါင်းလေးငုံ့ကာ ခံယူလိုက်ပါသည်။

“အရမ်းလှတာပဲ တျာလေးရယ် ... ငါသီပေးတာမို့ ပြော



www.burmeseclassic.com

www.burmeseclassic.com



တာမဟုတ်ပါဘူး … နင်နဲ့ အရမ်းကိုလိုက်တာပဲ … နောက်နေ့တွေကြလည်း ထပ်သီပေးဦးမယ် သိလား …”

“ကျေးဇူးပါပဲ ရန်သူရယ် …”

“ရန်သူ …”

“ဟင် …”

“ဒီကပြန်ရင် နင် ဘာလုပ်မှာတုန်း …”

“ငါ အောင်ပန်းကို ပြန်ရမယ် တျာလေး … အမေကငါ့ကို အရမ်းသတိရနေပြီလေ …”

“နင့်မှာ ညီအစ်ကိုမောင်နှမ ဘယ်နှစ်ယောက်ရှိလဲ …”

“ငါ တစ်ယောက်တည်းပဲ … ငါတို့တွေက ဥတစ်လုံးမျိုးတွေလေ … မအေညီအစ်မတွေက မွေးလိုက်ကြတာ တစ်ယောက်ကို တစ်ကောင်စီပဲ … ပြီးတော့ မွေးလိုက်ရင်လည်း အထီးကြီးပဲ …”

“အဖြူနဲ့အနက်ကျားတွေကော ပါသေးလား …”

“နင့်အမြင်ပဲလေ … အားလုံး အဖြူတွေကြီးပဲ … ဒါတောင်





ငါတို့က တော်သေးတယ် … ဟိုကောင် နေလေးဆိုရင် ဆွတ်ဆွတ်ကိုဖြူတာ … နောက်ကြာတော့မှ နေပူထဲထွက်လိုက် … ဘောလုံးကန်လိုက်နဲ့မို့ အသားနည်းနည်းညိုသွားတာဟ …”

“သူနဲ့တူတဲ့ ဘောလုံးသမားတစ်ယောက် ရှိတယ်နော် … ရန်သူ ဒီကမဟုတ်ဘူး … အင်္ဂလန်ဘောလုံးသမား …”

“အိုဝင်ကို ပြောတာမို့လား … ဟုတ်တယ် … သူ ဘောလုံး ကန်ရင် သူ့ကို မိုက်ကယ်အိုဝင်လို့ပဲ ခေါ်ကြတာဟ …”

“ငါတို့လည်း နင်တို့ကို စပြီး သတိထားမိတာ အဲဒီအတွက်နဲ့ပဲ …”

“ချစ်ကလေ နေဝင့်ကိုကြည့်ပြီး တူတယ်လူရှိပါတယ်ဆိုပြီး နေ့တိုင်းစဉ်းစားတာ … နောက်ဆုံးတော့မှ အိုဝင်နဲ့တူတာ ဖြစ်နေတာကိုး … ရယ်ရတယ်နော် …”

“ငါနဲ့ကော တူတဲ့လူမရှိဘူးလား တျာလေး …”

“နင်နဲ့တူတဲ့လူကတော့ နင်ပဲပေါ့ … ဟင်း … ဟင်း …”

“နင် ဘယ်တော့ပြန်လာမှာလဲ …”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ မပြောတတ်သေးဘူး ... ကျောင်းတွေတက်ခွင့်ရတဲ့အခါကြတော့ ပြန်လာမှာပေါ့ တချာလေးရယ် ... "

"နင်ဒီမှာပဲ ကျောင်းတက်နော် ... မန္တလေးမှာ တက်မယ်ဆိုရင်တော့ နင်နဲ့ငါ အဝေးကြီးဖြစ်သွားမှာ ... "

"စိတ်ချ ... ငါအမှတ်ကောင်းလို့ ကျောင်းတက်ဖြစ်မယ်ဆိုရင်တော့ ဒီကနေပဲ အသေအချာတက်မှာ ... "

"ကဲ မိုးလည်းချုပ်ပြီ ပြန်ကြစို့နော် ... တော်ကြာ ထမင်းစားဖို့ စောင့်နေကြဦးမယ် ... "

"နင်ကတော့ ထမင်းစားရမှာပေါ့လေ ... ငါကတော့ ငါ့အပြစ်နဲ့ငါလေ ... ငါ့ကို မမကြည်ပြာက ထမင်းမစားရဘူးတဲ့ ... ပေါင်မုန့်နဲ့နွားနို့ပဲ သောက်ရမယ်တဲ့ ရှုပ်စရာကြီးနော် ... ဘယ်ရမလဲ ညကျရင်တော့ ခိုးစားပြီသာမှတ် ... "

"ငါရောပဲ ... အစ်ကိုက ထမင်းမစားရဘူးတဲ့ ... သူတို့ကျတော့ ညနေစားဖို့ ဘဲကင်တွေရော ... ပုဇွန်ချိုချဉ်တွေရော ... ဂဏန်းတွေရော နံ့နေတာပဲ ... ဘယ်ရမလဲ ငါ့အစာမပြည့်သေးလို့ ငြိမ်နေတာ အလိုပြည့်လို့ကတော့ကွာ ...





ဂရုမစိုက်သေး ... "

"နင့်အလိုက ဘာလဲ ... "

"ငါ့အလိုက နင်နဲ့တွေ့ဖို့ ကြိုးစားမယ် ... ခရုပုတီးလေးတွေ နင့်အတွက် သီပေးမယ် ... ဒါပဲ ... "

"တော်တော်ကြီးမားတဲ့ ရည်ရွယ်ချက်တွေပဲ ... "

"နင့်အတွက်တော့ ရယ်စရာဖြစ်ချင်ဖြစ်မှာပေါ့ တချာလေးရယ် ... ငါ့အတွက်ကတော့ နင့်နဲ့အမြဲ စကားတွေပြောပြီး ပျော်နေချင်တယ် ... ဒါ ငါ့ရဲ့ အမှန်ကန်ဆုံးစကားပဲ ... မယုံချင်နေ ... "

"ဟော့ မပြန်ကြသေးဘူးလား ... "

"ခုပဲ ပြန်တော့မှာပါ အစ်ကိုရဲ့ ... တချာလေးကို နှုတ်ဆက်နေတာ ... "

"ဒါဆို ကြည်ပြာတို့ ပြန်တော့မယ်နော် ... ကိုမင်းတို့လည်း ကြည်ပြာတို့ကို လိုက်မပို့နဲ့တော့ ... မနက်ဖြန်မှ ဆုံကြတာပေါ့နော် ... "



www.burmeseclassic.com

www.burmeseclassic.com











"တျာလေး ..."

"ဘာလဲချစ် ..."

"တလူးလူးတလှိမ့်လှိမ့်နဲ့ နင် အိပ်မပျော်ဘူးမို့လား ..."

"ဟုတ်တယ် ..."

"ဗိုက်ထဲက ဆာသလိုလိုပဲ ..."

"ဒါဆို ထမင်းစားကြမယ်ဟာ ... ငါလည်း ဗိုက်ထဲက နည်းနည်းဆာတယ် ..."

"ဒါတောင် နင်က ထမင်းစားထားပြီးသား ... ငါ့မှာက ပေါင်မုန့်ကြီးစားရတာ ထွီ ပြောရင်းနဲ့တောင် ပျို့တက်လာပြီး ... ဝေါ့ ..."



www.burmeseclassic.com

www.burmeseclassic.com



"ထမင်းတွေရော ဟင်းတွေပါ ကျန်သေးတယ် သိလား ... နင်မစားတော့ ဘယ်ကုန်ပါ့မလဲ ... "

"သက်ကြားအိုကြီးနှစ်ယောက်တော့ အပျော်လုံးဆိုပြီး အိပ်မောတွေကြနေပြီ ... ထမင်းဟင်းတွေ သယ်စရာရှိတာ တစ်ခါတည်းပါအောင် သယ်နော်ချစ် ... တော်ကြာ ဝင်ချိုထွက်ချိုနဲ့ဆို သူတို့ နိုးလာလိမ့်မယ် ... နင့်ကိုလည်း ငါပြောစရာတွေ အများကြီးရှိသေးတယ် ... "

"စား တျာလေး နင်အရှမ်းဆာနေတယ်မို့လား ... ဒီနေ့မှဟာ ... မမကြည်ပြာဝယ်လာတဲ့ဟင်းတွေက ကောင်းလိုက်တာ ... ငါတောင်စားရတာ နင့်အတွက် စိတ်မကောင်းဘူးသိလား ... "

"ညနေက နင်တို့ ဘယ်ရောက်သေးလဲ ချစ် ... "

"ငါတို့လား ... ဒီကနေ ဟိုးတော်တော်ဝေးတဲ့အထိကို ရောက်သွားတာ တျာလေးရဲ့ ... စကားတပြောပြောနဲ့ သွားလိုက်တာ မောရမှန်းတောင် မသိလိုက်ဘူး ... ခုမှ ခြေတွေက အရှမ်းညောင်းလာတာ ... "

"နေဝင်နဲ့နင် တော်တော်အဆင်ပြေခဲ့လား ... "

❧ စောနာစာပေ ❧



"ဒီမှာလေ ... "

သီရိချစ်က သူမနှင့်နေဝင် နှစ်ယောက်တွဲရိုက်ထားသော ဓာတ်ပုံလေးတွေကို ထုပ်ပြလိုက်ပါသည်။

"ဟယ် ... မိုက်တယ်ဆရာ ... ချစ်တို့ကတော့ တကယ်သွက်တာပဲ ... ငါတောင် စိတ်မကူးလိုက်မိဘူး ... "

"ခွဲရတော့မယ်ဆိုတော့ ... အမှတ်တရလေးပေါ့ တျာလေးရယ် ... "

"နင်ကလည်းဟယ် နိမိတ်မရှိ နမာမရှိတွေ ... သူတို့နဲ့ငါတို့က ဘာလို့ခွဲရမှာလဲ ... ပြီးတော့ မမကြည်ပြာနဲ့ ကိုကိုမင်းကလည်း အဆင်ပြေသွားပြီဆိုတော့ တို့တစ်တွေ ပိုပြီးတော့ နီးစပ်ဖို့သာ ရှိတော့တာပါ တျာလေးရယ် ... "

"အေးနော် ... ဒါကြောင့် နေဝင်ကလည်း ငါ့ကို ပြောပါတယ် ... သူ့ကို အဆက်အသွယ် မဖြတ်ပါနဲ့တဲ့ ... သူက ငါ့ကို အရှမ်းခင်ပါတယ်တဲ့ ... ပြီးတော့ သူနဲ့ငါ အမှတ်တရရိုက်ထားတဲ့ဓာတ်ပုံလေးကို တစ်မျိုးကို၂ပုံစီ ကူးယူပြီး တစ်ယောက်ကိုတစ်မျိုးဆီ သိမ်းထားကြမယ်တဲ့ ... "

❧ စောနာစာပေ ❧

www.burmeseclassic.com

www.burmeseclassic.com



"ချစ် ... "

"ဟင် ... "

"နင် ငါ့ကို မှန်မှန်ပြောနော် ... နင် နေဝင်ကို စိတ်ဝင်စားနေပြီလား ... "

"မပြောတတ်တော့ပါဘူး တျာလေးရယ် ... ဒါပေမဲ့ နေဝင်နဲ့ ပတ်သက်လာရင် ငါ အရမ်းခံစားရတယ် ... "

"ငါ့ကိုသာ ပြောနေတာပါနော် ... နင်လည်း ရန်သူ့ကို မငြိုးသားပါဘူးနော် ... "

"ငါ ဝန်ခံပါတယ်ဟာ ... ရန်သူဟာ ငါ့အပေါ်မှာ သိတင်တယ် ... ငါ့ကို သူ အရမ်းခင်တယ် ... သူ ငါ့ကိုကြည့်ကြည့်နေတဲ့ မျက်လုံးတွေကလေ တစ်မျိုးကြီးပဲလို့ ငါခံစားတယ် ... ဟိုလေ 'တိုးအောင်'တို့တယ်ရီတို့လို မဟုတ်ဘူးဟဲ့ ... သူ့အကြည့်ကပဲ ဆန်းတာလား ... ငါကိုယ်တိုင်က သူ့အကြည့်အပေါ်မှာ 'ခိုက်'နေတာလားဆိုတာတော့ မစဉ်းစားတတ်တော့ဘူးဟာ ... "

စကားတပြောပြောနှင့် ထမင်းတွေကို မတရားစား





နေသော ကြည်ထံတျာကို သိရိချစ်ကြည့်၍ လန့်လာပါသည်။

"တျာလေး ... ထမင်းတွေလည်း အရမ်းမစားနဲ့ဦးနော်"

"ဟင် ... နင်ပဲ ငါ့ကို ညနေက ထမင်းမစားရလို့ သနားတယ်ဆို ... "

"အေးပါ ... သနားလို့လည်း မကြည်ပြာမသိအောင် ခိုးကျွေးပြီးပြီလေ ... တော်ကြာ တန်လျှင်ဆေး လွန်လျှင်ဘေး ဆိုတဲ့စကားလည်း ရှိသားနဲ့ နင့်ကို မမနည်းကြီးအကြောင်း ပြောချင်လို့ ... "

"ပြောလေ ... "

"ဟိုနေ့က တို့တွေ တူတူထွက်လာကြပြီးတော့ တစ်နေရာ ရောက်တော့ တို့တွေ လမ်းခွဲခဲ့ကြတယ်ဟာ ... အပြန်တော့ အနီးအနားမှာ သူတို့ရှိမလားလို့ လိုက်ရှာကြည့်တော့ ... ကျောက်ဆောင်အကွယ်လေးမှာ သူတို့နှစ်ယောက် ဂဏန်းတွေစားရင်းနဲ့ စကားပြောနေကြတယ် သိလား ... ဘယ်ကများ ဂဏန်းပြုတ်တွေ ဝယ်ထားလည်း မသိဘူး ... မမနည်းက အစ်ကိုစန်းမြင့်ကို အခွံတွေတောင် ခွာပေးနေ



www.burmeseclassic.com

www.burmeseclassic.com



တာတွေ့လို့ နေဝင်ကော ငါပါ ကြည့်ကောင်းကောင်းနဲ့ ချောင်းကြည့်နေမိသေးတယ် ... "

"သူတို့က နင်တို့ကို မမြင်ဘူးလား ... "

"ဘယ်ကလာ ... ဒီလိုမျိုး နှစ်ယောက်တွေ့ကြပြီဆိုရင် သူများတွေကသာ သူတို့ကိုမြင်တာလေ ... သူတို့ကတော့ လောကကြီးမှာ သူတို့နှစ်ယောက်ကလွဲရင် ဘာကိုမှ မမြင်တတ်ကြတော့ဘူး တျာလေးရဲ့ ... နင်ကော ဘာတွေထူးသေးလဲ ... "

"ဘာမှ မထူးပါဘူးဟာ ငါတို့နှစ်ယောက်က သိပ်ပြီး ဝေးဝေးလံလံမသွားခဲ့ပါဘူး ... ရန်သူက သူကောက်ပေးထားတဲ့ ခရုလေးတွေကို ငါ့အတွက် သီပေးနေတာ ... ငါလေ ... ခုလို ရန်သူ ငါ့အပေါ်မှာ ကြင်နာတတ်ပုံလေးကို ကြည့်ပြီး ကျေနပ်တယ်ဟာ ... ရန်သူ့ကို ငါအရမ်းခင်တယ်၊ တို့တွေ တစ်ယောက်နဲ့တစ်ယောက် ဝေးကွာသွားရင် နေတတ်တော့မှာ မဟုတ်ဘူးနော် ချစ် ... "

"အဲဒါတွေကို ကြိုမစဉ်းစားထားပါနဲ့ တျာလေးရယ် ... နေရ





တဲ့အခိုက်ကလေးမှာ ပျော်အောင်သာနေကြတာပေါ့နော် ... နီးတာဝေးတာတွေဟာ ကိုယ်လိုသလို ဖန်တီးယူလို့ရတယ်လို့ ငါထင်တာပဲ ဟုတ်တယ်မို့လား တျာလေး ... "

"အေးလေ နင်ပြောတဲ့အတိုင်း ဖြစ်လာပါစေလို့ပဲ ဆုတောင်းရတော့မှာပေါ့ ... ချစ်ရယ် ... "

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com











မနက်ဖြန်ဆို သူတို့ ချောင်းသာက ပြန်ရတော့မည်။ ဘယ်လောက်ကြေကွဲစရာ ကောင်းလိုက်ပါသလဲ။

ကြည်ပြာပြာနှင့် မဆွေနည်းတို့ နှစ်ယောက်အတွက်သာ အကြောင်းမဟုတ်သလို၊ မင်းမောင်မောင်နှင့် ကိုစန်းမြင့်တို့အတွက်ကလည်း ဘာမှ ပူဆွေးနေစရာ မလိုပါ။

ရန်ကုန်တွင် အတူနေကြသည်သာမက အသက်အရွယ်ကလည်း ရလာကြပြီဆိုတော့ အချိန်မရွေး လာလည်လို့ရတယ်။ တွေ့ဆုံခွင့်ရတယ်လေ။

ရန်သူနှင့် နေဝင်တို့ကြတော့ မိဘတွေက တနယ်တကျေးကလေ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သီရိချစ်ကလည်း သူ့မိဘတွေရှိတဲ့ တောင်

ငူကိုပြန်မှာ၊ ကြည်ထံတူ့ာတစ်ယောက်တည်း အရမ်းကို အထီးကျ

နေတော့မှာပါ။

ဒီကြားထဲ ချောင်းသာကပြန်လျှင် ကြည်ထံတူ့ာ

ကြည်ပြာပြာနှင့် မခွေနည်းတို့သုံးယောက် မိဘများရှိရာ စစ်ကိုင်း

သို့ ခဏသွားလည်ကြဦးမည်မို့၊ အားလုံး တကွဲတပြားစီ ဖြစ်ကုန်

မည့်အရေးကို တွေးမိပြန်တော့ စိတ်ညစ်စရာကောင်းလိုက်သည့်

ဖြစ်ချင်း။

နောက်ဆုံးညအဖြစ် မင်းမောင်မောင်နှင့် ကြည်ပြာ

ပြာတို့နှစ်ယောက် တည်ခင်းကျွေးမွေးသည့် ထမင်းစားပွဲလေး

လည်း ဆိတ်ငြိမ်လို့နေပါသည်။

သူမ၏ညီမလေးကို ကလေးဟုထင်ကာအလိုလိုက်

ခဲ့ရသော ကြည်ပြာပြာတစ်ယောက် ညီမဖြစ်သူ၏ ရန်သူ့အ

အဖြစ်သည်းနေပုံကြည့်ကာ ဒေါသပင် ထွက်မိနေပါသည်။

"မမနည်းကြီး အစ်ကိုစန်းမြင့်ကို ဂဏန်းချာပေးလိုက်သည်

အစ်ကိုစန်းမြင့်က ဂဏန်းဆို ကိုယ့်ဟာကိုယ် ချာစားတ

တာ မဟုတ်ဘူးဗျ ... "





"ဟဲ့ ကောင်လေး ... နင် သူများတွေကို လာချောင်းကြည့်

သွားတယ်ပေါ့ ဟုတ်စ ... "

"ဟာဗျာ ... မဟုတ်ရပါဘူး ... ဘုရားပေးပေး ကျွမ်းဆေး

ပေး ... ကျွန်တော့်ဟာကျွန်တော် စိတ်မှန်းနဲ့ပြောထည့်

လိုက်တာ ... ခုတော့ ... မမနည်းကြီး ပြန်ဖြေလိုက်ပုံက

တကယ်ဟုတ်နေတဲ့သဘောကြီး ဖြစ်သွားတာပေါ့ ...

ဟား ... ဟား ... ဟား ... "

နေဝင်အပါအဝင် သီရိချစ်၊ ကြည်ထံတူ့ာနှင့် ရန်သူ

တို့က ဒီအကြောင်းကို သိထားကြသည်မို့ အားရပါးရ ရယ်ချလိုက်

ပါသည်။

ရန်သူ၏ အစီအစဉ်အရ ချောင်းသာမှခွဲခွာခြင်းအနေ

ဖြင့် မိန်းကလေးများဘက်က ရင်ထဲရှိတာကို အားလုံးကြားနိုင်

အောင် ပြောကြားရန်ပင် ဖြစ်ပါသည်။

ပထမဦးဆုံး ကြည်ပြာပြာ၏အလှည့်မို့ ကြည်ပြာပြာ

က မင်းမောင်မောင်ကို ကြည့်ကာ ...

"ရန်ကုန်ရောက်ရင် လာလည်နော် ... "



www.burmeseclassic.com

www.burmeseclassic.com



ဟု ရှက်ကိုးရှက်ကန်းလေးဖြင့် ပြောလိုက်ရာ ...

ကြည်ပြာ စိတ်မဆိုးဘူးဆိုရင် နေ့တိုင်းလာခဲ့မယ်ဟု မင်းမောင်မောင်က ပြန်ဖြေလိုက်ပါသည်။

ကြည်ထံတျာက သီရိချစ်ဘက်သို့လှည့်ကာ ...

"အဖြစ်သည်းနေလိုက်တာ ရွှံစရာကြီးနော် ..."

မမနည်းအလှည့် ...

"ဂဏန်းဟင်းချက်ရင် အခွံခွာပေးမယ်နော် ..."

"သိပ်ကောင်းတာပေါ့ ..."

ကြည်ထံတျာအလှည့်ရောက်တော့ ...

"ဆေးကျောင်းမှာ ပြန်ဆုံချင်တယ် ..."

"ဆုံရမယ် ... ဆုံရမယ် ..."

သီရိချစ်အလှည့် ...

"စာမှန်မှန်ရေးနော် ..."

"စာတင်မဟုတ်ဘူး ... လူပါအရောက်လာခဲ့မယ် ..."

"ဟား ... ဟား ... ဟား ..."

မရယ်ချင်ရယ်ချင်ဖြင့် ရယ်ချလိုက်သော ယောက်ျား





လေးယောက်၏ အသံကြီးတွေက တုံအက်အက်ကြီးဖြစ်နေပါသည်။

ပျော်ရွှင်စရာရက်လေးတွေ ကုန်ဆုံးရပြီမို့ အားလုံး ကြေကွဲဝမ်းနည်းစွာဖြင့် ခွဲခွာရပါတော့မည်။


ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com











ဒီနေရာ ဒီဒေသတွေမှာ မနေတတ်သဖြင့် ကြည်ထံ တစ်ချလုံးဝမပျော်ပါ။

ခက်တာက ရန်ကုန်ကိုပြန်၍ကလည်းမဖြစ်သေးပါ။ ကြည်ပြာပြာကော ကြည်ထံတစ်ချပါ ဘာအလုပ်အကိုင်မှ မရှိကြသည်မို့ ခုလိုအားတုန်းမှာ မိဘနှင့် အတူနေဖို့သာ ရှိတော့သည်လေ။ အားအားရှိတိုင်း စာမေးပွဲတွင် ဖြေဆိုခဲ့သောစာများကို ပြန်စမ်းစစ်တွက်ချက်ရင်းဖြင့် အချိန်တွေကို ကုန်လွန်ခဲ့စေခဲ့ပါသည်။

ပြီးခဲ့သည့် အပတ်ကတော့ သီရိချစ်တစ်ယောက် သူ့အမေနှင့်လာသွားပါသည်။ အဲဒီတုန်းကတော့ သီရိချစ်တို့နှစ်ယောက် ရန်သူနှင့် နေဝင်းတို့အကြောင်းတွေပြောပြီး စိတ်သက်



www.burmeseclassic.com

www.burmeseclassic.com



သာရာ ရခဲ့ပါသည်။

ဒီကြားထဲ သူမ မပျော်သလို မပျော်နိုင်သူနှစ်ဦးက တော့ မမကြည်ပြာနှင့်မမနည်းပါ။ တကယ်တော့ သူမတို့နှစ်ဦး၏ ဘဝဟာ ဒီလောက်ဖြောင့်ဖြူးနေပါလျက်နှင့် ခုလိုခဏလေးဝေးနေ ရတာကိုပင် သူတို့မှာ မခံစားနိုင်အောင် ရှိနေခဲ့သည်လေ။

မင်းမောင်မောင်နှင့်ကြည်ပြာပြာအကြောင်းကို မိဘ များကသိထားပြီးသားမို့ ခုလိုပြန်ပြီးအဆင်ပြေသွားတာကို သိရ သည်နှင့် တစ်ချိန်ချိန်မှာလက်ထပ်ပေးဖို့ အစီအစဉ်တွေရှိထားပြီး ပါပြီ။ အဆင်ပြေလိုက်သည့်ဘဝပါပဲ အရွယ်တွေကလည်း ရောက် လာကြပြီဖြစ်သလို နှစ်ဦးနှစ်ဘက်ငြင်းစရာမရှိပြီမို့ မမကြည်ပြာတစ် ယောက် စိတ်အေးရသော်လည်း ကြည်ထံတျာခင်ဗျာမှာတော့ ဒီကိစ္စနှင့်ပတ်သက်၍ ရေငုံနှုတ်ပိတ်ကာ နေခဲ့ရပါသည်။

အရေးထဲ ဖခင်လုပ်သူ ဦးခင်မောင်ကြည်၏ တပည့် ဖြစ်သည့် အင်ဂျင်နီယာလေး ကျော်စိုးမိုးကြောင့်လည်း စိတ်ညစ် ရတာရှိပါသေးသည်။ ကိုယ့်အထက်ကအရာရှိ၏ သမီးဖြစ်သူ ကြည်ထံတျာကို ကျော်စိုးမိုးတစ်ယောက် အချိန်တိုတိုအတွင်းမှာ တန်းတန်းစွဲ ဖြစ်ခဲ့ရပါသည်။





မိခင်ဖြစ်သူ ဒေါ်လှလှမင်းက ကျော်စိုးမိုးတစ် ယောက် သမီးဖြစ်သူ ကြည်ထံတျာကို သဘောကျနေမှန်းသိလျက် နဲ့ဘာယ်အတွက်ကြောင့် ခွင့်လွှတ်ထားသည်ကိုတော့ ကြည်ထံတျာ မပြောတတ်တော့ပါ။

"မမကြည်ပြာ ... "

"ဘာလဲ တျာလေး ... "

"အဲဒီကိုကျော်စိုးမိုးက အိမ်ကို ခဏခဏ ဘာလို့လာနေတာ လဲ ဟင် ... "

"အလုပ်အတွက်နဲ့ ဖေဖေဆီလာတာဖြစ်မှာပေါ့ တျာလေး ရယ် ... "

ပါးစပ်က ဖြေသာဖြေနေပါသော်လည်း ရုပ်ကတော့ သိပ်အပိုးမကြိုးမှန်း ကြည်ထံတျာ သိနေပါသည်။

"မမကြည်ပြာ ဘာလို့ရယ်နေတာလဲ ... "

"ဘာမှ မဟုတ်ပါဘူး တျာလေးမေးတာကို သဘောကျလို့ ရယ်နေတာပါ ... "

"မဟုတ်ပါဘူး တစ်ခုခုတော့တစ်ခုပဲ မမကြည်ပြာ တျာ



www.burmeseclassic.com

www.burmeseclassic.com



လေးကို အမှန်အတိုင်းပြော ... မပြောရင်တော့ စိတ်ဆိုးမှာပဲ ... ပြီးတော့ တျာလေး ဒီမှာမနေတော့ဘူး ရန်ကုန်ကိုပဲ ပြန်တော့မယ် ... ”

“ပြန်လို့ဖြစ်မလားဟဲ့ အဲလိုဆို မေမေက ဆူမှာပေ့ါ ဒီမှာ မိဘနဲ့အတူနေရတာ မနေနိုင်ဘူးဆိုပြီး အပြစ်ပြောစရာတွေ ဖြစ်ကုန်တော့မှာပေ့ါ ... တျာလေး ဒီမှာမနေချင်တာထက် မမကြည်ပြာနဲ့ မမနည်းက ... ပိုတောင်မနေချင်သေးတယ် ... ”

“ဟုတ်တယ်နော် အဲလိုဆို မေမေ့ကို ရန်ကုန်ပြန်ဖို့ပူဆာမယ်၊ ပြီးတော့ ... မေမေ့ပါ တျာလေးတို့နဲ့ လိုက်နေဖို့ ခေါ်မယ် တကာတည်းမှပဲ တစ်သက်လုံးအတူနေရတဲ့ ယောက်ျားကြီး နောက်ကိုပဲ မခွဲနိုင်မခွာရက် လိုက်သွားပြီး သမီးတို့ကိုတော့ အကြာကြီးပစ်ထားတယ်ဆိုပြီး ... ပူဆာပြီး ... ပြန်ခေါ်ခဲ့မယ် ... ”

“အဓိပ္ပာယ်မရှိလိုက်တာ တျာလေးရယ် ... ကဲ ဒါဆို မေမေက ပြန်ပြောမှာပေ့ါ ဒီမှာ အမေအဖေနဲ့ အတူနေရတာကို မပျော်ဘူး ... ပျင်းတယ်ဆိုပြီး ပြန်ချင်ရတာ ဘာသဘောလဲလို့ဆိုရင်တော့ ... ”





“ဒါကတော့ တျာလေးမှ ဒီမှာမနေချင်တာ ... ”

“စိတ်ကူးယဉ်မနေချင်စမ်းပါးနဲ့ တျာလေးရယ် ခဏတဖြုတ်နေရတုန်းအခိုက်မှာ ဖေဖေနဲ့မေမေကို စိတ်မဆင်းရဲစေပါနဲ့နော် ... ”

“အဲဒီ ကိုကျော်စိုးမိုးကြီး မျက်နှာကို မမြင်ချင်လို့ ... ”

“မမြင်ချင်လည်း ရှောင်နေပေ့ါ တျာလေးရယ် ... ဒီလောက်အိမ်အကျယ်ကြီးဟာ ... ”

“ရှောင်နေတဲ့ကြားကမှ ... တိုက်တိုက်ဆိုင်ဆိုင် သူနဲ့မျက်နှာချင်းဆိုင် တွေ့တွေ့နေတာကိုပဲ ... တျာလေး မကျေနပ်တာ ... ”

“ဟိုကလည်း တွေ့ချင်လွန်းလို့ တျာလေးကို တမင်မတွေ့တွေ့အောင်လိုက်ရှာနေတာ ဖြစ်မှာပေ့ါ တျာလေးရယ်”

“မမကြည်ပြာ တျာလေးကို အဲလိုပြောတယ်ပေ့ါ ဟုတ်လား ဒီမှာ အဲဒီလူကြီးက မမကြည်ပြာနဲ့ မတိမ်းမယိမ်းဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ကြိုက်ရင်းကြိုက် မမကြည်ပြာကိုပဲ ကြိုက်မှာ မေမေတို့ ဖေဖေတို့ကလည်း မမကြည်ပြာနဲ့ပဲ သဘောတူကြမှာ သိလား ... အဲဒါကြောင့် မြန်မြန်ပြန်ကြပါစို့နော် ... ကိုယ့်အစ်မကို အဲဒီလူကြီးနောက် မပါသွားစေချင်ပါဘူး"

"အေးပါ တျာလေးနဲ့မမကြည်ပြာထဲက တစ်ယောက်ယောက်ဖြစ်ခဲ့ရင်တောင် မမကြည်ပြာနဲ့က ပိုဝေးတယ်သိလား ... ဘာလို့လဲဆိုတာကျတော့ မေမေတို့ မမနည်းတို့ ကိုသာမေးကြည့် မေမေကိုယ်တိုင်ပြောထားတာနော် ကျော်စိုးမိုးက တျာလေးကို သဘောကျနေလို့တဲ့ ... "

"ထို ... "

"တျာလေးက အရမ်းကိုမုန်းတာဆိုရင်ကော ... "

"တဖြည်းဖြည်းနဲ့တော့ အမုန်းတွေလျော့သွားချင်သွားမှာပေါ့ တျာလေးရဲ့ ... "

"မမကြည်ပြာနော် တျာလေးကို မစနဲ့ စိတ်ညစ်ရတဲ့အထဲ သူကလည်း တမျောက် ... "

"တျာလေးက ဘာတွေစိတ်ညစ်နေလို့လဲ ... "





"စိတ်ညစ်တာပေါ့ စာမေးပွဲတွေကလည်း ထွက်တော့မှာ စိတ်ပူတာပေါ့လို့ ... "

"တျာလေးပဲ ဖြေနိုင်တယ်ဆို ဂုဏ်ထူးလေးခုတော့ အနည်းဆုံးပဲဆို ... "

"ဒါကတော့ ကိုယ်တစ်ယောက်တည်း မဟုတ်လို့လေ သူ့အတွက်ပါ ပူနေရလို့ပါ ... "

"ဩော် 'ချစ်' ကိုပြောတာလား ... "

"ဘယ်ကလာ ရန်သူကိုပူတာ ... "

"အောင်မာ လူက လက်တောက်လောက်နဲ့ ရည်းစားထားချင်နေပြီ မဟုတ်လား ... "

"ရည်းစားထားချင်တာ မဟုတ်ဘူး မမကြည်ပြာရဲ့ ရန်သူနဲ့အတူတူ ဆေးကျောင်းတက်ချင်လို့ သိပြီလား ... "

"နင်တော်တော် အတင့်ရဲနေနော် ... မေမေနဲ့တိုင်ပြောလိုက်ရင် ခံသွားရမယ် ... "

"ဘာလို့ခံရမှာလည်း တိုင်ရင်တိုင်ပေါ့ တျာလေးလည်း မမကြည်ပြာကို ပြန်တိုင်မှာပေါ့ ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … မမကြည်ပြာကို မေမေက ကိုမင်းနဲ့ သဘောတူထားပြီးသားပဲဟာ ပြီးတော့ မမကြည်ပြာက အိမ်ထောင်ပြုမယ်ဆိုရင် ပြုလို့ရပြီလေ … "

"ကြွားထားဦးပေါ့ မမကြည်ပြာရေ … "

ဝတ္ထုစာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







စာမေးပွဲအောင်စရင်းတွေ ထွက်တော့ ကြည်ထံတျာနှင့်ရန်သူမျိုးတို့ နှစ်ယောက်စလုံး လေးဘာသာ ဂုဏ်ထူးဖြင့်အောင်မြင်ကြသလို သီရိချစ်နှင့်နေဝင်တို့နှစ်ယောက်က နှစ်ဘာသာ ဂုဏ်ထူးဖြင့်အောင်မြင်ကြပါသည်။

ဒီအချိန်မှာ သူတို့လေးဦးစလုံး ရန်ကုန်တွင်ဆုံမိကြရင်တော့ အကောင်းသား အားလုံးပျော်ကြရတာပေါ့။ ခုတော့ တကွဲတပြားစီ ဖြစ်နေတော့ ပျော်ချင်ပါသော်လည်း လွမ်းသည့်စိတ်လေးက ပို၍စိုးမိုးလို့နေပါသည်။

သူမတွေ့ချင်နေသော ရန်သူမျိုးကို မတွေ့ရဘဲ ကျော်စိုးမိုးဆိုသော လူကိုသာတွေ့တွေ့နေရသဖြင့် ဒေါသတွေက အလိုလို ဖောင်းပွလို့နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မမနည်း ... "

"ဘာလဲ ကျာလေး ... "

"ရန်ကုန်ကို မလွမ်းဘူးလားဟင် ... "

"လွမ်းတာပေါ့ ကျာလေးရယ် ... "

"ကျာလေးတို့ ကျောင်းတွေဖွင့်ရင်တော့ ပြန်ရမှာပေါ့နော် သိပ်တော့ မလိုတော့ပါဘူး ... မကြာခင်ကျောင်းဝင်ခွင့်တင်ရမယ် ... ပြီးတာနဲ့ ကျောင်းကဖွင့်မှာ မမနည်းရဲ့ ဒီတစ်ခါ ရန်ကုန်ကိုပြန်ရောက်ပြီးလို့ကတော့ ဘယ်လိုအကြောင်းနဲ့ ပဲဖြစ်ဖြစ် ဒီကိုပြန်မလာတော့ဘူး ... မေမေတို့ဖေဖေတို့ သားသမီးတွေကို သတိရရင် ရန်ကုန်ကို ဆင်းလာခဲ့ဖို့ပဲ ရှိတယ် ... "

"မမနည်း ... "

"ပြောလေ ကျာလေးရယ် မမနည်းကိုပဲ တစ်ချိန်လုံး တ,တ နေတာ နားငြီးလှပြီ ... "

"မမနည်း နဲ့ အစ်ကိုစန်းမြင့်အကြောင်းကော မေမေ့ကို ပြောပြီးပြီလား ... "

"အေး မမနည်းက မပြောရဲလို့ ကြည်ပြာက ပြောပေးတာ

❧ စောင်ဆက် ❧



ဒေါ်လေးကပြောတော့ ... မမနည်း မေမေ့ကိုတိုင်ပင်ကြည့်တဲ့ မမနည်း မေမေက သဘောတူမယ်ဆိုရင် ... ဒေါ်လေးက မဖျက်ပါဘူးတဲ့ ... "

"ဒါဆို မကြည်ပြာရော မမနည်းပါ အဆင်ပြေသွားကြပြီပေါ့နော် ... "

"ဆိုပါတော့ ... "

"ပျော်စရာကြီးပေါ့နော် ... မမနည်း ပျော်လား ဟင် ... "

"ပျော်တယ်လို့တော့ မဟုတ်ပါဘူး ကျာလေးရယ် ဒါပေမဲ့ မမနည်းက အရွယ်ရောက်လာပြီမို့လား ... ဒီထက်ပိုပြီး အသက်ကြီးလာရင် 'ဟိုင်း' သွားမှာလေ ... ပြီးတော့ ကိုယ့်ဘဝမှာ တစ်သက်လုံး ဒီအတိုင်းကြီးနေသွားတာထက်စာရင် တိုင်ပင်ဖော်တိုင်ပင်ဘက်လေးရှိတော့ ပိုကောင်းတာပေါ့ ကျာလေးရယ် ... "

"ဟုတ်တယ်နော် မမနည်းကကောင်းပါတယ် ... အစ်ကိုစန်းမြင့်က သဘောကောင်းပြီး အရှမ်းရိုးသားတယ်မို့လား ပြီးတော့ ကျာလေးတို့နဲ့ပဲနေနေ အစ်ကိုမင်းမင်းတို့နဲ့ပဲ နေနေ 'မမနည်း' အတွက် အဆင်ပြေမှာပဲလေ ... "

❧ စောင်ဆက် ❧

www.burmeseclassic.com

www.burmeseclassic.com



"မမနည်းနဲ့ တျာလေး ဘာတွေပြောနေကြတာလဲ ... "

"ပျင်းပျင်းရှိတာနဲ့ ကြည်ပြာရယ် မမနည်း အိမ်ထောင်ပြုဖို့ ကိစ္စကို တျာလေးကိုဖွင့်ပြောနေတာ ... "

"စိတ်ချပါ မမနည်းရယ် ကြည်ပြာတို့လက်ထပ်ပြီးတာနဲ့ ချက်ချင်း မမနည်းနဲ့ ကိုစန်းမြင့်ကို ကြည်ပြာကိုယ်တိုင် စီစဉ်ပေးမယ် ... တို့တွေအားလုံး ပြန်ဆုံပြီး ချောင်းသာတုန်းကလို နေ့ရက်လေးတွေကို ပြန်ရရင် အရမ်းကောင်းမှာပဲ နော် တျာလေး ... "

"အရမ်းကောင်းပေါ့ မမကြည်ပြာရယ် ... "

ဝေဝန်စာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







"အရမ်းလှတာပဲ တျာလေးရယ် မမကြည်ပြာမပြောဘူးလား ဒီအပြာရောင်လေးက တျာလေးနဲ့ အရမ်းလိုက်ပါတယ်ဆိုတာလေ ... "

"ဒီနေ့အတွက် အလှဆုံးဖြစ်အောင် ကြည်ထံတျာ ပြင်ဆင်ထားရတာလေ ... တကယ်တော့ သူမ၏အလှအပတွေဟာ ရန်သူမျိုးအတွက်သာ ဖြစ်ရမည်ပေါ့ ... တစ်ယောက်နှင့်တစ်ယောက် မတွေ့ရတာ တစ်နှစ်နီးပါးခန့် ကြာခဲ့ပါပြီ ... ဒီနေ့ကိုတော့ ရန်သူမျိုးတစ်ယောက်မတက်မဖြစ် တက်မှာပါ ... ဒီနေ့ဟာ ဆေးတက္ကသိုလ် ပထမနှစ်ရဲ့ မောင်မယ်သစ်လွင်နေ့လေ ... "

"တျာလေး တော်တော် အူမြူးနေတယ်ပေါ့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်အတိုင်းဝန်ခံရရင် ဟုတ်တယ် ... "

ကြည်ထံတျာ၏အပြောကို သဘောကျစွာနှင့် ကြည်ပြာပြာကော မချွေနည်းပါ ရယ်ချလိုက်ပါသည်။

"တျာလေးရေ ညည်းကိုတို့နှစ်ယောက် ပင်ပန်းခံပြီး ပြင်ဆင်ပေးရတယ်နော် ... ပြန်လာရင် မုန့်ဝယ်ကျွေး ... "

"စိတ်ချ ... "

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် ၄၄၊ ၁၉–လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။







အခမ်းအနားစရန်လိုသေးသဖြင့် ... ကျောင်းသူကျောင်းသားများက ခန်းမအပြင်ဘက်မှ ယောက်ယက်ခတ်လို့နေပါသည်။

အားလုံးကလည်း အလှပဆုံး ဝတ်စားဆင်ယင်ထားသဖြင့် အလှပတို့စုပေါင်းဖွဲ့စည်းရာ နေရာလည်း ဖြစ်နေပါသည်။

ကြည်ထံတျာ တစ်ယောက် တစ်စုံတစ်ယောက်သော သူကိုသာ လိုက်လံရှာဖွေလို့နေပါသည်။

"ရန်သူ ... "

"တျာလေး ... "



www.burmeseclassic.com

www.burmeseclassic.com



"နေနိုင်လိုက်တာ ရှန်သူရယ် ... ငါ့ဆီကိုဘာလို့ အဆက်အသွယ်မလုပ်ရတာလဲ ..."

"နင်ပဲ ငါ့ကိုပြောထားတယ်လေ ... စစ်ကိုင်းသွားမယ်ဆိုပြီး အဲဒီကိုစာလည်း မရေးရဘူးလို့ နင်မှာထားတာမို့လား ..."

"ငါရန်ကုန်ကို 'ဖောင်' တင်ဖို့လာတုန်းကလည်း နင့်ကို ဆက်သွယ်တာပဲ နင်ကပြန်မလာသေးဘူးလေ ..."

"ဟုတ်ပါရဲ့ဟယ် ... ငါတို့နှစ်ယောက်က တွေ့ခွင့်မရအောင်ပဲ လွဲလွဲနေကြတယ်နော် ..."

"ငါ စစ်ကိုင်းက ပြန်လာတော့ နင်ကဖောင်တင်ပြီးလို့ ပြန်သွားပြီလေ တကယ်ဆိုနင် တစ်ရက်နှစ်ရက်လောက် စောင့်နေရင်ပြီးရော ... ရှန်သူရယ် ..."

"ငါ့အမေနဲ့လာတာဟဲ့ အမေက အလုပ်ရှိတော့ အချိန်သိပ်မပေးနိုင်ဘူးလေ ဒါကြောင့် ချက်ချင်းပြန်သွားရတာ ..."

"ဒါတွေ ပြောမနေကြပါနဲ့တော့ တျာလေးရယ် တို့အခုတွေ့ရပြီဆိုတော့ ပျော်စရာကြီးလို့ပဲ သဘောထားလိုက်ပါတော့နော် ..."

"နေဝင်တစ်ယောက်ကော မရောက်သေးဘူးလား ... ချစ်





ကတော့ ဒီနေ့ရောက်မယ် ..."

"နေဝင်မနေ့ကရောက်ပြီ တျာလေး ဒီကောင်က တို့နဲ့အတူ ဆေးကျောင်းတက်ချင်နေတာလေ ခုတော့ စိတ်မာတ်နည်းနည်းကျနေတာပေါ့ ..."

"တော်သေးတာပေါ့ဟယ် သူနဲ့ချစ်က U.F.L မှာ တက်ကြမယ်ဆိုတော့ သူတို့နှစ်ယောက် အဖော်ရတာပေါ့နော် "

"နင်အရမ်းလှနေတယ် တျာလေး ..."

"နင်ရောပဲ တကယ့်ယောကျ်ားကြီးတစ်ယောက်လို ကျားကျားလျားလျားနဲ့ အရမ်းကြည့်ကောင်းနေတာပဲ"

"အခမ်းအနားပြီးရင် နင်ဒီနားကစောင့်နေနော် ... တို့အတူတူပြန်ကြမယ် ... ခုဆို ချစ်တစ်ယောက်လည်း အိမ်ကိုရောက်နေပြီထင်တာပဲ ..."


ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ထင်တာများ ပေးပို့လိုပါလျှင်
အမှတ် ၅၅၊ ၁၉-လမ်း၊ လသာမြို့နယ် သို့
ရေးသားပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com











ကြည်ထံတျာနှင့် ရန်သူတို့နှစ်ယောက် ကားဆီကို အရောက်မှာတော့ လာကြိုနေကြသော မင်းမောင်မောင် မမကြည်ပြာတို့နှင့်အတူ ကားနောက်ခန်းတွင် နေဝင်နှင့်သီရိချစ်တို့ ပါလာကြပါသည်။

ကြည်ထံတျာနှင့်ရန်သူမျိုးတို့နှစ်ယောက်ကို လှလှပပလေးနှင့် မြင်တွေ့လိုက်ရသည်မို့ သီရိချစ်ခမျာ ငိုရှာပါတော့သည်။

"ငါနင်တို့ကို အရမ်းအားကျတာပဲ တျာလေးရယ် … တကယ်ဆို တို့နှစ်ယောက်ပါ ဒီကျောင်းမှာ တက်ခွင့်ရရင် ဘယ်လောက်ပျော်စရာကောင်းလိုက်မလဲနော် … "

"မငိုပါနဲ့ ချစ်ရယ် … ငါနဲ့ ရန်သူလည်း နင်နဲ့နေဝင်အတွက် စိတ်မကောင်းဖြစ်ရတာပါပဲ … "

"ဝမ်းနည်းစရာကို ပျော်စရာနဲ့ပဲ နှစ်သိမ့်လိုက်ပါတော့ ချစ်ရယ်နော် … နင်နဲ့နေဝင် ကျောင်းတူတူတက်ရတာလည်း ပျော်စရာပါပဲနော် … နေဝင်အိမ်ရောက်ရင် 'ချစ်'ကို နင့်မှာရှိတဲ့အင်အားတွေနဲ့ ကျေနပ်အောင်နှစ်သိမ့်ပေးလိုက်ပါဟယ်"



www.burmeseclassic.com

www.burmeseclassic.com



"တို့အားလုံး ဒီမှာဆုံဆည်းခွင့်ရတာဟာ ကံတရားရဲ့ထူးခြားမှုလို့ပဲ ခေါ်ရမှာပေါ့နော် ... "

"အခု ဘယ်ကိုသွားမှာလဲဟင် ကိုကိုမင်း ... "

"အိမ်ကိုပြန်မှာဆို ... "

"ဟုတ်တယ်လေ ကျောလေးရဲ့ အိမ်မှာ မမနည်းနဲ့ အတူချက်ဖို့ပြုတ်ဖို့ ကိုစန်းမြင့်ကိုပါ ပို့ထားခဲ့ပြီးပြီ ... တို့တွေ ထမင်းလက်ဆုံစားကြတာပေါ့နော် ... "

"ကောင်းလိုက်တဲ့ အစီအစဉ် ဒီထက်ကောင်းတာ ဘာမှမရှိတော့ဘူး ... "

ကားထဲတွင်ရှိသော လူသားအားလုံး ပျော်ရွှင်မှုတွေဖြင့် ရှိနေသလို အိမ်တွင်ကျန်ရစ်ခဲ့သော မဆွေနည်းနှင့်ကိုစန်းမြင့်တို့နှစ်ယောက်လည်း ပျော်နေမည်သာ ဖြစ်ပါတော့သည်။

မြဘုန်းလူလူ(ဆေးတက္ကသိုလ်)

စောနာစာပေ

www.burmeseclassic.com